www.burmeseclassic.com



www.burmeseclassic.com



# ဖယ်ဖင်းဘုံ



ငွေတောင်ပြည်က
မြို့သူ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခ-(၁)

ညိုချောသည် ကိုယ့်အရှေ့နှင့်အနောက်မှာ ဝိုင်းထားသော ဂျစ်ပစီဆန်ဆန် ကောင်လေးကောင်ကို မထိတရိစိုက်ကြည့်ကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။ ဒီကောင်တွေကို ညိုချော ကြည့်မရတာကြာပြီ။ ဒီနေ့တော့ အပြတ်ဖြတ်ရမည်။

ဂျစ်ပစီကောင် လေးကောင်ထဲက တစ်ကောင်သည် သူ့နားသို့ ချဉ်းကပ်လာကာ ဇက်ကြောတွေချိုးလိုက်ရင်း သူ့ကို ရန်စသလို အပြုံးမျိုးနှင့်ကြည့်ကာ မထင်မှတ်ထားချိန်တွင် သူ့ဘေးက တစ်ယောက်က ညိုချော၏မေးရိုးကို အားပါးတရကို ထိုးလိုက်လေသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သူက ရုတ်တရက်မို့ ဘယ်လိုမှရှောင်လို့မရတော့ဘဲ တစ်ဖက်သို့ ယိုင်ခနဲဖြစ်သွားလျှင် ဂျစ်ပစီကောင်တွေက သူ့ရဲ့ ဖရိုဖရဲ ဖြစ်သွားမှုအတွက် သဘောကျစွာ ရယ်မောကြလေသည်။ သူကလည်း မေးရိုးက ပူခနဲဖြစ်သွားသည့်ဒဏ်ကြောင့် ဒီကောင်တွေရဲ့ ရယ်မောမှုကို ချက်ချင်းမတုံ့ပြန်နိုင်သေးဘဲ ခဏမှေးနေပြီးမှ ပါးပျဉ်းထောင်ထလာသည့် မြွေတစ်ကောင်လို ဆတ်ခနဲ ကောက်ထကာ တိုက်စစ်ပြန်ဆင်ရသည်။

လေးယောက်တစ်ယောက် ဖြစ်နေသည့်အတွက် သူက မျက်စိစုံမှိတ်ကာ အသေအကြေ ချရလေသည်။ သူတို့ရဲ့ ရုန်းရင်းဆန်ခတ် ရန်ဖြစ်ပွဲဟာ အသားကုန်ထိုးကြကြိတ်ကြဖြစ်နေချိန်မှာ လူတစ်စုက သူတို့တစ်တွေကို ဝင်ဆွဲကာ အဲဒီကတာဝန်ရှိသူ လူကြီးတစ်ယောက်က ...

"ဟော့ ... မင်းတို့ တော်ကြစမ်း၊ အားလုံး ငါတို့နဲ့လိုက်ခဲ့။ ဆရာတို့ သူတို့ကို ခေါ်လာခဲ့ပါ"

အဲဒီလိုနှင့် ညိုချောနှင့် ဂျစ်ပစီလေးကောင်သည် ယက်ကန် ယက်ကန်ဖြင့် ရပ်ကွက်ရုံးကို ရောက်သွားရတော့





သည်။ ဂျစ်ပစီလေးကောင်ကတော့ သူတို့အုပ်ထိန်းသူတွေက ခံဝန်ထိုးပြီး ပြန်ခေါ်သွားပေမယ့် သူကတော့ ဒဏ်ရာဗရပွဖြင့် ရုံးမှာထိုင်စောင့်နေရသည်။ ကြည့်ရတာ အဖေ ဒေါသပုန်ထပြီး မလာသေးတာဖြစ်မည်။

သူကလည်း သူပဲလေ ... သူ့မိဘတွေဟာ ရိုးရိုးသားသား၊ ကြိုးကြိုးစားစားနှင့် ခြံစိုက်စားသော လူရိုးတွေဖြစ်ပါလျက် သူ့ကျမှ တစ်မိပေါက် တစ်ယောက်ထွန်း။ ရန်ပွဲတိုင်းမှာ ကိုယ်နှင့်ဆိုင်ဆိုင် မဆိုင်ဆိုင် မျက်စိစပါးမွေးစူးရင် ဝင်ရွဲတတ်သူ၊ ထစ်ခနဲဆို လက်ပါတတ်သူ စသဖြင့် ဂုဏ်သတင်းကျော်ဇောမှုများစွာဖြင့် မိဘမျက်နှာ အိုးမဲသုတ်နေသူ ဖြစ်ပါသည်။ သူ့ကြောင့်မို့ အဖေနှင့်အမေဟာ ရုံးရောက် ဂတ်ရောက် ရောက်ရပေါင်းလည်း မနည်းတော့ပေ။

"ကျွန်တော် မောင်ညိုချောရဲ့ အုပ်ထိန်းသူပါ"

သူဟာ အသံကြား၍ ဆတ်ခနဲ ခေါင်းထောင်ကြည့်လျှင် သူ့ကို အာမခံလာပေးသူက ဘကြီးထွန်း ဖြစ်သည်။ သူက ခပ်မှောင်မှောင်မျက်နှာဖြင့် ဘကြီးထွန်း ဘေးဝင်ထိုင်ကာ ဥက္ကဋ္ဌ



www.burmeseclassic.com

www.burmeseclassic.com



ကြီးရှေ့မှောက်မှာ ခံဝန်ထိုးဖို့ရန်အတွက် ဥက္ကဋ္ဌရဲ့သြဝါဒကို တစ်သီတစ်တန်း နားထောင်ရလေသည်။

"ညိုချော ... မင်း မမိုက်စမ်းပါနဲ့။ မင်းကြောင့် တစ်နေ့တစ်နေ့ စိတ်ဆင်းရဲနေရတဲ့ မင်းမိဘနဲ့ မင်းဘကြီးကိုလည်း ငဲ့ဦး၊ သူတို့မှာ တစ်သက်လုံး အေးအေးချမ်းချမ်းနဲ့နေလာကြတာ၊ မင်းနဲ့ကျမှ ဒီနေရာတွေ ရောက်ရ။ ဖြေရှင်းရ၊ တောင်းပန်ရနဲ့။ မင်း' လိမ္မာစမ်းပါ ညိုချောရယ်"

"ဟုတ်ကဲ့ပါ ဥက္ကဋ္ဌ၊ နောက် ဒီလိုမဖြစ်စေရပါဘူး"

သူ့ရဲ့ကတိပေးမှုတင် မလုံလောက်သေး။ ဘကြီးထွန်းကပါ သူ့ဘက်က ရှေ့နေလိုက်ပြီး ဝင်ပြောပေးလေသည်။

"စိတ်ချပါ ဥက္ကဋ္ဌကြီး။ သားကို ကျွန်တော်တို့ ဆုံးမပါမယ်၊ နောက်လည်း ဒီလိုမဖြစ်စေရပါဘူး။ ကျွန်တော် အာမခံပါတယ်ခင်ဗျာ"

"ပြီးတာပဲလေ၊ ကဲ ... မောင်ညိုချောကို ခေါ်သွားလို့ ရပါပြီ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်ခင်ဗျ"





ဘကြီးထွန်းနှင့် သူဟာ ရပ်ကွက်ရုံးကနေ ပြန်ထွက်လာကာ အိမ်သို့ပဲ တန်းမတ်စွာ ပြန်ခဲ့လေတော့သည်။ သူက လမ်းမှာ ဘကြီးထွန်းကို အဖေ့အခြေအနေ မေးရသေးသည်။

"ဘကြီးထွန်း ... အဖေ ကျွန်တော့်ကို ဘာပြောသေးလဲ"

"မင်းကလည်း မင်းပဲ သားလေး၊ မင့်အဖေမှာ ဒေါသတွေကိုထွက်လို့။ အိမ်ရောက်ရင်ဖလည်း အချိုးပြေပြေ နေဦးနော်၊ ကြားလား"

သူက ခေါင်းသာညိတ်ပြလိုက်တော့သည်။ အဖေကတော့ သူ့ကို ဆူဦးမည်၊ အခန့်မသင့်ရင် ရွှေကြိမ်လုံးနှင့် ဆော်ပလော်တီးခံရဦးမှာဖြစ်၏။ သူ အိမ်ရောက်သောအခါမှာတော့ အဖေက ခြံဝမှာကတည်းက ခါးကြီးထောက်ကာ မီးဝင်းဝင်းတောက်မျက်လုံးတို့ဖြင့် ဆီးကြို့နှုတ်ဆက်နေလေသည်။

သူက အဖေ့ကို ဟဲခနဲ မျက်နှာချိုသွေးကာ ခေါင်းညွတ် အရိုအသေပြု၍ အိမ်ထဲဝင်ဟန်ပြုလျှင် အဖေက အသံဝါဝါကြီးဖြင့် သူ့ကို လှမ်းဟိန်းဟောက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညိုချော … မင်း အဲဒီမှာရပ်နေစမ်း။ မင်းအပြစ် မင်းသိတယ်မှလား"

သူက မျက်နှာကြီးတစ်ခုလုံးကို ရှုံ့မဲ့ကာ အဖေ့ဘက်သို့ လှည့်လိုက်လျှင် အဖေက မျက်နှာကြီးစူတင်း၍ သူ့ကိုအော်လေတော့သည်။

"မင်း ဘယ်လိုကောင်လဲကွ၊ ငါက ရန်မဖြစ်ပါနဲ့လို့ ဒီလောက်ပြောထားရက်သားနဲ့ ငါ့ကို ကလန်ကဆန်လုပ်တာလား ဟေ"

"မဟုတ်ရပါဘူး အဖေရာ၊ ကျွန်တော် အဖေ့စကားနားထောင်ပါတယ်၊ ဒါပေမဲ့ ရင်ထွေးတို့အုပ်စုက ကျွန်တော့်ကို လာရန်စတာကိုး ဗျ"

"တိတ်စမ်း … မင်း ငါလုပ်ရင် သေတော့မယ်"

သူ့အဖေက သူ့ကိုရိုက်တော့မည့်ဟန် လက်ရွယ်လျှင် သူက မျက်စိကိုမှိတ်ကာ ဖက်ပုနေလိုက်စဉ် ကြားရတဲ့အသံကြီးကြီးတစ်ခုကြောင့် သူ အားတက်သွားရပါသည်။

"ဟေး … ဒီသားအဖ ဘာဖြစ်နေကြတာတုန်း"





"ဩော် … ဆရာကြီးပါလား"

ညိုချောသည် လှစ်ခနဲပင် အဖေ့ရှေ့ကနေ အမြန်လစ်၍ ဆရာကြီးနောက်မှာ အကာအကွယ်သဘောမျိုးဖြင့် ရပ်နေလိုက်သည်။ သူတို့အထက်တန်းကျောင်းရဲ့ ကျောင်းအုပ်ဆရာကြီးဟာ သူ့ကိုဆို ချစ်ခင်ရင်းနှီးနေသဖြင့် သူ ဆယ်တန်းဖြေပြီးသွားသော်လည်း အိမ်ကို ရံဖန်ရံခါ လာလေ့ရှိသည်။ သူ့ရဲ့မဟုတ်မခံသတ္တိကို သဘောကျသော ဆရာကြီးက အဖေနှင့် သူ့ကြားပြဿနာတက်ပြီဆို သူ့ဘက်က ဝင်ကာပေးတတ်သူဖြစ်၏။

သူကလည်း ဆရာကြီးကိုဆို အရမ်းချစ်ခင်လေးစားရပါသည်။ ဆရာကြီး၏ ဖြောင့်မတ်လှသော ပညာဂုဏ်နှင့် မြို့မျက်နှာဖုံးအဖြစ် ကိုကျိုတက် ကြွယ်ဝချမ်းသာတာတောင် မာန်မာနစိုးစဉ်းမျှမရှိဘဲ သူတို့လို သာမန်လူတန်းစားတွေနှင့်လည်း ရောနှောပေါင်းသင်းတတ်သောကြောင့်၊ ဆရာကြီးကိုဆို သူတို့တစ်မြို့လုံးက ချစ်ခင်ကြပါသည်။ အခုလည်း ဆရာကြီး သူတို့ဆီလာတာ ဘာများကိစ္စအထွေအထူး ရှိလို့များပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ညိုချောတို့သားအဖသည် ဆရာကြီးကို ဧည့်ခန်းထဲသို့ ဖိတ်ခေါ်ကာ လက်ဖက်ရည်ဖြင့် ဧည့်ခံပြီး အဖေနှင့်စကားစမြည်ပြောနေတုန်း သူက မျက်နှာသွားသစ်ကာ ဒဏ်ရာတွေကို ကျပ်ထုပ်ထိုးပြီး ဧည့်ခန်းဆီသို့ ပြန်ထွက်လာလျှင်တော့ အဖေက သူ့ကိုမြင်ရသလို မျက်နှာဖြင့်ဆီးကြိုကာ ...

"သား ... ညိုချော လာထိုင်ဦး"

သူက ကျပ်ထုပ်ထိုးရင်းက အဖေ့ဘေးမှာ ဝင်ထိုင်လေသည်။ အဖေက သူ့ပခုံးကိုပုတ်ရင်း ဆရာကြီးဆီမေးဆက်ပြ၍ ...

"ကဲ ... ညိုချော။ ဆရာကြီး ပြောတာကို နားထောင်လိုက်ဦး"

ညိုချောသည် အဖေ့စကားကြောင့် သူ့မျက်နှာက ဒဏ်ရာတွေကို ရေနွေးကျပ်ထုပ်ထိုးရာမှ ရပ်လိုက်ပြီး ခါးကို ခပ်မတ်မတ်ထိုင်ကာ ...

"ဟုတ်ကဲ့ ... ပြောပါ ဆရာကြီး"





ဆရာကြီးက သူ့ကိုပြောဖို့ရန်အတွက် တစ်ချက်အကဲခတ်ကာ လည်းချောင်းရှင်းဟန်ဖြင့် ချောင်းတစ်ချက်ဟန့်လိုက်ပြီးမှ ...

"ဒီလိုပါ ညိုချော။ ဆရာ့အနေနဲ့ ပြောရမှာ အားတော့နာတယ်၊ ဒါပေမဲ့လည်း ဆရာအားအကိုးဆုံးနဲ့ အယုံကြည်ရဆုံး လူကလည်း မောင်ညိုချောတစ်ယောက်ပဲ ရှိလို့ပါ"

ဆရာကြီးက သူအားနာရလောက်အောင် စကားပလ္လင်တွေခံနေလျှင် သူက ဘာများပါလိမ့်ဆိုပြီး သိချင်စိတ်ဖြင့် ဆရာကြီးကို မေးရလေသည်။

"ဟို ... ကျွန်တော့်ကို အားမနာပါနဲ့ ဆရာကြီး။ ပြောပါခင်ဗျ"

ဆရာကြီးက ချီတုံချတုံ ဖြစ်နေဟန်ဖြင့် တစ်ချက်စဉ်းစားပြီးမှ ဖြည်းဖြည်းမှန်မှန် လေသံဖြင့် ပြောလေသည်။

"မောင်ညိုချောက အခုဆို ကျောင်းလည်းပြီးပြီ၊ မကြာခင်မှာ ဘွဲ့ယူရတော့မယ်။ အဲဒီတော့ မောင်ညိုချော ရှေ့ဆက်ပြီး ဘာတွေလုပ်မယ် စိတ်ကူးထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက အူတိအူကြောင်ပုံစံဖြင့် ခေါင်းကိုတစ်ချက်ကုတ်ကာ စဉ်းစားလိုက်မိသည်။ ဆရာကြီးမေးတော့မှ သူတွေးမိသွားသည်။ ဟုတ်တာပေါ့ ... သိပ်မကြာခင်မှာပဲ BA(English) ဆိုတဲ့ ဘွဲ့တစ်ခုကို သူ ပိုင်ဆိုင်ရတော့မည်။ ဘွဲ့ရပြီးလျှင် သူ ဘာလုပ်ရမည်နည်း။ သူက သိပ်ပြီး တွေတွေထူးထူး စဉ်းစားလို့မနေတော့ဘဲ သူ့ရင်ထဲမှာ ရှိတဲ့အတိုင်း အဖြေပေးလိုက်လေသည်။

"ဒီရွာလေးမှာပဲ အဖေ့လုပ်ငန်းတွေကို ဝိုင်းလုပ်မှာပေါ့ ဆရာကြီးရဲ့၊ အဖေနဲ့အမေအတွက် အားကိုးစရာက ကျွန်တော်ပဲ ရှိတာလေ"

"ဟုတ်ပါပြီ ... အဲဒီစိတ်ကို ဆရာ အရမ်းသဘောကျပါတယ်၊ ဒါပေမဲ့ ဒီနေရာလေးမှာပဲ မောင်ညိုချောရဲ့အချိန်တွေကို အကုန်ခံမလို့လား၊ မောင်ညိုချောဟာ စာတော်ပြီး ထူးချွန်တဲ့ကလေးပါ။ ဆရာကြီးက အဲဒါကို မြေတောင်မြှောက်ပေးချင်တယ်"

"ခင်ဗျာ"





သူက ယောင်အအဖြင့် ဆရာကြီးကို ပြူးပြီးကြည့်နေလျှင် အဖေက ဆရာကြီးရဲ့ဆိုလိုချက်ကို အဓိပ္ပာယ်ပြန်ဖွင့်ပေးပါသည်။

"ဒီလိုသားရ ဆရာကြီးက မင်းကို ရန်ကုန်မှာစီးပွားရေးနဲ့ ပတ်သက်ပြီး သင်တန်းတက်ခိုင်းမလို့တဲ့"

"မောင်ညိုချောကို ရန်ကုန်မှာ Management သင်တန်းတက်ခိုင်းမလို့ပါ၊ ဆရာ့သမီးနဲ့ အတူတူပေါ့"

ညိုချောသည် ရုတ်တရက်ဆိုတော့ ဘာပြောရမှန်းတောင် မသိတော့ချေ။ ရန်ကုန်လို မြို့ကြီးပြကြီးမှာ သူက အဲဒီသင်တန်းကို သွားတက်ပြီး အဲဒီအတတ်ပညာ တတ်လာတော့ကော ဘာသွားလုပ်ရမှာတုန်း။

"မတက်ချင်ပါဘူး ဆရာကြီးရာ ... ကျွန်တော်က Management တက်လို့ကော ဘာအသုံးချလို့ ရမှာမလို့လဲ"

"မင်းဘဝလည်း ဒီ့ထက်တိုးတက်ဖို့ အခွင့်အလမ်းရှိသလို ဆရာကြီးကိုလည်း ကူညီပေးရာ ရောက်လို့ပေါ့ မောင်ညိုချောရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ဘယ်လို ဆရာကြီး"

သူက နားမလည်ဟန် ဆရာကြီးကို အမေးပြုလျှင် ဆရာကြီးက ပြုံးမြမြမျက်နှာဖြင့် ...

"မောင်ညိုချော ... ဆရာ့သမီး အမ်ဘိုကို သိတယ်မို့လား"

"ဟုတ်ကဲ့ ... သိပါတယ် ဆရာကြီး။ ပင်းတယမှာနေတဲ့ တစ်ယောက်မလား"

"ဟုတ်တယ် ညိုချော။ အမ်ဘိုက ပင်းတယမှာ သူ့အဘွားနဲ့ အတူနေတာလေ၊ တစ်ဦးတည်းသောမြေးဆိုတော့လည်း သူ့အဘိုးအဘွားတွေက သည်းသည်းလှုပ်ပေါ့။ အဲ ...တစ်နေ့တော့ အမ်ဘိုကို ဘယ်သူက မျက်စိစပါးမွေးစူးသလဲ မသိဘူး ...

အမ်ဘိုက နေ့စဉ်လိုလို နှောင့်ယှက်ခြင်း ခံနေရတယ်။ သူ့သူငယ်ချင်းနဲ့ သူက ရန်ကုန်မှာ **management** သင်တန်းကလည်း သွားတက်ရတော့မယ်။ ဆိုတော့ ... မောင်ညိုချောရယ်။ ဆရာ့သမီးကို စောင့်ရှောက်ကာကွယ်ပေးဖို့အတွက် **bodyguard** သဘောမျိုး စိတ်ချရတဲ့လူတစ်ယောက် လိုနေတယ် ...





အမ်ဘိုက သူ့အမေဘက်က အဘိုးအဘွားဆီကတင် အမွေတော်တော်များများ ရထားတယ် ညိုချော။ သမီးရဲ့ဥစ္စာကြွယ်ဝမှုတွေက သူ့အတွက် အန္တရာယ်ဖြစ်လာနိုင်တဲ့အတွက် ဆရာက မောင်ညိုချောကို အကူအညီတောင်းရတာပါ။ မောင်ညိုချောက ဆရာ့ရဲ့သမီးလေးကို ကိုယ့်နှမလေးလို သဘောထားပြီး စောင့်ရှောက်ရင်း သူနဲ့ အတူ သင်တန်းတက်ပေးဖို့ပါ ...

ဆရာ့ကို ကူညီပါ သားရယ်"

ညိုချောသည် ဆရာ့ရဲ့တောင်းဆိုချက်ကို ဘာပြောလို့ ပြောရမှန်းတောင် မသိတော့ချေ။ သူက ဆရာကြီးသမီးရဲ့ ဘော်ဒီဂတ်လုပ်ပေးပြီး အတူတူ သင်တန်းတက်ရမယ်တဲ့။ ဆရာကြီးက သူ့ကို ဘာလို့များ ဘော်ဒီဂတ်ခန့်ဖို့ ရွေးရပါသလဲ။ သူ့အဖေကတော့ အရမ်းပျော်ရွှင်နေပုံရသည်။

"ငါ့သား ... မင်းဘဝတိုးတက်ဖို့အတွက် မင်းလက်ခံသင့်တယ်။ အဖေတို့က ပညာမတတ်ခဲ့တော့ ငါ့သားကိုပညာမှန်သမျှ တတ်စေချင်တယ်၊ ပြီးတော့ သားကို စာသင်ပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကျေးဇူးရှင်သမီးလေးရဲ့ အန္တရာယ်ကို စောင့်ရှောက် ကာကွယ်ပေးတာဟာ ဂုဏ်ယူစရာပါ သားရယ်"

"ကူညီပေးပါ မောင်ညိုချောရယ်။ မောင်ညိုချောရဲ့ကိုယ်ကျင့်တရား၊ သတ္တိ၊ ထူးချွန်မှုတွေကြောင့် ဆရာ့သမီးအတွက် အားကိုးပါတယ် ...

မောင်ညိုချောအတွက် ဘော်ဒီဂတ်ဆိုပြီး အထူးတလည် လုပ်စရာမလိုပါဘူး။ သမီးနဲ့တန်းတူ ပညာသင်ရမယ်။ နေရေးစားရေးအတွက်လည်း ပူစရာမလိုဘူး။ ရန်ကုန်မှာ ဆရာတို့ဘိုးဘွားပိုင်ခြံနဲ့အိမ် ရှိတယ်၊ အဲဒီမှာ အမ်ဘုံရဲ့ဦးလေးလင်မယားနေတယ်။ ဆွေနီးမျိုးစပ် စိတ်ချရတဲ့ သူတွေပေါ့ကွာ။ မောင်ညိုချောအတွက် ဘာမှပူစရာမလိုဘူး၊ သမီးနဲ့လည်း သူငယ်ချင်းလိုပဲ ခင်ခင်မင်မင်ပေါ့။ ပြောစရာရှိတာပြော။ မောင်ညိုချောကို ဆရာက ကျောင်းထားပေးမယ့်အပြင် မောင်ညိုချောကို ဆရာ့သမီးရဲ့သက်တော်စောင့်လုပ်ပေးတဲ့အတွက် တစ်လကို တစ်သိန်းပေးမယ်"





တစ်သိန်းတဲ့။ သူဟာ အဖေနှင့်အမေ ပြီးတော့ ဘကြီးထွန်း သူတို့အားလုံးကို သူ့ရဲ့လုပ်အားခလေးနှင့် ကန်တော့ချင်လှသည်။ ပြီးတော့ သူ့ဘဝအတွက်လည်း စီးပွားစီမံသင်တန်းတက်ခြင်းအားဖြင့် အာမခံချက်တစ်ခု ရနိုင်မည်။ ဒါပေမဲ့ သူဟာ ဒီရွာလေးနှင့် မိသားစုကို အကြာကြီးခွဲနိုင်ပါ့မလား။

"မောင်ညိုချော ... ဆရာ့ကို ကူညီမယ်မှလားဟင်"

"ကျွန်တော် စဉ်းစားပါရစေဦး ဆရာကြီး"

"ကောင်းပါပြီ မောင်ညိုချော၊ ဆရာ စောင့်နေပါ့မယ်။ သမီးလေးရဲ့အသက်အန္တရာယ်ကို ကာကွယ်ပေးမယ့်သူဟာ မောင်ညိုချောကလွဲပြီး ဘယ်သူမှ မဖြစ်နိုင်ပါဘူး။ ဆရာ့သမီးလေးလည်း ဒီမြို့ကိုရောက်နေတယ်။ သူကလည်း မောင်ညိုချောကို လက်ခံပါတယ်"

ညိုချောသည် မြို့ပေါ်က လုံးချင်းတိုက်ကြီးမှာ ရောက်နေပြီဖြစ်သော သူ့ကျေးဇူးရှင်ဆရာကြီးရဲ့သမီးကို ကာကွယ်စောင့်ရှောက်ပေးရမယ့် ဘော်ဒီဂတ်အဖြစ် လက်ခံသင့် လက်မခံသင့်ကို အထူးစဉ်းစားရပေမည်။ သူ့အနေဖြင့် ဆရာကြီးရဲ့ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



ကို သိတတ်သူအဖြစ် ဒီအလုပ်ကို လက်ခံသင့်သလို၊ မိသားစုနှင့် ဒီမြို့ ဒီရွာလေးကို မခွဲနိုင်တာကြောင့် ဒီအလုပ်ကို လက်မခံသင့်ဘူး ဆိုတဲ့ ဒွိဟစိတ်နှင့်အတူ ညိုချောသည် သူမရဲ့သက်တောင်စောင့် ဖြစ်ဖို့ရာအတွက် အမေနှင့် ဘကြီးထွန်းဆီက ဆန္ဒကို မေးကြည့်ရပါဦးမည်။ အဖေကတော့ သူ့ကို အရမ်းတိုက်တွန်းနေတယ်ဆိုကတည်းက သူ့အဖေဟာ သူ့ကို သူမရဲ့သက်တောင်စောင့် ဖြစ်စေချင်မှန်း သိပ်သိသာလှပါသည်။

✧ ❦ ✧





## ၁၀ - (၂)

"အမ်ဘုံ ... အမ်ဘုံရေ ... ရှင့်ကိုစောင့်ရှောက်မယ့် ဘော်ဒီဂတ် ရောက်နေပြီတဲ့"

အမ်ဘုံသည် ခြံအနောက်ဘက်က ပန်းပင်တွေကို ရေလောင်းနေရင်းမှ ဆန္ဒရဲ့တက်ကြွစွာ အော်ဟစ်လာသောအသံကြောင့် ရေလောင်းနေတာကို ခဏရပ်၍ ဆန္ဒကိုလှည့်ကြည့်လိုက်ပြီး မေးဆတ်ပြကာ ...

"ဘာတုန်း ... ဘော်ဒီဂတ်က ကောင်းကင်ပေါ်က ပြုတ်ကျလာလို့လား ဒေါ်ဆန္ဒ"

"ဟုတ်ပ ... ကောင်းကင်ပေါ်က ပြုတ်ကျလာတဲ့ ဘော်ဒီဂတ်မျိုး အမ်ဘုံရေ ... ချောတယ်ဟဲ့။ အခု ဧည့်ခန်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးနဲ့ စကားပြောနေတယ်၊ လာ ... သွားကြည့်ရအောင်"

ဆန္ဒက အမ်ဘုံရဲ့လက်ကို ဆတ်ခနဲဆွဲကာ အပြေးအလွှားပင် နောက်ဖေးပေါက်ကနေ အိမ်ထဲသို့ ခပ်သွက်သွက်ဝင်လာလေသည်။ ဧည့်ခန်းထဲသို့ မဝင်သေးဘဲ နံရံအကွယ်ကနေ cover ယူ၍ အမ်ဘုံနှင့် ဆန္ဒသည် ဘော်ဒီဂတ်ဆိုသူကို ချောင်းကြည့်နေမိသည်။

"နေဦး ... ငါ အရင်ကြည့်မယ်"

အမ်ဘုံက ဆန္ဒကို ဖယ်ခိုင်းကာ နံရံဘေးကတံခါးပေါင်ကို အကွယ်ပြု၍ ခေါင်းတစ်ခုပဲ ပြူထွက်ကာ သူ့ကိုမိုးပြီး ချောင်းကြည့်မိလေသည်။

"အဲဒါ ဘော်ဒီဂတ်ထင်တယ်၊ ဒါပေမဲ့ မျက်နှာမမြင်ရသေးဘူး"

အမ်ဘုံသည် သူ့ရဲ့ကျောခိုင်းထိုင်နေသည့်ပုံစံကို ပြုံးတူးပြံတဲ ချောင်းကြည့်နေတာကို ဖေဖေက ဆတ်ခနဲမြင်သွား၍ လန့်သွားပြီး နောက်ပြန်ဆုတ်ကာ ဆန္ဒကို တွန်းပို့ပြီးကြည့်





ခိုင်းစေသည်။ အဲဒီအခိုက်အတန့်မှာပင် ဖေဖေက မိတ်ဆက်ပေးချင်သည့် သဘောဖြင့် ဘော်ဒီဂတ်ကို လှမ်းမိတ်ဆက်ပေးလေသည်။

"မောင်ညိုရျော ... နောက်လှည့်ကြည့်လိုက်။ အဲဒါ ဆရာ့သမီး အမ်ဘုံလေ"

အမ်ဘုံကလည်း ဆန္ဒကို ရှေ့သို့တွန်းအပို့မှာပဲ သူ့အလှည့်နှင့် သွားဆုံတော့ ဆန္ဒကို အမ်ဘုံ အထင်နှင့် သူကရယ်ပြုံးတ်ဆက်လေသည်။ ဆန္ဒကတော့ အူကြောင်ကြောင်ဖြင့် သူ့ကိုပြန်ပြုံးပြလေသည်။ ပြီးတာနှင့် ဆန္ဒက အမ်ဘုံ့ဘက်သို့လှည့်ကာ ...

"အမ်ဘုံ ... ဘော်ဒီဂတ်က ငါ့ကို နင် ထင်သွားပြီဟဲ့"

"နေပစေ ... ထားလိုက် ... ထားလိုက်"

အမ်ဘုံသည် အဲဒီဘော်ဒီဂတ်ကို စမ်းသပ်သည့်သဘောပါအောင် တွေးကြည့်လိုက်လျှင်တော့ ဘေးကစားပွဲပေါ်မှာ ဖိုးသားဆော့ဖို့ တင်ထားသည့် ကော်ကျည်ဆန်ထည့်ထားသည့် သေနတ်ကလေးကို ပြေးမြင်လေသည်။ အမ်ဘုံသည်



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ အဲဒီသေနတ်ကို ကောက်ယူကာ တံခါးပေါက်အကွယ် ကနေ ချိန်နေတာကို ဆန္ဒက နားမလည်ဟန်ဖြင့် အမ်ဘုံ့ကိုလှမ်း မေးလေသည်။

"ဟဲ့ ... အမ်ဘုံ ဘာလုပ်ဖို့လဲ"

"ဘော်ဒီဂတ်ကို test လုပ်မလို့လေ၊ နင် ငြိမ်ငြိမ်နေစမ်း ပါ"

အမ်ဘုံသည် သူ့ရဲ့ကျောပြင်ဆီသို့ ချိန်ရွယ်ကာ လက်ညှိုးကို ကွေးချလိုက်လျှင်တော့ သူကလည်း ကိုယ်ကိုအလှည့် အားလုံးနေရာလွဲကာ ဖေဖေ့ရဲ့လက်မောင်းဆီ ဆတ်ခနဲဆို သွားထိ လေသည်။

"ဟား ... သွားပြီဟေ့"

ဖေဖေက အမ်ဘုံ့ လက်ချက်ဆိုတာ သိသွားပြီး ဘာမှမပြောချင်တော့ဟန်ဖြင့် မျက်မှောင်ကြုတ်လေသည်။ အဲဒီ အချိန်မှာပဲ ဖုန်းကလာသဖြင့် ဖေဖေက ဖုန်းသွားကိုင်ဖို့ဟန်ပြင် ရင်း ...

"မောင်ညိုရော ... သမီးနဲ့ စကားသွားပြောလိုက်ဦး"





အယ် ... သူ လာနေပြီ။ အမ်ဘုံနှင့် ဆန္ဒသည် သူ့ ကိုမတွေ့ချင်သဖြင့် ရှောင်ဖို့ ဟိုဘက်အလှည့်တွင်တော့ သူ့ဆီက အသံသြသြတစ်ခု ထွက်လာလေသည်။

"ဟော့ ... ရပ်လိုက်စမ်း"

အမ်ဘုံသည် မျက်နှာကိုမဲ့လိုက်ရင်းက သူ့ဘက်ကို ဆန္ဒနှင့်ပြိုင်တူပင် လှည့်လိုက်တော့သည်။ သူက အမ်ဘုံတို့ဆီသို့ လျှောက်လာကာ မရယ်မပြုံး မျက်နှာထားဖြင့် ဆန္ဒကိုကြည့်၍ လက်ညှိုးထိုးကာ ...

"အမ်ဘုံမိုးမြတ်က မင်းလား"

ဆန္ဒက အသည်းအသန် ခဲမှန်ပုံစံဖြင့် သူ မဟုတ် ကြောင်း ငြင်းတော့မည့်ဆဲဆဲတွင် အမ်ဘုံက အခြေအနေကို ဝင် ထိန်းပေး၏။

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်၊ သူက အမ်ဘုံမိုးမြတ် ပါ၊ ဒါနဲ့ ရှင်က အမ်ဘုံရဲ့ဘော်ဒီဂတ် လာလုပ်မယ့်သူ လား"



www.burmeseclassic.com

www.burmeseclassic.com



အမ်ဘုံက ခပ်တည်တည်ဖြင့် ဝင်ပြောလျှင် ဆန္ဒက တော့ တော်တော်ကို မျက်စိပျက် မျက်နှာပျက် ဖြစ်နေသည်။ ဆန္ဒက အလိမ်ပေါ်သွားမှာစိုးလို့ထင်သည်။ သူဟာ အမ်ဘုံကို စူးရှူးရဲရဲ တစ်ချက်စိုက်ကြည့်ကာ ...

"ဟုတ်တယ် ... မင်းက ခင်ဆန္ဒ ဆိုတာလား"

"ဟုတ်ကဲ့ ... ခင်ဆန္ဒပါ"

အမ်ဘုံက အေးအေးဆေးဆေးပင် ပေါ်တင်လိမ် လိုက်လေသည်။ သူကတော့ အမ်ဘုံ စကားကို ယုံကြည်သွားဟန် ဖြင့် ဆန္ဒဟု ထင်ထားသော အမ်ဘုံ့ကို အဖက်တောင်လှည့်မလုပ် ဘဲ အမ်ဘုံဟု ထင်ထားသော ဆန္ဒဘက်သို့လှည့်ကာ ...

"ကျွန်တော်က ခင်ဗျားရဲ့ဘော်ဒီဂတ် လုပ်မယ့်သူပါ"

"ဟော့ ... ဒီမှာ ဘော်ဒီဂတ်လုပ်မယ့်သူ၊ ရှင့်အလုပ်ရှင်ကို ဘယ်လိုလေသံ ဘယ်လိုမျက်နှာထားနဲ့ ပြောနေတာလဲ"

အမ်ဘုံက သူ့ကိုလှမ်းပြီး ဟောက်စားလုပ်လေလျှင် သူက အမ်ဘုံ့ကို မကြည်တော့သောအကြည့်ဖြင့် ကြည့်ကာ ...





"ဒီမှာ ... ငါက လူကိုပဲ ကာကွယ်စောင့်ရှောက်မှာ။ အဲဒါ ငါ့တာဝန်ပဲ၊ မင်းဝင်မပါ,ပါနဲ့။ မင်းနဲ့မဆိုင်ဘူး"

"အောင်မာ ... ရာရာစစ ဒီမှာကြည့်လိုက်စမ်း၊ ကျွန်မက အမ်ဘုံကို ဟောဒီလို ရိုက်ပိုင်ခွင့်တောင်ရှိတဲ့ ပုဂ္ဂိုလ်ပဲ ... သဘောပေါက်လား"

အမ်ဘုံက ဆန္ဒရဲ့လက်မောင်းကို သူ့ရှေ့မှာ ဖျတ် ခနဲရိုက်ကာ ပြောလိုက်လျှင် သူက လငပုပ်ဖမ်းထားသော မျက် နှာကြီးလို ချက်ချင်းညိုမည်းသွားကာ အမ်ဘုံ့ကို ဒေါသတွေပါ သော အကြည့်ဖြင့် စူးရှူးရဲရဲစိုက်ကြည့်ကာ အမ်ဘုံရဲ့လက်တစ် ဖက်ကို ဆွဲကိုင်ကာ သူ့ကိုကျောပေးအနေအထားဖြစ်သွားအောင် ဆွဲလိမ်လှည့်ပစ်ကာ အမ်ဘုံရဲ့လက်ကောက်ဝတ်ကို နာကျင်သွား စေအောင် တမင်လိမ်ထားသဖြင့် အမ်ဘုံသည် သူ့ကို ဒေါသတွေ အချောင်းချောင်းထွက်ကာ ...

"ဟဲ့ ... ငါ့ကိုလွှတ်စမ်း"

"မလွှတ်ဘူး ... မင်း တော်တော်ဆိုးပါလားကွ။ ခုနတုန်း ကလည်း ဧည့်ခန်းထဲမှာ မင်း ငါ့ကို ကော်ကျည်ဆန်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ချောင်းပစ်တယ်၊ ဆရာကြီးတောင် ထိသွားတယ်၊ မင်း သူများအိမ်မှာနေပြီး ဒီလိုပုံမျိုးနဲ့ နေစရာလား၊ ဒီမှာပြီးတော့ ပြောလိုက်မယ်။ မင်းသူငယ်ချင်း အမ်ဘုံကို ဘာမှရိုက်စရာ မလိုဘူး၊ မင်း နောက်တစ်ခါဆို ငါနဲ့တွေ့မယ်"

သူက သူပြောချင်တာပြောပြီး အမ်ဘုံကို လွှတ်ပေးလေသည်။ အမ်ဘုံသည် လက်ကောက်ဝတ်က နာကျင်မှုကြောင့် မျက်ရည်ပင် ရစ်ဝဲတက်လာရသည်။ ဆန္ဒက အမ်ဘုံရဲ့လက်ကလေးကို အသာအယာကိုင်ကာ အမ်ဘုံ့ဘက်က ရပ်တည်ပြီး သူ့ကို ဟောက်လိုက်လေသည်။

"ဒီမှာ ... ရှင်မှားနေပြီ၊ သူက အမ်ဘုံမိုးမြွတ်ရှင့်။ ကျွန်မကမှ ခင်ဆန္ဒ"

"ဗျာ"

သူက အူကြောင်ကြောင်ဖြစ်သွားဟန်ဖြင့် အမ်ဘုံ့ကို တစ်လှည့် ဆန္ဒကိုတစ်လှည့် လှည့်ကြည့်လေသည်။ အမ်ဘုံက သူ့ကို ဒေါသထွက်လွန်း၍ စကားပင် မပြောနိုင်တော့ချေ။

"ဘာတွေဖြစ်နေကြတာလဲ၊ အမ်ဘုံ ဘာဖြစ်လဲ"





ဖေဖေက အမ်ဘုံတို့ဆီ လျှောက်လာလျှင် အမ်ဘုံသည် ဖေဖေ့ဆီသို့ အပြေးသွားကာ ဖေဖေ ယုံကြည်အားကိုးလှပါသည်ဆိုသော ဘော်ဒီဂတ်စုတ် ဘော်ဒီဂတ်ပဲ့ကို တိုင်လိုက်လေသည်။

"ဖေဖေ ... အဲဒီကောင်ကို အခုချက်ချင်း အလုပ်ထုတ်ပစ်လိုက်တော့။ သူ သမီးရဲ့လက်ကို လိမ်ချိုးတယ်"

"ဟာ ... ဆရာကြီး ကျွန်တော်ရှင်းပြပါရစေ၊ ဒီလိုပါ"

သူက အူယားဖားယားဖြင့် ဖေဖေ့ကို ရှင်းပြလေသောအခါ ဖေဖေက အမ်ဘုံ့ကိုပဲ ဆူလေတော့သည်။

"အမ်ဘုံ ... ညည်းကတော့လေ။ ဖြစ်တာတောင် နည်းသေးတယ် အဲဒါ မောင်ညီချော အမှားမဟုတ်ဘူး။ သမီးအမှား"

"ဆန္ဒလည်း သူ့ကို ပြောပါတယ် ဦး၊ သူကိုကရှည်တာ"

အမ်ဘုံက ဆန္ဒကိုရော ဖေဖေ့ကိုပါ စိတ်ကောက်သွားကာ အပေါ်ထပ်သို့ ဆောင့်ဆောင့်အောင့်အောင့် တက်သွားလေသည်။ ဆန္ဒကတော့ အမ်ဘုံနောက် အပြေးလိုက်ချော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... အမ်ဘုံ၊ နင်ကလည်း စိတ်မဆိုးပါနဲ့ဟာ"

"မသိဘူး ... ဆိုးတယ်။ ဘော်ဒီဂတ်စုတ်၊ တောသားစုတ်ကများ ဖေဖေ ပ,စားပေးထားလို့ ရောင့်တက်နေတာ။ နေပစေ ... ငါ အဲဒီကောင်ကို ကောင်းကောင်းကို Lesson ပေးဦးမယ်"

အမ်ဘုံသည် ကြိတ်မနိုင်ခဲမရ ဒေါသတွေနှင့် သူ့ကို မကျေမချမ်းတွေဖြစ်ကာ ပွစိ ပွစိ ကြိမ်းဝါးလိုက်တော့သည်။ သူ့ပုံစံဟာ ဘာပုံပေါက်နေမှန်းကို မသိပါ။ တောသားတို့ရဲ့ဂိုက်၊ ဆိုက် အပြည့်နှင့် စကားပြောရင် အော်ကျယ် အော်ကျယ် ပြောတတ်သော သူ့ကို အစတုန်းကတော့ ဖေဖေ့စိတ်တိုင်းကျပါစေဆိုပြီး ဘော်ဒီဂတ်ထားဖို့ သဘောတူခဲ့ပါသည်။

ဒါပေမဲ့ တကယ့်တကယ် လက်တွေ့မှာတော့ အမ်ဘုံဟာ အဲဒီလိုလူမျိုးကို ဘယ်လိုလုပ် ရန်ကုန်ခေါ်သွားလို့ ဖြစ်မှာလဲ။ ဟိုမှာလည်း သင်တန်းက ဖွင့်တော့မည်။ လူကြီးတွေရဲ့ဆန္ဒအရ အမ်ဘုံဟာ ဘော်ဒီဂတ်မှ မရလျှင် ရန်ကုန်မှာ သင်တန်းသွားတက်





ဖို့လည်း လမ်းမမြင်ပါ။ ဒါပေမဲ့လည်း အမ်ဘုံရဲ့သက်တောင်စောင့်ဟာ အမ်ဘုံ့အသားကို နာကျင်အောင် လုပ်ထားတဲ့သူဖြစ်သည့်အတွက် သူ့ကို သက်တော်စောင့်ခန့်ဖို့မပြောနှင့်၊ အမ်ဘုံ့ရဲ့ဖိနပ်တောင် မတိုက်ခိုင်းဘူးဟု ပျစ်ပျစ်နှစ်နှစ်ကို တွေးလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ကိုသွားရဖို့ ရက်နီးလာလို့ အမ်ဘုံဟာ အတိုင်းအဆမရှိ ပျော်ရွှင်ရပေမယ့် အမ်ဘုံတို့နှင့်အတူ ဟိုတော သားဘော်ဒီဂတ်ပါ ပါလာမည်ဆိုသည့်အတွက် အရမ်းစိတ်ညစ်ရပါသည်။ အမ်ဘုံဟာ အဲဒီတောဂိုက် ပုံမကျပန်းမကျ "လူညိုချော" ဆိုသည့်ကောင်ကို အင်မတန်မှ အမြင်ကတ်လှပါသည်။ ဒါပေမဲ့ အမ်ဘုံ အဘယ်မျှ အမြင်ကတ်ကတ် ဖေဖေစီစဉ်ပေးထားတဲ့ကိစ္စ ဖြစ်နေတာမို့ သူ့ကို ဘာမှမတတ်နိုင်ပါ။ အမ်ဘုံရဲ့စိတ်အနှောင့် အယှက်ဖြစ်မှုကို ချစ်သူငယ်ချင်းဆန္ဒကတော့ အားပေးရှာပါသည်။

"စိတ်မညစ်ပါနဲ့ အမ်ဘုံလေးရယ်။ သူ့ကို ခေါင်းထဲလည်း ထည့်မနေနဲ့။ ငါတို့တွေ ဒီကိုရောက်တုန်း လျှောက်သွားရအောင် လာစမ်းပါ"





ဆန္ဒက အမ်ဘုံကို အတင်းကာရော ဆွဲခေါ်လာတာနှင့် အမ်ဘုံဟာ ယက်ကန် ယက်ကန်ဖြင့် ပါလာရလေသည်။ အမ်ဘုံနှင့် ဆန္ဒဟာ ဆိုင်ကယ်တစ်ယောက်တစ်စီးဖြင့် မြို့အနှံ့ လျှောက်ပတ်ကြလေသည်။ အမ်ဘုံ့ရဲ့ဖေဖေဟာ လူတစ်မျိုးဖြစ်၏။ ပင်းတယမြို့ရဲ့မျက်နှာဖုံးဖြစ်သော ကြွယ်ဝချမ်းသာသောမျိုးရိုးက ဆင်းသက်လာသော ဖေဖေဟာ သူ အင်မတန်ဝါသနာထုံလှသော စာသင်သည့်အလုပ်ကို ပင်ပန်းတယ်မထင်ဘဲ လုပ်ဆောင်နေတုန်း ဖြစ်သည်။ ဖေဖေ့ပါရမီဖြည့်ဖက်ကောင်း မေမေကလည်း သျှောင်နောက်ဆံထုံးပါဆိုသလို ဖေဖေ တာဝန်ကျရာ နေရာဒေသတိုင်းကိုလိုက်ကာ ဖေဖေ့ကို ပါရမီဖြည့်ပေးသူဖြစ်၏။

အခုလည်း ဒီလို ခပ်ကျဉ်းကျဉ်း တောမြို့လေးမှာ ကျောင်းအုပ်အဖြစ် တာဝန်ယူဆောင်ရွက်နေသော ဖေဖေဟာ ဒီမြို့လေးရဲ့ရွာလေးမှာ နေထိုင်လေသော ရိုးသားကြိုးစားကာ မဟုတ်မခံစိတ်ဓာတ် ရှိလေသော "လူညိုချော"ဆိုသည့် ဖေဖေ့ တပည့်ကြီးကို အမ်ဘုံရဲ့သက်တော်စောင့်အဖြစ် ယုံကြည်စိတ်ချကာ အာဏာကုန်လွှဲလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောရမယ်ဆိုရင်ဖြင့် အမ်ဘုံမှာ အင်မတန့်ကို သက်တော်စောင့်တစ်ယောက် လိုအပ်လှပါသည်။ ချမ်းသာပြည့်စုံသော အမ်ဘုံဟာ ခေတ်လူငယ်ပီပီ ထောင့်မကျိုးတာလေးတွေ ရှိပါသည်။ အမ်ဘုံရဲ့ပုံစံတွေကို မျက်စိစပါးမွေးစူးသူတချို့က အမ်ဘုံကို ခြိမ်းခြောက်စာပို့၍သော်လည်းကောင်း၊ ကားဖြင့်တိုက်တော့မည့်ဟန် မထိတထိလုပ်၍သော်လည်းကောင်း မကြာခဏ အသက်ကိုရန်ရှာနိုင်သည့် အပြုအမူမျိုးတွေ လုပ်လာသောအခါ အမ်ဘုံအတွက် ဘိုးဘိုးဘွားဘွားနှင့် မိဘတွေက ရတက်မအေးဖြစ်ကာ အမ်ဘုံ့အသက်ကို ကာကွယ်ပေးနိုင်မည့် လူစွမ်းကောင်းကို ရှာပြီး အမ်ဘုံနှင့်အတူ ကျောင်းတက်စေမှာဖြစ်သည်။ အဲဒီအတွက် ကံထူးသူကတော့ "လူညိုချော"ဆိုသည့် အစုတ်အပြတ်ကောင်ပဲ ဖြစ်လို့လာသည်။

အမ်ဘုံသည် ဆန္ဒနှင့်အတူ မြို့လေးကို လည်ရင်းပတ်ရင်းဖြင့် စမ်းချောင်းလေးနားက အကြော်ဆိုင်မှာ ဗိုက်ဆာလာ၍ အကြော်ဝင်စားကြလေတော့သည်။ ဆန္ဒက အမ်ဘုံနှင့် ငယ်ငယ်ကတည်းက သွားအတူ စားအတူမို့ ညီအစ်မတွေလိုပဲ ချစ်ခင်အားကိုးရသူဖြစ်သည်။





"အမ်ဘုံ ... နင့်ဘော်ဒီဂတ်က ဆိုးတော့မဆိုးပါဘူးဟဲ့။ ဟိုနေ့က ငါနဲ့စကားပြောကြည့်တာတော့ အဆင်ချောပါတယ်"

"သွားစမ်းပါဟာ ... အဲဒီကောင်ကိုတော့ တကယ်ပဲမုန်းတယ်"

အမ်ဘုံက ဆောင့်ကြီးအောင့်ကြီး ပြောလိုက်လျှင် ဆန္ဒကတော့ သဘောကျစွာ ရယ်မောနေလေသည်။ အမ်ဘုံတို့ရဲ့စကားဝိုင်းလေးကို ဝင်လာနှောင့်ယှက်သူကတော့ ထန်ရည်မူးနေသည့် လူတစ်စုပဲ ဖြစ်လာသည်။ ချဉ်စူးစူးထန်းရည်နံ့တွေနှင့်အတူ အမ်ဘုံတို့အနားကို တိုးကပ်လာကာ ...

"အဲဒီကောင်ကို မုန်းတယ်ဆိုရင် ဒီကအစ်ကိုကြီးတို့ကို ချစ်လိုက်ပေါ့ကွယ်"

ဆန္ဒက ကြောက်တတ်သူပီပီ အမ်ဘုံ့နားသို့ တိုးကပ်လာသည်။ အမ်ဘုံသည် အဲဒီအမူးသမားတွေကများ ရာရာစစ ဆိုတဲ့စိတ်ကြောင့် ဒေါသဖြစ်ကာ အော်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နင်တို့ ထွက်သွားကြစမ်း။ ငါတို့ကို လာမနှောင့်ယှက်နဲ့"

"ညီမလေးတို့ကလည်း၊ လာပါ ... ကိုကြီးတို့ ကူညီပေးရမှာပေါ့ ... အဟဲ"

အမ်ဘုံရဲ့လက်တစ်ဖက်ကို ဆောင့်ဆွဲလိုက်လျှင် အမ်ဘုံသည် မျက်လုံးတွေတောင် ပြာသွားပြီး အဲဒီအမူးသမားကို ဆောင့်တွန်းကာ သူ့ရဲ့ပါးကို ဖြန်းခနဲ ရိုက်ချလိုက်လေသည်။ အမူးသမားကလည်း ပါးရိုက်ခံလိုက်ရတာကြောင့် ဒေါသတွေ ထွက်ဟန်ဖြင့် အမ်ဘုံရဲ့ပခုံးကို ခပ်ဆဆဆောင့်ဆွဲကာ ...

"မင်းကများ ငါ့ကို ပါးရိုက်ရဲတယ်၊ သေပေတော့"

"ကယ်ကြပါဦး ... ကယ်ကြပါ။ ဒီမှာ ဒုက္ခရောက်နေလို့ပါ"

ဆန္ဒက အော်ကြီးဟစ်ကျယ် လှမ်းအော်ပြောကာ အကူအညီတောင်းလေလျှင် မထင်မှတ်ထားသူတစ်ဦးက လေအဟုန်ကိုခွင်းကာ ဝင်ချလာပြီး အဲဒီအမူးသမားတွေကို အသေအကြေကို ထိုးကြိတ်လေသည်။ အမ်ဘုံက အမူးသမားလက်ထဲက လွတ်လျှင်လွတ်ချင်းမှာ အမ်ဘုံသည် အရမ်းလန့်ဖျပ်သွားကာ ဆန္ဒဆီကိုပြေးသွားလိုက်လေတော့သည်။





ပြီးတော့ အမ်ဘုံတို့ကို ကူညီသည့် ကျေးဇူးရှင်လေးမှာ ထင်မှတ်မထားစွာ သူ ဖြစ်နေလျှင် အမ်ဘုံဟာ အရမ်းကို အံ့ဩရလေသည်။ ကြည့်စမ်း ... သူဟာ တိုက်ခိုက်မှုစွမ်းရည်ကိုတော့ အမြင့်မားဆုံး ပိုင်ဆိုင်ထားတာပဲ။ ဒါကြောင့်မို့လည်း ဖေဖေက အမ်ဘုံရဲ့သက်တော်စောင့်ဖြစ်စေတာပေါ့။

အမ်ဘုံသည် အတုံးအရုံးလဲကျကုန်သော အဲဒီအမူးသမားတွေကြားထဲက မားမားမတ်မတ်ရပ်နေသည့် သူ့ကို တစ်ချက်ကြည့်လိုက်လျှင် သူ့ရဲ့စူးရှတဲ့မျက်ဝန်းညိုတို့ကို တွေ့လိုက်ရလေသည်။ သူက အဲဒီတော့ မျက်ဝန်းညိုတို့ဖြင့် အမ်ဘုံတို့ကို ကြည့်ကာ ...

"ငါဟာ မင်းအတွက် သက်တော်စောင့်ကောင်းတစ်ယောက်ဆိုတာ မင်း သဘောပေါက်ပါ အမ်ဘုံမိုးမြတ်"

သူက ပြောချင်ရာပြောကာ လှည့်ထွက်မည်အလုပ်မှာ အမ်ဘုံသည် သူ့ကိုမရည်ရွယ်ထားပါဘဲနှင့် ရင်ထဲက အစစ်အမှန်စကားတစ်ခွန်းဖြစ်သည့် စကားကို လွတ်ခနဲ ပြောလိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"လူညိုချော ... ကျေးဇူးတင်ပါတယ်။ ရှင်က ကျွန်မအတွက် အကောင်းဆုံး ကာကွယ်ပေးနိုင်မယ့် သက်တော်စောင့် ကောင်းပါ"

သူက အမ်ဘုံရဲ့စကားကို အသိမှတ်ပြု ကျေနပ်ဟန် ပြုံးမြမြ မျက်နှာထားဖြင့် ခေါင်းတစ်ချက်ညိတ်ပြကာ ...

"မင်း ကျေနပ်တယ်ဆို၊ ငါ တာဝန်ကျေပါပြီ"

အမ်ဘုံကို စောင့်ရှောက်ဖို့က သူ့တာဝန်ဟု အရိုးစွဲအောင် သတ်မှတ်ထားသောသူဟာ အမ်ဘုံရဲ့သက်တော်စောင့်ပဲ ဖြစ်ထိုက်ပါသည်။ အဲဒီစိတ်ဓာတ်ကို အမ်ဘုံက သဘောကျတာကြောင့် အရင်က အံမြင်ကတ်သည့်စိတ်ဟာ လုံးလုံးလျားလျားကို ကွယ်ပျောက်သွားခဲ့ပါသည်။

✧ ❦ ✧







www.burmeseclassic.com

www.burmeseclassic.com







ညိုချောရဲ့ပန်းတစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်ကာ ဆရာကြီးက ယုံကြည်ကိုးစားသော မျက်ဝန်းတို့ဖြင့် စေ့စေ့ကြည့်၍ ...

"ညိုချော ... မင်းကို ဆရာ အားကိုးတယ်နော်။ သမီးအမ်ဘုံနဲ့ ဆန္ဒကို ကိုယ့်ညီမအရင်းတွေလို စောင့်ရှောက်ပါ။ အမ်ဘုံက စိတ်နည်းနည်းဆတ်တော့ သူ့ကိုတော့သည်းခံပေးပါ။ သူ မလိမ္မာတာ ရှိင်းပျတာရှိရင် ဆရာ့မျက်နှာကို ထောက်ထားပြီး နားလည်ပေးပါနော်"

"ဟုတ်ကဲ့ပါ ဆရာကြီး။ အမ်ဘုံနဲ့ ဆန္ဒကို ကျွန်တော် ကာကွယ်ပါ့မယ်"

စေတနာ[illegible]ပေ

www.burmeseclassic.com

www.burmeseclassic.com



သူက ဆရာကြီး ယုံကြည်ရအောင် တည်ကြည်သော လေသံဖြင့် ကတိပေးလိုက်လေသည်။ ဆရာကြီးက သူ့ကိုအထူး ယုံကြည်ကိုးစားပေမယ့် ဆရာကြီးကတော်ကတော့ သူ့ကိုဆို အရင်ကတည်းက ကြည့်မရခဲ့ပါ။ ဒါပေမဲ့ ညိုချောကတော့ သည်းခံသူဖြစ်ပါသည်။

"ဒီမှာ ညိုချော. အမ်ဘုံနဲ့ မင်းကို တန်းတူအခွင့်ပေးထားတယ်ဆိုတာ မမေ့ပါနဲ့။ မင်း အမ်ဘုံကို ဘော်ဒီဂတ်တစ်ယောက်ကပေးတဲ့ ကာကွယ်မှုမျိုးပဲပေးပါ၊ မလိုအပ်ဘဲနဲ့ အမ်ဘုံနဲ့ အရောတဝင် မနေပါနဲ့ ...

အမ်ဘုံမှာ စေ့စပ်ထားတဲ့ချစ်သူ ရှိပြီးသား၊ မင်းသိအောင် ပြောပြထားတာနော်"

ဆရာကြီးကတော်က ညိုချောကို ဘာသဘောနှင့် ပြောတယ်ဆိုတာ သူ သဘောပေါက်ပါသည်။ ညိုချောသည် ထုံးစံအတိုင်း သည်းခံလိုက်ကာ ခေါင်းတစ်ချက်ညိတ်၍ ...

"ဟုတ်ကဲ့ပါ ဆရာကြီးကတော်"





"နေဦး ... ပြောဖို့ တစ်ခုကျန်သေးတယ်၊ မင်းကိုမနေ့က ပေးထားတဲ့ ဝတ်စုံတွေပဲ သင်တန်းမှာဝတ်ပါ၊ ဘော်ဒီဂတ်က ဘော်ဒီဂတ်ပုံစံအတိုင်း အံဝင်ခွင်ကျဖြစ်အောင်နေပါ။ ပြောပါ၊ ပြုမူပါ၊ သဘောပေါက်တယ်နော်၊ လမ်းလျှောက်တာကအစ ဘော်ဒီဂတ်ရဲ့ လမ်းလျှောက်ပုံမျိုးကိုပဲ လျှောက်"

ညိုချောသည် ငွေကြေးရှင်သူဌေးကြီးရဲ့စိတ်သဘောကို ခန့်မှန်းမိသူပီပီ ထူးတွေပြီး ပြောမနေချင်တော့ပေ။

သူ့အနေဖြင့်လည်း အမ်ဘုံရဲ့သက်တော်စောင့်ဖြစ်သည့်အတွက် အဲဒီအတိုင်း ပြုမူနေထိုင်ဖို့ ဆုံးဖြတ်ပြီးသားဖြစ်သည်။

ဒါကြောင့်မို့ ညိုချောသည် အလုပ်နှင့်သက်သေပြဖို့အတွက် ...

"စိတ်ချပါ ဆရာကြီးကတော် ... ကျွန်တော်က အမ်ဘုံရဲ့ ဘော်ဒီဂတ်ပဲ ဖြစ်စေရပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com




ညိုချောသည် ပခုံးကိုမတ်မတ်ထားကာ နိုင်ငံခြားကားတွေထဲက ဘော်ဒီဂတ်တို့ရဲ့ လမ်းလျှောက်ပုံအတိုင်း စက်ရုပ်ဆန်ဆန်လျှောက်ကာ ဆရာကြီးကတော်ကို ကျောခိုင်း၍ ထွက်လာခဲ့တော့သည်။

✧ ❦ ✧








www.burmeseclassic.com

www.burmeseclassic.com







ဟိုတယ်ကြီးတမျှ ခမ်းနားတင့်တယ်သော ကျောင်းဝင်းကြီးဟာ သူ့အတွက်တော့ နတ်ပြည်ရောက်နေသလား ထင်လို့ရလောက်ပေမယ့် အမ်ဘုံ့အတွက်တော့ ငရဲပြည်ရောက်နေသည့်အလား စိတ်ဆင်းရဲရပေသည်။ ပထမဆုံး ကျောင်းစတက်ရမယ့်နေ့မှာ အမ်ဘုံဟာ သူ့ရဲ့ဝတ်ပုံစားပုံကြောင့် အရမ်းလည်းအံ့သြကာ အရမ်းလည်း စိတ်ပျက်ရပါသည်။

သူ့ပုံစံကိုလည်း ကြည့်ဦးလေ။ လည်ကတုံးရှပ်အဖြူဆွတ်ဆွတ်ပေါ်မှာ အနောက်တိုင်းကုတ်အနက်ရောင်ဖြင့် တွဲဖက်ဝတ်ကာ စတိုင်လ်ပန်အနက်၊ ရှူးဖိနပ်တို့ဖြင့် နိုင်ငံခြားကားတွေထဲက သက်တော်စောင့်တွေရဲ့ဒီဇိုင်းအတိုင်း မျက်မှန်အမည်းကြီးပါ တပ်ထားသေးသော သူဟာ တခြားနေရာမှာဆိုရင်တော့ ခန့်ခန့်ညားညား စွင့်စွင့်ကားကားနှင့် ထွားကျိုင်းလှသော ကိုယ်ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com



အချိုးအစားတွေကြောင့် မော်လ်ဒယ်ပဲလား၊ မင်းသားပဲလားဆိုပြီး လူရှိန်သောက်ပေမယ့် အမ်ဘုံတို့ သွားရမယ့် အရပ်ဒေသမျိုးမှာ ဆိုရင် သူဟာ ငပေါလိုလို ငကြောင်လိုလို ဖြစ်မှာသေချာပါသည်။ ဆံပင်တွေကိုလည်း ဂျယ်အစွမ်းဖြင့် ပိပြားသေသပ်အောင် ဖြီးသင်ထားပြီး မျက်နှာကြောဟာ တင်းထန်နေသော လူညိုချောဟာ အမ်ဘုံသို့ အနားက တစ်ဖဝါးမှမခွာ လိုက်စောင့်ရှောက်လေမယ့် ဘော်ဒီဂတ်တဲ့။ အမ်ဘုံတော့ သေသာသေလိုက်ချင်တာပါပဲ။

ဖေဖေက သူ့အတွက် သီးသန့်ပေးထားသည့် ဟန်းဖုန်းကို ခါးမှာချိတ်၍ ဇွင့်ကားဝင့်ကြွားနေသောသူဟာ အားလုံး အဆင်သင့် ပြင်ပြီး ဆင်ပြီးသွားချိန်မှာတော့ သူဟာ အောင်မြင်ခန့်ညားသော အသံဝါဝါကြီးဖြင့် လှမ်းအော်ခေါ်လေသည်။

"အမ်ဘုံ ... ဆန္ဒ ကျောင်းသွားဖို့အတွက် အချိန်ရောက်ပြီ၊ အောက်မှာ အဆင်သင့်စောင့်နေတယ်"

အမ်ဘုံသည် အဲ့ဒီအသံကြီးကို ကြားလိုက်ရလျှင် ဘုန်းခနဲ ပစ်လဲချင်စိတ်တောင် ပေါက်သွားလေသည်။ ဘုရား ... ဘုရား။ ဒီပုံစံကြီးနဲ့ သူ့ကို ကျောင်းဘယ်လိုခေါ်သွားရပါလိမ့်။





"အမ်ဘုံရယ် ... နင် စိတ်ညစ်မနေစမ်းပါနဲ့။ ငါလည်းရှိပါသေးတယ်၊ ကျောင်းရောက်ရင်တော့ ကြံဖန်ပြီး သူနဲ့ ဝေးအောင် လစ်ပြေးရတော့မှာပဲ။ ကဲ ... လာ ... နောက်ကျနေပြီ၊ တော်ကြာ ထပ်ခေါ်နေဦးမယ် သွားစို့"

အမ်ဘုံက ဆန္ဒရဲ့အားပေးမှုနှင့်ပဲ အောက်ထပ်သို့ ဆင်းလာလျှင်တော့ ပေါ်တီကိုအောက်မှ ကားတံခါးဖွင့်ကာ အသင့်စောင့်နေသော "လူညိုချော"ကို တွေ့ရလေသည်။ မျက်နှာကြောကြီးက သာမန်ထက်နှစ်ဆ ပိုတင်းထန်ထားကာ "duty is duty" ဆိုသော စိတ်ကိုအပြည့်သွင်းထားသော သူဟာ တကယ်ကို မလွယ်လှပါ။

အမ်ဘုံသည် မျက်နှာကိုရှုံ့မဲ့မဲ့ဖြင့်ပင် ကားထဲကို ဝင်ထိုင်လိုက်ပြီးလျှင်တော့ သူက ကားတံခါးကို ပိတ်လိုက်ကာ ရှေ့ခန်းမှာဝင်ထိုင်ပြီး ဒရိုင်ဘာကို မောင်းဆိုပြီး သံပြတ်အမိန့်ပေးလေသည်။ ကားထဲမှာ အဲကွန်းရဲ့အအေးဓာတ်ကြောင့် အေးစိမ့်နေပေမယ့် အမ်ဘုံ့ ရင်ထဲတွင်တော့ မငြိမ်းအေးနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားကျောင်းတစ်ခုကနေ ကိုယ်စားလှယ်လွှဲကာ အေးဂျင့်ထောင်၍ ခြံဝန်းကျယ်ကြီးထဲမှာ သင်တန်းကျောင်းကြီး ဖွင့်ထားသော အဲဒီစီပွားစီမံသင်တန်းဟာ တကယ့်ဒီတ်ဒီတ်ကြဲတွေမှာ တက်နိုင်သောကျောင်းမျိုးဖြစ်သည်။ အဲဒီကျောင်းကြီးကိုတက်ဖို့အတွက် အမ်ဘုံမှာ ဒီသက်တော်စောင့်ကို ခေါ်လာခဲ့ရတာပဲဖြစ်သည်။

"ရောက်ပါပြီ ... အမ်ဘုံ"

သင်တန်းအဆောက်အအုံကြီးရဲ့ ပေါ်တီကိုအောက်မှာ ကားကိုတည့်တည့်ရပ်လိုက်သည်နှင့် အမ်ဘုံ့ရင်ထဲမှာလည်း ဒိန်းခနဲ ဖြစ်သွားရသည်။ ပထမဆုံး ကျောင်းတက်ရက်မို့ လူတွေက သူ့အဖွဲ့နှင့်သူ ရုတ်စု ရုတ်စု ရှိနေသည့် လူများနေချိန်ကြမှ အမ်ဘုံက အချိန်ကိုက် ရောက်လာတာဖြစ်သည့်အတွက် လူအားလုံးရဲ့အာရုံဟာ အမ်ဘုံတို့ကားဆီ လာစုတာဖြစ်သည်။

သူကတော့ အဲဒါတွေကို တစ်စက်ကလေးမှ ဂရုမစိုက်ပါပဲ ရောက်တာနှင့် ကားပေါ်ကဆင်းကာ ဘော်ဒီဂတ်တို့ရဲ့ထုံးစံအတိုင်း ဘယ်ကြည့် ညာကြည့်ဖြင့် ပတ်ဝန်းကျင်ကို အရင်လေ့လာပြီးလျှင် သူက ကားထဲကိုပြန်ငုံ့ကြည့်ကာ ...





"ခဏလေး အမ်ဘုံ၊ လူတွေက ရုတ်စု ရုတ်စုနဲ့ သူတို့ကို အကဲခတ်ကြည့်ရဦးမယ်"

တောက် ... သေလိုက်စမ်း။ အမ်ဘုံသည် အဲဒီစကားကို စိတ်ထဲကနေ ရေရွတ်ကာ ကိုယ့်နဖူးကိုယ် လက်ဝါးဖြင့်ပိတ်ရိုက်မိလိုက်သည်။ သူက ဟိုဘက်ဒီဘက် ဘေးဘီဝဲယာ အကဲခတ်၍ အမ်ဘုံရဲ့ကားတံခါးကိုဖွင့်ကာ ...

"ဆင်းလို့ရပါပြီ၊ သေချာဂရုစိုက်ဆင်းနော်"

သူက ဘော်ဒီဂတ်ရဲ့စတိုင်လ်အတိုင်း အမ်ဘုံကို ငုံ့မကြည့်ဘဲ ကိုယ်ကို မတ်မတ်နေကာ အမ်ဘုံတို့ ကားပေါ်ကအဆင်းကို စောင့်လေသည်။ အမ်ဘုံသည် သူ့ရဲ့ပုံစံကြောင့် စိတ်ညစ်လာပြီး တစ်ခုခု ပြဿနာရှာဖို့ တွေးလိုက်မိကာ သူဖွင့်ပေးထားသော တံခါးကနေမဆင်းဘဲ သူ မသိအောင် အသာအယာ ဟိုဘက်တံခါးကိုဖွင့်၍ ဆန္ဒနှင့်အတူတူ တိတ်တိတ်လေးဆင်းကာ လစ်လေတော့သည်။

လူညိုချောက ကြာလှချည်ရဲ့ဆိုပြီး ငုံ့ကြည့်မှ သူတို့ မရှိတော့ဘူးဆိုတာ သိသောအခါ ပြူးတူးပြဲတဲဖြင့် အမ်ဘုံတို့ကို

www.burmeseclassic.com



သူ့ရဲ့မှိုးထိုးနေသော အရပ်ကြီးဖြင့် ရှာလေသောအခါ ကြာကြာမရှာလိုက်ရ။

သူဟာ အပြေးတစ်ပိုင်းပင် အမ်ဘုံတို့နှစ်ယောက်ရဲ့နောက်ကနေ ဘော်ဒီဂတ်စတိုင်လ်အတိုင်း မျက်မှန်ကြီးတပ်လျက် ထက်ကြပ်မကွာလိုက်လာလေသည်။ သူ့ရဲ့လက်ထဲမှာတော့ စာအုပ်ထည့်ထားသော ဖိုင်လ်တစ်ခုကိုကိုင်လျက် မျက်နှာကိုတင်းကာ အမ်ဘုံတို့နောက်သို့လိုက်လာလေ၏။ အမ်ဘုံသည် ဆန္ဒဘက်သို့ မျက်နှာလှည့်ကာမေးဆတ်ပြလျှင် ဆန္ဒက ခပ်တိုးတိုးလေသံဖြင့် ...

"ငါတို့ toilet သွားမယ်လေ။ အဲဒီတော့မှပဲ လွတ်လပ်လိမ့်မယ်"

အမ်ဘုံက ခေါင်းတစ်ချက်ဆတ်ပြကာ မိန်းကလေးအိမ်သာဘက်သို့ လမ်းကြောင်းပြောင်းလိုက်လေသည်။ အမ်ဘုံရဲ့ခြေလှမ်းတွေ မြင့်လိုက်လေလေ သူကလည်း ထက်ကြပ်မကွာလိုက်နေစဉ်မှာပဲ သူ့ဆီသို့ ဖုန်းတစ်ကောက ဝင်လာလေသည်။ အမ်ဘုံသည် ဆန္ဒကို မျက်စပစ်ပြကာ ခပ်သွက်သွက်လျှောက်လာခဲ့တော့သည်။





"ဟယ်လို ... ဟုတ်ကဲ့ ဆရာကြီးကတော်"

ဩော် ... မေမေ့ဆီကဖုန်းကိုး။

"ဟုတ်ကဲ့ ... ကျွန်တော်တို့ အခု စာသင်ခန်းကိုသွားနေကြပါပြီ၊ အခု စာသင်ခန်းဆောင်ထဲ ဝင်နေပါပြီ"

သူက သူ့အရှိန်နှင့်သူ ဖုန်းပြောရင်း အမ်ဘုံတို့နောက်ကို လိုက်လာလေသည်။ အမ်ဘုံသည် ဘယ်နေရာမှန်းမသိလိုက်ဝင်လေသော သူ့ကို ပြဿနာတော့တက်ပြီဆိုတာ သိသိချည်းနဲ့ကို ခေါ်လာခဲ့တာပဲဖြစ်သည်။ အမ်ဘုံနှင့် ဆန္ဒသည် တံခါးကိုတွန်းဖွင့်၍ ဝင်လာလေလျှင် သူကပါ အနောက်က လိုက်ဝင်လာလေသည်။ ခဏအကြာတွင်တော့ ...

"အမယ်လေး ... ဘာလုပ်တာလဲ။ လာကြပါဦး၊ မိန်းမအိမ်သာထဲကို ယောကျ်ားကြီး ဝင်လာပါတယ်ဗျို့"

အဲဒီအော်ကြီးဟစ်ကျယ် အသံတွေကြောင့် သူဟာ ဘာဖြစ်တာပါလဲလို့ သတိထားမိသွားကာ ကြည့်မိသွားလျှင် သူ့မျက်လုံးများဟာ လင်းကွင်းများအလား ပြူးထွက်သွားသလိုရှိတယ်ဆိုတာကို အမ်ဘုံတို့ အသေအချာတွေ့လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အမ်ဘုံနှင့် ဆန္ဒသည် သူ့ရဲ့မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ပြေးထွက်သွားပုံနှင့် ရုံးခန်းမှာရှင်းခဲ့ရတဲ့ ဒုက္ခများပုံတို့ကို ကြည့်ကာ တဟားဟား အော်ရယ်ရသည်အထိ သဘောကျခဲ့ရပါသည်။ သူက သူ့ပြဿနာကို ရုံးခန်းကဆရာတွေနှင့် ရှင်းပြီးနောက် အပြင်ကော်ရစ်တာက ကျောက်ခုံမှာထိုင်နေသော သူတို့နှစ်ယောက်ရဲ့လက်ချက်ဆိုတာ သိနေသော သူက မျက်နှာကြီးတင်းထန်ကာ...

"ဟေ့ ... ဒီမှာ မင်းတို့နှစ်ယောက် သိပ်လွန်တာပဲ။ နောက်တစ်ခါ ဒါမျိုးမလုပ်ပါနဲ့၊ ငါ သိပ်စိတ်ဆိုးတယ် အမ်ဘုံ"

အမ်ဘုံက သူ ဒေါသတွေထွက်နေပုံကို ပြုံးစိစိစိုက်ကြည့်နေရင်းကမှ ဇာမင်တကာ လုပ်သံကြီးထည့်ကာ တောင်းပန်လိုက်တော့သည်။

"အေးပါဟယ် ... တို့ တောင်းပန်ပါတယ်။ နင်ကလည်း မိန်းကလေးအိမ်သာဆိုတာ သိလိမ့်မယ် ထင်လို့ပေါ့ဟဲ့။ နောက်ဆို နေရာဒေသကို အကဲခတ်လေ့လာပြီးမှလိုက်၊ ဟိုစွပ်စွပ် ဒီစွပ်စွပ် လျှောက်မလိုက်နဲ့ ... ကြားလား"





"အဲ ... အဲဒါဆိုလည်း လိုက်လို့ရတဲ့နေရာထိ လိုက်မယ်၊ ငါက ဘော်ဒီဂတ်ပဲ"

အမ်ဘုံနှင့် ဆန္ဒဟာ သူ့ရဲ့ပုံစံကြောင့် တခွိခွိနှင့် ရယ်ချင်စိတ်ကို မနည်းအောင့်ထားရင်းက အတန်းချိန်နီးနေပြီမို့ စကားစကို ဖြတ်ရတော့မည်။

"ကဲပါ ... လာ ... လာ ... အတန်းသွားရအောင်၊ ဆရာဝင်တော့မယ်"

"အင်း ... သွားမယ်"

သူက ခုနကလိုလေသံမျိုး မဟုတ်တော့ဘဲ ဘော်ဒီဂတ်လေသံဖမ်းကာ မျက်မှန်ကိုပြန်တပ်ကာ စက်ရုပ်လူသားဒီဇိုင်းလမ်းလျှောက်ဟန်ဖြင့် အမ်ဘုံတို့နောက်က လိုက်လာလေတော့သည်။ အမ်ဘုံတို့သည် ရှေ့ကနေ သုတ်သုတ်လျှောက်၍ အတန်းထဲသို့ဝင်ကာ လွတ်နေသော ခုံတန်းလေးမှာ နှစ်ယောက်ဝင်ထိုင်လိုက်သည်။ ခဏနေတော့ သူကပါ အတန်းထဲဝင်လာလျှင် အားလုံးက ဆရာဝင်လာပြီအထင်နှင့် မတ်တတ်ထကာ နှုတ်ဆက်ကြလေသည်။ အမ်ဘုံနှင့် ဆန္ဒဟာ သူ ဘာများလုပ်လိမ့်မလဲဆို



www.burmeseclassic.com

www.burmeseclassic.com



ပြီး စိတ်ဝင်တစား စောင့်ကြည့်မိလျှင် ထင်မှတ်မထားစွာပင် သူက အားလုံးကို အပြုံးတစ်ခု ပြုံးပြကာ လက်တွေ ဘာတွေထောင်ပြ၍ ...

"မင်္ဂလာပါ ... မင်္ဂလာပါ"

အဲဒီရေရွတ်သံနှင့်အတူ သူက ခပ်တည်တည်ပင် စာသင်ခုံတွေဘက်သို့ ဝင်ချလာလျှင် အတန်းသားအားလုံးက မထိုင်ကြသေးဘဲ ဘာလဲဟုဆိုသည့် အကြည့်ဖြင့် ပြူးကြည့်ကြလေသည်။ သူကတော့ အမ်ဘုံတို့ဘေးနားက စာသင်စားပွဲပေါ်မှာ သူ့ဖိုင်လ်ကိုချ၍ အားလုံးကို အကဲခတ်သလိုကြည့်ကာ ပြတ်သားသော အသံကြီးဖြင့် ...

"ထိုင်ကြလေ ... ဘာကြည့်နေတာလဲ"

အားလုံးက သူ့ထိုင်ခုံမှာ သူထိုင်သွားမှ သူဟာ သူ့မျက်မှန်အမည်းကြီးကိုချွတ်ကာ အင်္ကျီကော်လာမှာထိုးချိတ်လိုက်ပြီး ဘော်ဒီဂတ်ပုံစံအတိုင်း ခြေထောက်ကိုကားကာ လက်နှစ်ဖက်ကို နောက်ပစ်၍ ခပ်မတ်မတ်ရပ်နေလျှင် အမ်ဘုံကရှက်လာ၍ သူ့ကို ခပ်တိုးတိုးလေသံဖြင့် လှမ်းပြောရလေသည်။





"ဟဲ့ ... လူညိုချော၊ နင် အဲဒီမှာ ဘာရပ်လုပ်နေတာလဲ ထိုင်လေ"

"မထိုင်ပါဘူး"

သူက ခပ်ပြတ်ပြတ်လေသံဖြင့် အမ်ဘုံ့ကို ပြန်ပြောလျှင် အမ်ဘုံက သူ့ကိုတစ်ခုခုပြောဖို့ အရွယ်မှာပဲ ဆရာကဝင်လာတာကြောင့် အားလုံးက မတ်တတ်ထ နှုတ်ဆက်ကြလျှင် အမ်ဘုံတို့ကလည်း မတ်တတ်ထရပ်ကာ နှုတ်ဆက်ရလေသည်။ ဆရာက "ထိုင်ပါ"ဟုဆိုလိုက်ရင် အားလုံးကထိုင်ပေမယ့် သူကတော့ ခုနကပုံစံအတိုင်း မလှုပ်မယှက် ရပ်နေလျှင် အမ်ဘုံက အရှက်တော့ကွဲခါနီးပြီဆိုတာ ကြိုရိပ်စားမိတာကြောင့် သူ့ကိုမတိုးမကျယ်လေသံဖြင့် ထအော်ရတော့သည်။

"ဟဲ့ ... လူညိုချော၊ ဟိုဘက်ခုံမှာ သွားထိုင်လေ"

သူက အမ်ဘုံ့စကားကို မကြားဟန်ပြုကာ အဲဒီအတိုင်းပဲ ပေပြီးရပ်နေလေသည်။ ဆရာက "ထိုင်ပါ ... ထိုင်ပါ" ဟု သူ့တစ်ယောက်တည်းအတွက် ရည်ရွယ်ထားပြီး ပြောနေတယ်ဆိုတာ အားလုံးက သိနေသော်လည်း သူကတော့ ဆရာ့ကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်ဘဲ အဲဒီအတိုင်း ရပ်နေသေးလျှင် ဆရာက မကြည်လင်သော မျက်နှာထားဖြင့် ...

"မောင်ရင့်ကို ထိုင်ပါလို့ ပြောနေတာ မကြားဘူးလား"

ဆရာက stage ပေါ်ကနေ လှမ်းအော်မေးလိုက်လျှင် သူက သံပြတ်လေသံဖြင့် ရင်ကိုကော့ ခေါင်းကိုမော့၍ ...

"ကြားပါတယ် ဆရာ"

"ဒါဖြင့် မင်းက ငါ့ကို ကလန်ကဆန်လုပ်တာပေါ့၊ ဟုတ်လား"

"မဟုတ်ပါဘူး ဆရာ"

"အဲဒါဆို ဘာကြောင့်လဲ"

"ကျွန်တော်က ဘော်ဒီဂတ်မို့ပါ ဆရာ"

သူ့ရဲ့အဖြေစကားကြောင့် အတန်းတစ်တန်းလုံးက ဝါးလုံးကွဲ ရယ်ချလေကြသည်။ အမ်ဘုံမှာ ရှက်လွန်း၍ ဘယ်နား မျက်နှာသွားထားရမလဲတောင် မသိတော့ပေ။

ဆရာက သူ့ရဲ့ဘုကျကျ သံပြတ်အဖြေကို ဒေါသဖြစ်ဟန်ဖြင့် ထပ်မေးလေသည်။





"ဘော်ဒီဂတ် ... မင်းက ဘယ်သူ့ရဲ့ဘော်ဒီဂတ်လဲ ပြောစမ်း"

အမ်ဘုံသည် အရှက်တော့ကွဲပြီဆိုတာ သဘောပေါက်တာမို့ သူ့ကို ခပ်တိုးတိုးလေသံဖြင့် လှမ်းပြောရလေသည်။

"လူညိုရေ ... ငါတောင်းပန်ပါတယ်။ နင်က ဘယ်သူ့ရဲ့ ဘော်ဒီဂတ်ဆိုတာ မပြောလိုက်ပါနဲ့၊ ဆရာ့ကို တောင်းပန်ပြီး နေရာမှာထိုင်လိုက်ပါ။ ငါတောင်းပန်ပါတယ်"

အမ်ဘုံရဲ့စကားကြောင့် သူက အမ်ဘုံ မျက်နှာကို တစ်ချက်ကြည့်ကာ စိတ်လျှော့လိုက်ဟန်ဖြင့် သူ့ခုံမှာဝင်ထိုင်လေတော့မည့်ဟန်ပြင်ကာ ...

"တောင်းပန်ပါတယ် ဆရာ၊ နောက် ဒါမျိုးမဖြစ်စေရပါဘူး"

သူက ဆရာ့ကိုတောင်းပန်လျှင် ဆရာကလည်း စိတ်လျှော့သွားဟန်ဖြင့် "ထိုင်"ဟု ပြောလေသည်။ အမ်ဘုံသည်အခုမှပဲ အသက်ရဲရဲရှုနိုင်တော့သည်။ သူ့ကို အခြေအနေစောင့်ကြည့်ဖို့ သူထိုင်နေတဲ့ခုံကို ခိုးကြည့်နေလျှင်တော့ ဆရာကမြင်သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"စာသင်ခန်းမှာ စိတ်ကိုဟိုဟိုဒီဒီ မပို့ရဘူးဆိုတာ မင်း မသိဘူးလား မိန်းကလေး၊ မတ်တတ်ထစမ်း"

သေလိုက်တော့ အမ်ဘုံရေ။ အမ်ဘုံသည် ကိုယ့်ကို ပြောတယ်ဆိုတာ သဘောပေါက်ပြီး ထိုင်ရာကနေ လေးလေးကန်ကန် မတ်တတ်ထရပ်လိုက်လျှင် ဆရာက နဂိုဒေါသမပျောက်သေးဟန်ဖြင့် ...

"မင်း စာကို စိတ်ပါပါနဲ့သင်ဖို့ လိုအပ်လိမ့်မယ်၊ မင်း နာမည် ဘယ်သူလဲ"

အမ်ဘုံက ငိုတောင်ငိုချင်လာမိလျှင် မျက်နှာကိုမဲ့၍ ဘာပြောရမှန်းမသိ ဖြစ်နေသောအခါ သူက ဆတ်ခနဲမတ်တတ်ထရပ်ကာ ...

"ဆရာ ... ကျွန်တော်က သူ့ရဲ့ဘော်ဒီဂတ်ပါ၊ သူ့ကို ပြောချင်ရင် ကျွန်တော့်ကိုပဲပြောပါ ဆရာ"

အမ်ဘုံသည် မျက်နှာကို လက်ဝါးဖြင့် တစ်ချက်ပွတ်လိုက်ကာ အဲဒီနေရာမှာတင် အငွေ့ပျံပျောက်ကွယ်သွားချင်စိတ်တွေ ပေါက်လာတော့သည်။ ဆရာက သူ့ကို စိတ်တိုလာသည့်မျက်ဝန်းတွေဖြင့်ကြည့်ကာ ...





"အေး ... ဘော်ဒီဂတ်ဆိုတဲ့ကောင်။ မင်း အတန်းပြင်သာ ထွက်လိုက်ပေတော့။ မင်းရှိနေရင် ငါ စာသင်နိုင်မှာမဟုတ်ဘူး"

"ဟုတ်ကဲ့ပါ ဆရာ ... သွားခွင့်ပြုပါ"

သူက အမ်ဘုံကို လက်မတစ်ချက်ထောင်ပြ၍ မျက်မှန်ကိုပြန်တပ်ကာ အတန်းပြင်သို့ ထွက်လာခဲ့လေသည်။ အမ်ဘုံသည် ဟူးခနဲ လေပူမှုတ်ထုတ်၍ ဆရာကထိုင်ခိုင်းလေမှ ထိုင်လိုက်ရလေသည်။ ဆန္ဒက အမ်ဘုံရဲ့လက်တွေကို ခပ်ဖွဖွဆုပ်ကိုင်ကာ ...

"အမ်ဘုံ ... နင့်ရဲ့ ဘုကန့်လန့်ဘော်ဒီဂတ်နဲ့တော့ နင် တော်တော်စိတ်ရှုပ်မှ ဖြစ်လိမ့်မယ်နော်၊ သူ့ကိုနားဝင်အောင် ကိုယ့်ဘက်ပါအောင် နည်းလမ်းသုံးဖို့ လိုလိမ့်မယ် ထင်တယ် အမ်ဘုံ"

ဆန္ဒရဲ့စကားကြောင့် အမ်ဘုံသည် သက်ပြင်းရှည်ကြီးတစ်ခုချကာ လူညိုချောကို ပုံစံကျသွားဖို့ ဘယ်လိုစွမ်းဆောင်ရမလဲ ဆိုတာ စဉ်းစားနေမိတော့သည်။ သူ့ရဲ့တာဝန်ဆန်လွန်း



www.burmeseclassic.com

www.burmeseclassic.com



သော ပုံစံကြောင့် အမ်ဘုံဟာ ဆရာသင်နေတဲ့ စာတွေတောင် ကြားတစ်ချက် မကြားတစ်ချက်ဖြင့် ရင်မောရပါသည်။

"ငါ သူ့ကို ဘယ်လိုလက်ဆင်ပေးရမလဲ မသိဘူး၊ ဆန္ဒ... နင်လည်း စဉ်းစားဦးဟာ၊ ဒီတိုင်းကြီး ငါတို့နောက် တကောက်ကောက် လိုက်နေရင် အခက်ပဲ"

"ပူမနေပါနဲ့ဟယ်၊ အဆင်ပြေနိုင်မယ့် နည်းတစ်နည်းတော့ တွေ့မှာပါ"

အမ်ဘုံသည် ဆန္ဒရဲ့အားပေးမှုကို ခေါင်းတစ်ချက်သာ ညိတ်ပြရင်း အပြင်ဘက်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ လက်နှစ်ဖက်ကို နောက်ပစ်၍ ကိုယ်ကိုမတ်မတ်အနေအထားဖြင့် မျက်နှာကြောတင်းတင်း စောင့်နေသော လူညိုချောကို အမ်ဘုံက သိပ်စိတ်ကုန်တယ်ပဲ ပြောကြပါစို့။

✧ ❦ ✧





## ၁

ညိုချောသည် ကိုယ့်ရဲ့တာဝန်ဝတ်စုံဖြစ်သော ကုတ်အနက်နှင့် စတိုင်လ်ပန်အနက်ကို ကော့ကြော့နေအောင် မီးပူထိုးနေရင်း ဦးချစ်နှင့် စကားစမြည် ပြောဆိုနေမိသည်။ ဦးချစ်သည် အမ်ဘုံတို့အိမ်ရဲ့ မာလီဖြစ်ပြီး အင်မတန်မှ သဘောကောင်းကာ ရယ်စရာပြောတတ်သောလူ ဖြစ်သောကြောင့် သူက ဦးချစ်ကိုဆို အရမ်းခင်ပါသည်။

"အမ်ဘုံက စာတော်တော့ တော်ပါတယ်။ ဒါပေမဲ့ တစ်ခါ တစ်ခါ သူက ဂျစ်တစ်တစ်နဲ့ဗျ။ ဘယ်လိုမှန်းမသိပါဘူး ဦးချစ်ရာ"



www.burmeseclassic.com

www.burmeseclassic.com



သူက ဘောင်းဘီကို အပြီးသတ်ခေါက်ပြီးသွားလျှင်တော့ ဦးချစ်နှင့်စကားဖြတ်ကာ ရေချိုးဖို့ပြင်လိုက်တော့သည်။ အင်း ... ဒီနေ့လည်း သင်တန်းသွားရဦးမယ်။ သူဟာ အဲဒီသင်တန်းမှာတော့ တကယ့် လူကြမ်းကြီးပဲဖြစ်သည်။ အဖေနှင့်အမေရယ်၊ ဆရာကြီးတို့ရယ် သူတို့ရဲ့မျက်နှာကိုငဲ့ပြီး သူနှင့် ရွယ်တူတန်းတူတွေကြားမှာ ငပေါကြီး အဖြစ်ခံကာ အမ်ဘုံရဲ့ သက်တော်စောင့် ဖြစ်စေခဲ့တာဖြစ်သည်။

သူက တွေးရင်း ဆွေးရင်းနှင့် ရေချိုးခန်းဝင်နေတုန်းမှာ အပြင်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ သူက မသိတော့ပါ။ အဲဒါကို အခွင့်ကောင်းယူကာ အမ်ဘုံက သူ့အခန်းထဲသို့ ခိုးဝင်ကာ မီးပူနှင့်သူ့ရဲ့ဘောင်းဘီကို ယူလာကာ အပြင်မှာ မီးပူကို ပလပ်တပ်၍ ဘောင်းဘီရဲ့အနောက်ဖင်နှစ်ဖက်ကို မီးကျွမ်းအောင် ဖိကပ်အပူပေးတော့သည်။

ဟီ ... ဟိ သွားပြီ။ သူ့ရဲ့ချစ်ခင်မြတ်နိုးလှသော စတိုင်လ်ပန်ကြီး မီးကျွမ်းသွားပြီ။ အမ်ဘုံသည် ခြေရာလက်ရာမပျက် ပြန်ခေါက်ကာ မီးပူနှင့် ဘောင်းဘီကို သူ့အခန်းကစားပွဲပေါ်မှာ ပြန်တင်ထားလိုက်ပါသည်။





သူ ရေချိုးခန်းထဲက ပြန်ထွက်လာသောအခါမှာတော့ မျက်နှာကို တဘက်ဖြင့်သုတ်နေတုန်းမှာပဲ နှာခေါင်းထဲမှာ တူးသလိုလို ညှော်သလိုလို အနံ့ရသလိုရှိသဖြင့် ဒီအနံ့ ဘယ်ကလဲဆိုပြီး ဇစ်မြစ်လိုက်ရှာလိုက်လျှင်တော့ သူ့မီးပူဘေးက ဘောင်းဘီဆီက လာတာဖြစ်သည်။ ညိုချောသည် ဘောင်းဘီကို ဖြန့်ချလိုက်လျှင် မီးကျွမ်းကာ ပေါင်းလောင်းပေါက်တောင် ဖြစ်နေသည့် ဘောင်းဘီလေးကို ဖြန့်ကြည့်ကာ ဘယ်သူ့လက်ချက်လဲဆိုပြီး စဉ်းစားမိလေသည်။

"ဦးချစ် ... ဒီကို ခဏလာပါဦး"

သူက ထည်ဝါခန့်ညားသော အသံကြီးဖြင့် ဦးချစ်ကို လှမ်းအော်လိုက်လျှင် ဦးချစ်က အပြေးအလွှားရောက်လာကာ ...

"ဘာဖြစ်သလဲ ကောင်လေး"

"ကျွန်တော့်ဘောင်းဘီကို ဦးချစ် လုပ်လိုက်တာမှလား"

"ဟာ ... မဟုတ်ရပါဘူး ကောင်လေးရာ။ ငါက ဒီဘောင်းဘီကို အဲဒီအခြေအနေဖြစ်အောင် လုပ်စရာလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ဘာကိစ္စ ဒီဘောင်းဘီက ဒီလိုဖြစ်ရတာလဲ။ ဘယ်သူ လုပ်တာလဲ"

သူက ယောက်ယက်ခတ်ကာ စွတ်အော်လျှင် အမ်ဘုံနှင့် ဆန္ဒက သူ့အခန်းဆီသို့ ဝင်လာကာ ...

"ဘာဖြစ်နေကြတာလဲ ... ဆူညံနေတာပဲ"

"ဒီမှာလေ ... ငါ့ဘောင်းဘီ မီးကျွမ်းသွားလို့"

"ဟယ် ... ဘယ်လိုဖြစ်ရတာတုန်း"

ဆန္ဒက အိုက်တင်ကောင်းစွာ မသိနားမလည်ဟန်ဖြင့် ဝင်ပြောလေလျှင် ညိုချောသည် ဒေါသူပုန်ထကြွနေသော မျက်နှာတင်းတင်းကြီးဖြင့် ...

"ငါ့ဘောင်းဘီကို ဒီလိုဖြစ်အောင် ဘယ်သူလုပ်တာလဲကွ ... ဟေ"

"ဟဲ့ ... ဒီမှာ လူညိုချော၊ ဒီဘောင်းဘီလေး တစ်ထည်အတွက်နဲ့ အဲဒီလောက် တွန့်တိုစရာလား။ ဒီဘောင်းဘီ အဲလိုဖြစ်သွားတော့ ဘာဖြစ်သေးလဲ။ နင့်မှာ တခြားဝတ်စရာအကျႌတွေ ဘောင်းဘီတွေ ရှိသေးတာပဲဟာ ....တိတ်တော့။ ဘာမှ ဘယ်သူ့ကိုမှ ပြဿနာရှာမနေစမ်းနဲ့"





အမ်ဘုံက ခပ်တည်တည်နှင့် ဟောက်စားဝင်လုပ်လျှင် သူကလည်း ပါးစပ်ပိတ်ကာ ငြိမ်ကျသွားလေတော့သည်။ ဒါပေမဲ့ သူ့ဘောင်းဘီကို လုပ်သွားသော သူကိုတော့ တကယ်ပဲ မကျေနပ်သေးပါ။ အားလုံးက ငြိမ်တိတ်သွားလျှင် အမ်ဘုံနှင့် ဆန္ဒက သူတို့အခန်းထဲကနေ ထွက်လာပြီးတော့မှ အမ်ဘုံက ဆန္ဒကို တံတောင်ဖြင့် တွတ်လိုက်ကာ မျက်ခုံးပင့်ပြလေသည်။

"ဒီနေ့ကတော့ အေးဆေးပဲ ဆန္ဒရေ"

အမ်ဘုံက လေလေးတစ်ချက်ပါ ချွန်လိုက်ပြီး အပေါ်ထပ်သို့ ပြန်တက်ကာ ကျောင်းသွားဖို့ပြင်ဆင်လိုက်တော့သည်။ အဲဒီလေချွန်သံနှင့် စကားသံသဲ့သဲ့ကို သူက ကြားလိုက်လေသော အခါ အစီပွာယ်ရှိသော အပြုံးတစ်ခုကို ပြုံးကာ ခေါင်းကိုအသာယမ်းလိုက်မိတော့သည်။

မင်းလက်ချက်ဆိုတာ ငါ သိသားပဲ အမ်ဘုံရာ။

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



“အမ်ဘုံရေ ... တံခါးဖွင့်ဦးဟေ့။ အမ်ဘုံ့ဘော်ဒီဂတ် တစ်ယောက်က အသွင်ဒီဇိုင်း မပြောင်းလဲဘူးဟေ့၊ ထွက်ကြည့်ကြဦး”

ဒေါ်လေးစိန်က အမ်ဘုံတို့ရဲ့အခန်းတံခါးကို တဒုန်းဒုန်းလာထုကာ လူညိုချောအကြောင်းကို လှမ်းပြောလျှင် အမ်ဘုံသည် အံ့ဩတကြီးဖြင့် တံခါးကိုဖွင့်လိုက်ပြီး ...

“ဟုတ်ရဲ့လား ... ဒေါ်လေးစိန်ရယ်”

“ဩော် ... ဘော်ဒီဂတ်ကဖြင့် ပေါ်တီကိုအောက်တောင်ရောက်နေပြီ။ လာ ... ဝရန်တာကနေ လိုက်ကြည့်”

အမ်ဘုံနှင့် ဆန္ဒသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဒေါ်လေးစိန်ခေါ်ရာ ဝရန်တာဆီသို့ လိုက်လာ





ခဲ့တော့သည်။ ဘယ်လိုများ ဖြစ်တာပါလိမ့်။ အမ်ဘုံသည် ဝရန်တာကနေ သူ့ဒီဇိုင်းကို လှမ်းကြည့်ကာ ဟူးခနဲ သက်ပြင်းချရကာခေါင်းကို အသာယမ်းရလေသည်။ အနောက်တိုင်းဝတ်စုံအပြည့်နှင့် ကားဘေးမှာ အသင့်စောင့်နေသော လူညိုချောကို အမ်ဘုံဟာတော်တော်စိတ်ကုန်နေပြီဖြစ်သည်။

အမ်ဘုံသည် ဆန္ဒနှင့်အတူ အောက်ထပ်ကို ဆင်းလာကာ သူ့ဆီသို့ သွားလိုက်ပြီး ...

“လူညိုချော ... နင် အဲဒါဘာလုပ်နေတာလဲ”

“ကျောင်းသွားဖို့လေ၊ အမ်ဘုံ ပြင်တော့ ဆင်တော့ဟေ့ နောက်ကျသွားလိမ့်မယ်”

အမ်ဘုံသည် နားထင်ကို လက်ဖြင့်အသာပွတ်သပ်ရင်းက သူ့ကို မရဲတရဲ ခွင့်တောင်းရလေသည်။

“ဟို ... လူညိုချော၊ ဒီနေ့ ကျွန်မတို့သင်တန်းမသွားဘူး၊ သင်တန်းက ကိုဆူးတို့အုပ်စုနဲ့ချိန်းပြီး gathering လေး လုပ်မလို့ ... အဲဒါ”



www.burmeseclassic.com

www.burmeseclassic.com



"မသွားရပါဘူး ... မင်းကို ရန်ကုန်လွှတ်တယ်ဆိုတာ gathering သွားနိုင်းဖို့ မဟုတ်ဘူး၊ မင်းမိဘတွေက management ပညာကို သင်ခိုင်းထားတာ၊ ကျောင်းပဲသွားမယ်၊ အဆင်သင့် သွားပြင်ပါ အမ်ဘုံ"

အမ်ဘုံက တောက်တစ်ချက်ခေါက်ကာ ဆံပင်တွေကို ရှုပ်ဖွလိုက်ပြီး အခန်းထဲသို့ ပြန်ဝင်သွားလိုက်တော့သည်။ တောက် ... အရမ်းစိတ်တိုဖို့ကောင်းတာပဲ။ အမ်ဘုံသည် ခုတင်ပေါ်မှာ ရှုပုပ်နေသော မျက်နှာဖြင့် ဝင်ထိုင်ရင်း ဘာမှမလုပ်ဘဲ ထိုင်နေလေသည်။ ဆန္ဒက အမ်ဘုံ့ရဲ့ဆံပင်တွေကို ခပ်ဖွဖွပွတ်သပ်ပေးကာ ...

"အမ်ဘုံလေးရယ် ... သူပြောတာလည်း ဟုတ်တော့ဟုတ်ပါတယ်ဟဲ့။ ငါတို့ကိုက သွားပြီးရှည်ကြောမိတာကိုး"

"ငါလေ သူ့ရဲ့မျက်နှာကို ကုတ်ဆွဲပစ်မိတော့မယ်။ တကယ် စိတ်တိုလာပြီ"

အမ်ဘုံက ဒေါသတွေထွက်ကာ ကြိတ်မနိုင်ခဲမရဖြင့် တရှူးရှူးတရှဲရှဲဖြစ်နေလျှင် ဆန္ဒက အမ်ဘုံရဲ့ပခုံးကို ခပ်ဖွဖွဖက်ကာ ...





"ဘာမှစိတ်ပူမနေနဲ့ gathering သွားချင်တယ်ဆိုရင် ငါ မဖြစ်,ဖြစ်အောင် ကူညီပေးမယ်၊ နင်သာ စိတ်ကလေးကို နည်းနည်းရှည်ရှည်ထားပြီး ကျောင်းသွားဖို့ ပြင်လိုက် ... အိုခေ၊ ငါကိုယုံတယ်မှလား အမ်ဘုံလေး"

အမ်ဘုံသည် ဆန္ဒရဲ့မျက်နှာကို အားကိုးတကြီးငေး ကြည့်လိုက်လျှင်တော့ ဆန္ဒက အမ်ဘုံ့ကို မျက်စတစ်ချက်ပစ်ပြသည်။ အမ်ဘုံသည် ဆန္ဒရဲ့လက်တွေကို ယုံကြည်ကိုးစားစွာ ဆုပ်ကိုင်လိုက်ပြီး ....

"ယုံကြည်ပါတယ် ဆန္ဒရယ်။ နင်ကလေ ငါ့ရဲ့အစ်မတစ်ယောက်လိုပဲ အရမ်းလည်း အားကိုးရတယ်၊ အရမ်းလည်း ချစ်ဖို့ကောင်းတယ်။ ငါ့ကို အခုလို ဂရုစိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ် ဆန္ဒ"

"မလိုပါဘူးဟာ၊ ငါတို့ကြားမှာ ကျေးဇူးဆိုတာ ပြောဖို့မလိုပါဘူး"

"တိ ... တိ ... တိ"



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်က ဟွန်းသံကြောင့် အမ်ဘုံက မျက်နှာကို ရှုံ့မဲ့လိုက်ပေမယ့် ဆန္ဒကတော့ အမ်ဘုံရဲ့ပုံစံကို သဘောတကျဖြင့် ရယ်မောကာ အမ်ဘုံရဲ့ပါးလေးတစ်ဖက်ကို ဆွဲညှစ်လိုက်ပြီး ...

"ကဲ ... ထ ... ထ ... အင်္ကျီလဲတော့ အမ်ဘုံရေ၊ အောက်က ဂုမ္ဘာန်ယက္ခ ဘော်ဒီဂတ်ကြီးက အသေသတ်တော့မယ့် ဒီဖိုင်းနဲ့ မြန်မြန်လုပ်ဟော့၊ ငါ ဒီမှာ အဆင်သင့်လုပ်ထားလိုက်မယ်ဟော့"

အမ်ဘုံဟာ ဗီရိုထဲက လှိုင်းတွန့်လိပ်ပြာအင်္ကျီ ပြာလွင်လွင်ကို skinny ဂျင်းအနက်ဖြင့် ခပ်မြန်မြန် အဝတ်လဲကာ အိတ်ကိုကောက်လွယ်၍ ဆန္ဒ လက်မောင်းကိုတွဲချိတ်ကာ အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။

"အမ်ဘုံ ... မှင်နဲ့နေနော်။ ကျောင်းရောက်တာနဲ့ ငါတို့သွားရမယ့်နေရာက toilet ပဲ၊ အဲဒီရောက်မှ ရုပ်ဖျက်အင်္ကျီလဲသင့် လဲပေါ့ဟယ်"

"အေးပါ ... အေးပါ စိတ်ချ၊ ငါ အိုက်တင်ကောင်းပါတယ် ဆန္ဒရဲ့"





အမ်ဘုံသည် ဆန္ဒရဲ့လက်ကိုဆွဲကာ ပေါ်တီကိုအောက်ကို လာခဲ့ကာ သူဖွင့်ပေးသောဘက်အခြမ်းမှ မတက်ဘဲ တခြားဖက်က ကားတံခါးဖွင့် ဝင်ထိုင်ရန် တွေးထားပေမယ့် ဟန်မပျက်စေဖို့ အမ်ဘုံက သူဖွင့်ပေးသောဘက်အခြမ်းမှာပဲ ဝင်ထိုင်လိုက်လေသည်။

သူကတော့ ထုံးစံအတိုင်း မျက်မှန်အမည်းကြီးတပ်ဆင်ကာ ဘော်ဒီဂတ်ဟန်ဖြင့် အမ်ဘုံ့အနားမှာ အသင့်ရှိနေသူဖြစ်ပါသည်။

"ရောက်ပါပြီ ... အမ်ဘုံ"

သူက မနေ့ကအတိုင်းပင် ပတ်ဝန်းကျင်ကို အကဲခတ် လေ့လာပြီးမှ အမ်ဘုံကို ကားတံခါးဖွင့်ပေးသည်။ အင်း ... သန်းခေါင်ထက်တော့ ညဥ့်မနက်တော့ပါဘူးလေ။ အားလုံးက ဘော်ဒီဂတ်နှင့် ကျောင်းလာတက်သော အမ်ဘုံကို ထူးခြားသူမို့ သိနေကြပြီဖြစ်သည်။ အဲဒီအပေါ်မှာ ကိုယ်ကပါ ခံစားပေးနေလျှင် ရူးဖို့ပဲ ကျန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမ်ဘုံကို လုပ်ကြံချင်တဲ့သူက ဘယ်ဆီရောက်နေမှန်း မသိ။ ဘော်ဒီဂတ်ကတော့ အမ်ဘုံ့အနားမှာပဲ ပေကပ်ပြီးနေ,နေတာ ခွာလို့ကိုမရနိုင်ချေ။

အမ်ဘုံနှင့် ဆန္ဒသည် ခပ်သွက်သွက်ခြေလှမ်းတို့ဖြင့် toilet ဆီသို့ လျှောက်လှမ်းကာ toilet ထဲသို့ ဝင်လာလိုက်ကြသည်။ ဒီတစ်ခါတော့ သူက အထာနပ်သွားသူပီပီ အိမ်သာအပေါက်ဝမှာပဲ လက်နှစ်ဖက် နောက်ပစ်ကာ မှင်တည်တည်ဖြင့် ရပ်စောင့်နေလေသည်။ အဲဒီအခါသမယကို အမ်ဘုံတို့ကအခွင့်ကောင်းယူကာ ဆန္ဒ စီစဉ်လာသော ခေါင်းစွပ်ရက်(ပ်)ပါ အနွေးထည်ကို ထပ်ဝတ်ကာ မျက်မှန်ကြီးကြီးကိုတပ်၍ အမ်ဘုံဟာ ချစ်စုတို့မိန်းကလေးအုပ်စုကို ကာဗာယူကာ သူ့ရှေ့က ခပ်တည်တည်ပင် ထွက်ခဲ့တာတောင် သူက မသိပါ။ အမ်ဘုံက ချစ်စုတို့နှင့်အတူ ကန်တင်းမှာ စောင့်နေစဉ်မှာတော့ ဆန္ဒက အိမ်သာကနေ ဟန်မပျက်ထွက်လာလိုက်လျှင် အပေါက်ဝကနေ အသင့်စောင့်နေသောသူက ဆန္ဒကို လှမ်းတား၍ ...

"ဟော့ ... အမ်ဘုံကော"





"အထဲမှာ ... သူ့ကိစ္စမပြီးသေးလို့။ ရှင် စောင့်နေလိုက်လေ၊ ကျွန်မ ဟိုဘက်မှာ စာအုပ်ထုတ်စရာ ရှိသေးလို့"

"ကောင်းပြီ ... သွားပါ"

ဆန္ဒသည် သူ့ကို ပိပိရိရိလိမ်ကာ ဘတ်ခဲ့ပြီးနောက်မှာတော့ အမြန်ပင် ကန်တင်းဆီသို့ လစ်လာခဲ့ရသည်။ ဆန္ဒရောက်တာနှင့် အမ်ဘုံတို့တစ်တွေဟာ မြန်မြန်ပင် ဆန္ဒကိုခေါ်ကာ ကိုဆူးတို့နှင့် ချိန်းထားရာဆီသို့ သွားကြတော့သည်။ ဟိုဂေါက်ကြောင် လူညိုချောတော့ အိမ်သာအပေါက်ဝမှာ အပီပြင်သာစောင့်နေပေတော့။

အဲဒီလိုနှင့် အမ်ဘုံနှင့် ဆန္ဒသည် ကိုဆူးတို့အဖွဲ့နှင့် gathering ပွဲလေးလုပ်ရာသို့ သွားဖြစ်ကြလေသည်။ အမ်ဘုံသည် အပေါင်းအသင်းတွေဖြင့် တူတူ dancing floor မှာ ကကြ ခုန်ကြ ပျော်ပါးနေကြတာဟာ အချိန်တွေ ဘယ်လိုကုန်သွားမှန်းတောင် မသိပါ။ အမ်ဘုံသည် စည်းချက်အလိုက် ယိမ်းနွဲ့လူ့ပ်ယမ်းနေကာ ကလို့ကောင်းနေတုန်းမှာပဲ ဆန္ဒက အမ်ဘုံဘေး အသာအယာ တိုးကပ်လာကာ ခပ်တိုးတိုးလေသံဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အမ်ဘုံရေ ... ငါတို့တော့ ရှော့ခ်ကိုက်ပြီပော့။ တောသား ဘော်ဒီဂတ်ကြီး ရောက်လာပြီ၊ ငါတို့ကို ဘယ်လိုရှာတွေ့သွားသလဲ မသိဘူး"

"ဘာ ... ဘယ်လို"

အမ်ဘုံက အဲဒီစကားကြောင့် လန့်ဖျပ်သွားရကာ သူရှိနေတဲ့ဘက်ကို မျက်လုံးဖြင့် အသာရှိုးလိုက်လျှင်တော့ မျှော်လင့်မထားစွာဖြင့် သူ့ရဲ့မမိုတ်မသုန် စိုက်ကြည့်ခြင်းဖြင့် တည့်တည့်ကို အကြည့်ချင်း ဆုံလေသည်။ သူက လက်ကိုပိုက်ကာ တိုင်လုံးကို အမှီသဟဲပြုကာ ရပ်နေလျက် ဟန်ပါပါအပြုံးဖြင့် အမ်ဘုံကို မျက်တောင်မခတ် စိုက်ကြည့်နေတဲ့ပုံကို အမ်ဘုံမှာ ဒေါသတွေထွက်လာကာ သူ့ကို အပြတ်ကောတော့မည်အပြုမှာ အမ်ဘုံရဲ့လက်ကို ဆန္ဒက လှမ်းဆွဲပြီး တားလိုက်လေသည်။

"အမ်ဘုံ ... နင် ဘာမှအထွန့်မတက်နဲ့တော့။ ပြန်ကြရအောင်၊ ငါတို့ သူ့ကိုမျက်ခြည်ဖြတ်ခဲ့ပြီး DC ကိုလာခဲ့မိတာကိုက မှားတာပဲ။ အခု ငါတို့ရှိမယ့်နေရာကို သူရအောင် လိုက်နိုင်တယ် ဆိုကတည်းက ငါတို့ သူ့အရည်အချင်းကို အသိအမှတ်ပြုရလိမ့်မယ် အမ်ဘုံ။ ပြန်ကြစို့"





အမ်ဘုံက က,လို့ကောင်းတုန်းပဲ ရှိသေးတယ်၊ ဖျက်လိုဖျက်ဆီး လာလုပ်သော အဲဒီအနှောင့်အယှက်ကောင်ကို အမ်ဘုံက အသေသတ်ပစ်ချင်စိတ်တောင် ပေါက်သွားပါသည်။ အမ်ဘုံ ဘယ်လိုပြန်ရမှာလဲ။ အမ်ဘုံတို့ သူငယ်ချင်းတွေကြားမှာ အမ်ဘုံ ဘာဖြစ်သွားပြီလဲ။ Bodyguard ကိုတောင် တုန်နေအောင် ကြောက်ရရှာသည့် သနားစရာသူဌေးသမီးလေးအဖြစ် လူကြားထဲမှာ အရှက်ပြန်းပြန်းကွဲမှာဖြစ်သည်။ အိုး ... ဒါမျိုးတော့ အမ်ဘုံ အဖြစ်မခံနိုင်ပါ။ အမ်ဘုံသည် လူညိုချောဆိုတဲ့ကောင်ကို ဘုရှိုး ရှိုးလိုက်ကာ ဆန္ဒဘက်သို့ လှည့်လိုက်ပြီး ...

"မပြန်သေးဘူး ဆန္ဒ။ အခုချိန်မှာသာ သူလာခေါ်လို့ ငါတို့ပြန်ရင် ကိုဆူးတို့ကြားထဲမှာ ဝွမ်းသွားမှာပေါ့ဟဲ့"

"အမ်ဘုံ ... နင် ငါ့စကားကို နားထောင်ပါဟယ်။ အခု လူညိုချောနဲ့ ပြန်လိုက်သွားပြီး သူ့ကိုညှိလိုက်မယ်ဆိုရင် နောက်တစ်ခါ လစ်ထွက်ရင် ထွက်လို့ရဦးမယ်၊ နင်အခု ခေါင်းမာနေမယ် ဆိုရင်တော့ အခြေအနေက nogood နော်"



www.burmeseclassic.com

www.burmeseclassic.com



အမ်ဘုံသည် ဆန္ဒရဲ့ဖျောင်းဖျောင်းဖျဖျ ပြောဆိုမှုကြောင့် ဘာမှငြင်းလို့ မရတော့ဘဲ လက်ခံကာ ပြန်လိုက်လာရတော့သည်။ အမ်ဘုံသည် သူငယ်ချင်းတွေကို နှုတ်ဆက်ပြီးသည်နှင့် သူ့ကို မကြည့်စွာတစ်ချက်ကြည့်ပြီး ခပ်သွက်သွက်ပင် club ထဲက ထွက်လာခဲ့တော့သည်။ သူကတော့ ဘော်ဒီဂတ်ဟာန်၊ ဘော်ဒီဂတ်စတိုင်လ်ဖြင့် အမ်ဘုံတို့နောက်မှ လျှောက်လာလေသည်။

အမ်ဘုံသည် ဆန္ဒနှင့်အတူတူ ကားရှိရာသို့ လျှောက်လာစဉ်မှာတော့ အရှိန်အဟုန်ပြင်းပြင်းဖြင့် မောင်းချလာသော ကားတစ်စီးဟာ အမ်ဘုံဆီသို့ တန်းမတ်စွာ မောင်းလာတာဖြစ်သည်။ အမ်ဘုံရဲ့ဘော်ဒီဂတ်ဟာ ဘော်ဒီဂတ်ကောင်း ပီသစွာ အခြေအနေကို ရိပ်စားမိစွာဖြင့် အမ်ဘုံရဲ့လက်ကောက်ဝတ်ကို မိုင်မိုင်နိုင်နိုင် ဆုပ်ကိုင်ကာ ကားနှင့်ဝေးရာတစ်ဖက်ဆီကို ဆောင့်ဆွဲလိုက်သဖြင့် သူ့ရဲ့အင်အားကြီးမားမှုကြောင့် အမ်ဘုံဟာ လွင့်ခနဲ ပါလာကာ သူ့ရင်ခွင်ထဲသို့ အင့်ခနဲ ပစ်ကျလေ၏။

အကြမ်းပတမ်း မောင်းချလာသော ကားကတော့ အမ်ဘုံကို လုပ်ကြံမှု မအောင်မြင်သဖြင့် မိုင်ကုန်စွတ်နင်းကာ





ထွက်သွားလေတော့သည်။ အမ်ဘုံဟာ ကြောက်လွန်း၍ ဘာပြောလို့ ပြောရမယ်မှန်းတောင် မသိတော့ချေ။ သူ့ရင်ခွင်ထဲမှာဝင်နေပြီး ရုတ်တရက် နှုတ်တို့က ဆွံ့အနေလျှင် သူက ဘေးပတ်ဝန်းကျင်ကိုပါ လှေ့လာ၍ အမ်ဘုံကို ထိန်းတွဲရင်း ကားပေါ်သို့ တင်ပေးလေသည်။ ဆန္ဒကတော့ အမ်ဘုံ့မျက်နှာကို ခပ်ဆတ်ဆတ်လေးပုတ်ကာ လှုပ်နှိုးသလို သတိပေး၍ ...

"အမ်ဘုံ ... အမ်ဘုံ သတိထားလေဟယ်"

"ငါ ... ငါ ကြောက်လိုက်တာ ဆန္ဒရယ်"

အမ်ဘုံက ဆန္ဒရဲ့ပခုံးကိုမှီကာ ကတုန်ကယင်ပြောလိုက်လျှင် ရှေ့ခန်းမှာထိုင်နေသောသူက အမ်ဘုံဘက်သို့ လှည့်ကြည့်၍ ...

"မင်းမှာ အန္တရာယ်တွေရှိနေတယ် အမ်ဘုံ၊ အစစအရာရာ သတိထားပါ။ မင်းကိုယ်မင်း မမေ့ထားရမှာတစ်ခုက မင်းရဲ့အဘိုးအဘွား၊ မိဘတွေဟာ သူဌေးတွေဆိုတာကိုပဲ ...

ငါတို့ အိမ်ပြန်ကြမယ်၊ ဦးလေးစိုး အိမ်ကိုပဲမောင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



လူညိုချောက အိမ်ကိုပဲ ပြန်မောင်းစေကာ အမ်ဘုံကို အနားယူစေပါသည်။ အမ်ဘုံဟာ စိတ်မောလူမောဖြစ်ပြီး ဘာကိုမှ မတွေးနိုင်တော့ဘဲ နှစ်နှစ်ခြိုက်ခြိုက်ကိုပင် အိပ်ပျော်သွားရတော့သည်။ အမ်ဘုံ အိပ်ရာကနိုးသောအခါတွင်တော့ အောက်ထပ်မှာ လူညိုချောက အဆင်သင့် စောင့်လို့နေပေသည်။

"မင်းစိတ်တွေ ဒီလောက်ဆို တည်ငြိမ်သွားလောက်ပြီထင်တယ် အမ်ဘုံ"

သူ့ရဲ့ခပ်တည်တည်အမေးကြောင့် အမ်ဘုံသည် နဂိုမကြည်မလင်စိတ်အခံနှင့် သူ့ကို မျက်စောင်းတစ်ချက် ကဲကြည့်ကာ ဆန္ဒကိုမတွေ့သည်နှင့် သူ့ကိုမေးရလေသည်။

"ဆန္ဒရော ... ဆန္ဒ ဘယ်မှာလဲ"

"မင်းအတွက် ကြက်ဆူတ်ပြုတ်လုပ်ပေးဖို့ဆိုပြီး ကြီးစိန်နဲ့အတူ ဈေးသွားကြတယ်၊ ခဏနေ ပြန်လာတော့မှာပါ"

အမ်ဘုံက သူ့ကို ခေါင်းတစ်ချက်ဆတ်ပြကာ အပေါ်ထပ်သို့ ပြန်တက်တော့မယ်အလုပ်တွင် သူက လှမ်းတားလေသည်။





"ခဏလေး လာထိုင်ပါဦး အမ်ဘုံ၊ ငါ မင်းကိုပြောစရာရှိတယ်"

အမ်ဘုံက သူ့စကားကြောင့် ခပ်လေးလေးခြေလှမ်းဖြင့် လျှောက်လာကာ ဆိုဖာပေါ်မှာ ခြေထောက်ကို ချိတ်ထိုင်ကာ လက်ပိုက်၍ ပြော့ဆိုသောသဘောဖြင့် မေးဆတ်ပြလိုက်သောအခါမှာတော့ သူကစကားစလေသည်။

"မင်းကို ငါ မကျေနပ်တာတွေ ရှိတယ် အမ်ဘုံ။ ဒီနေ့မင်း ငါ့ကိုဘတ်ပြီးသွားတာ ဘာသဘောလဲ"

သူ့ရဲ့ခပ်ဆတ်ဆတ် အမေးကြောင့် အမ်ဘုံဟာ စိတ်ထဲမှာ ထောင်းခနဲ ဒေါသထွက်သွားတာကြောင့် ခုံကိုလက်ဝါးဖြင့် ဖြန်းခနဲပုတ်လိုက်ရင်းက ...

"ဟေ့ ... နင် အဲဒီစကား မသုံးစမ်းနဲ့ လူညိုချော။ နင့်မှာ အဲဒီလိုမျိုးပြောပိုင်ခွင့် မရှိဘူး၊ နင်က ငါ့ရဲ့အလုပ်သမားလေ။ နင့်မှာ ငါ့ကို ကာကွယ်ပေးခွင့်ပဲရှိတယ်။ တားမြစ်ပိုင်ခွင့် မရှိဘူး၊ သဘောပေါက်တယ်နော် ...

နောက်တစ်ခါ ငါ့ကို ဒီလိုစကားမျိုး ဘယ်တော့မှ မပြောပါနဲ့၊ ကိုယ့်အဆင့်ကိုယ်သိ"



www.burmeseclassic.com

www.burmeseclassic.com



အမ်ဘုံက ဒေါသဖြစ်ဖြစ်နှင့် သူ့ကို ငေါက်လိုက်လျှင် သူက အင်မတန်မှ အဓိပ္ပာယ်ပါသော အကြည့်တို့ဖြင့်ကြည့်ကာ မျက်နှာတစ်ခုလုံး ညှို့မှောင်အုပ်ဆိုင်းနေပြီး အမ်ဘုံကိုစူးကြည့်နေသည်။ အမ်ဘုံဟာ သူ့ရဲ့ပုံစံအတွက် ရုတ်တရက်တော့ ကြောင်အမ်းအမ်း ဖြစ်သွားရသည်။ အမ်ဘုံ့စကားက သူ့ကို တကယ်ကြီး ထိသွားပြီးလား။

"ဟို ... နင့်ကို ... ငါက ..."

အမ်ဘုံစကားကို ဆုံးအောင်ပြောခွင့်မပေးဘဲ သူက လက်တစ်ဖက်ကာပြ၍ ...

"ငါနားလည်တယ် အမ်ဘုံ၊ ငါလည်း မှားသွားခဲ့တယ်။ ဆောရီး ... မင်းကို ငါ အဲလိုမပြောရဘူး။ ငါက မင်းကို ကိုယ့်ညီမလို သဘောထားပြီး စောင့်ရှောက်တာပါ။ မိန်းကလေးတစ်ယောက်ဟာ ကလပ်တက်တယ်ဆိုရင် ငါတို့လို တောသားရဲ့အမြင်မှာတော့ ဘယ်လိုမှ အဆင်မပြေလို့ ပြောမိတာပါ၊ ငါ့ကို နားလည်ပါ"





လူညိုချောက အမ်ဘုံကို အဲဒီစကားတွေ လေးနက်စွာ ပြောလိုက်ပြီးသည်နှင့် ချာခနဲ လှည့်ထွက်သွားလေသည်။ အဲဒီအတွက် အမ်ဘုံ စိတ်မကောင်းပါ။ သူ့ကိုဒေါသဖြစ်ပြီး စွတ်ပြောလိုက်မိပေမယ့် သူ့စိတ်ကို နာကျင်စေလိုတဲ့ရည်ရွယ်ချက်မျိုး အမ်ဘုံ့မှာ မရှိရိုးအမှန်ပါ။

ဒါပေမဲ့ လူညိုချော အမ်ဘုံ့ကို စိတ်ဆိုးသွားပြီဆိုတာကိုတော့ ကိုယ့်ဘာသာနားလည်ကာ သူ့ကို အဲဒီလိုမျိုးပြောလိုက်မိလေခြင်းဆိုပြီး စိတ်မကောင်း ဖြစ်သွားရပါသည်။

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၂

ခြံထဲသို့ ဝင်ချလာသော ကားတစ်စီးကို သူက ပြတင်းပေါက်ကနေ လှမ်းမြင်လိုက်၍ ဘယ်သူများပါလိမ့်ဆိုပြီး ကိုယ်ကိုနည်းနည်းမတ်၍ ကြည့်လိုက်လျှင်တော့ ကားပေါ်ကဆင်းလာသူမှာ ဆရာကြီးနှင့် ဆရာကြီးကတော်ပဲဖြစ်သည်။

ဟာ ... ဆရာကြီးတို့က ဘယ်ကနေ ဘယ်လိုရောက်လာတာပါလိမ့်။ ညိုချောသည် ထိုင်နေရာကနေထကာ ဆရာကြီးတို့ကို ကြိုဆိုဖို့ အပေါက်ဝသို့ ပြေးထွက်သွားလျှင် သူ့ထက်ဦးစွာ အမ်ဘုံနှင့် ဆန္ဒက ဆရာကြီးတို့ကို ဆီးကြိုနှုတ်ဆက်နေလေသည်။





သူက ဆရာကြီးရဲ့လက်မောင်းကို တွဲလဲခိုကာ လျှောက်လာသော အမ်ဘုံကို တစ်ချက်ကြည့်ကာ လေပူတစ်ချက်မှုတ်ထုတ်လိုက်ရင်းက ဆရာကြီးတို့ဆီ လျှောက်လာခဲ့သည်။ ဆရာကြီးက သူ့ကိုမြင်လျှင် ပခုံးတစ်ချက်ပုတ်ကာ ...

"မောင်ညိုချော နေကောင်းရဲ့လား"

"ဟုတ်ကဲ့ ကောင်းပါတယ် ဆရာကြီး။ ဆရာကြီးက ဘယ်ကဘယ်လို ရောက်လာတာလဲ ခင်ဗျ၊ အကြောင်းထူးများရှိလို့လား"

သူ့အမေးကြောင့် ဆရာကြီးက အပြုံးတစ်ခုပြုံးကာ အမ်ဘုံ့ဘက်ကို လှည့်ကြည့်ပြီး အမ်ဘုံ့ခေါင်းလေးကို ခပ်ဖွဖွပွတ်သပ်ရင်းကို သူ့ကိုလှမ်းပြောလေသည်။

"အကြောင်းထူး ရှိတာပေါ့ကွ၊ မောင်ရင်က ကျုပ်သမီးကို အပြည့်အဝတော့ ကာကွယ်ပါတယ်တဲ့။ ဒါပေမဲ့ မောင်ရင်က သမီးလေးကို စိတ်ဆိုးပြီး စကားမပြောဘူးဆိုလို့ ကျုပ်က လိုက်လာရတာဗျာ"

"ဗျာ ... ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



သူက ဆရာကြီးရဲ့အဲဒီစကားကြောင့် အရမ်းအားနာသွားရပါသည်။ အမ်ဘုံ ဘာတွေသွားပြောထားလို့ ဆရာကြီးက ဒီအထိတောင် လိုက်လာရတာပါလိမ့်။

"ကဲပါ ... လာ၊ အိမ်ထဲဝင်ကြရအောင်"

"ဟုတ်ကဲ့ ဆရာကြီး။ ကျွန်တော် ပစ္စည်းတွေသယ်လိုက်ဦးမယ်"

ညိုချောက ခပ်သွက်သွက် ကားထဲကပစ္စည်းတွေကို သယ်မ,ကာ အိမ်ထဲသို့ သွင်းလေသည်။ ပစ္စည်းပစ္စယတွေအားလုံး နေရာချကာ သိမ်းဆည်းပြီးသွားသည့် နောက်မှာတော့ ဆရာကြီးတို့ စားဖို့သောက်ဖို့အတွက် သူကိုယ်တိုင် အားတက်သရော ဝင်ကူလုပ်ပေးနေသည်။ သူ့ရဲ့တက်ကြွစွာသော လုပ်ကိုင်ပုံကြောင့် ဆရာကြီးက သူ့ကိုတောင် ဝင်တားယူရပါသည်။

"မောင်ညိုချော အေးအေးဆေးဆေးနေပါကွာ။ မင်းမလည်း ဆရာတို့လာတာနဲ့ ကရိကထတွေ များလိုက်တာ"

"အာ ... ဘာမှမများပါဘူး ဆရာကြီးရာ။ ကျွန်တော့်ရဲ့ ကျေးဇူးရှင်ဆရာကြီးနဲ့ ဆရာကြီးကတော်ကို ဒီရောက်တုန်း ရောက်ခိုက် လုပ်ပေးရတာပေါ့"





"အေးပါကွာ ... အေးပါ။ ကဲ ... ကဲ ... မောင်ညိုချော ဆရာကြီးတို့လည်း နားလိုက်ဦးမယ်၊ ညစာစားရင်းနဲ့မှ အေးဆေးစကားပြောကြတာပေါ့"

ညိုချောသည် ဆရာကြီးတို့အနားယူနေသည့် အချိန်မှာ သူကိုယ်တိုင် ကြီးစိန်နှင့်အတူ မီးဖိုခန်းထဲသို့ဝင်ကာ လက်စွမ်းပြလေတော့သည်။ သူက တောသားပီပီ ဟင်းချက်တော့ ကျွမ်းကျင်ပါသည်။ သူချက်တဲ့ ကြက်သားကာလသားချက်ဆို ဆရာကြီးက အရမ်းကြိုက်တာကြောင့် သူက ဝင်လက်စွမ်းပြရတာ ဖြစ်သည်။

ဆရာကြီးတို့ဒီရန်ကုန်ရောက်လာတာ ဘာအကြောင်းထူးများ ရှိပါသလဲဆိုတော့ ဆရာကြီးရဲ့အဖြေကြောင့် သူက အရမ်းအံ့သြရပါသည်။ အမ်ဘုံက ဆရာကြီးကို ဘာတွေများသွားပြောထားလို့ ဆရာကြီးက ဒီထိတောင်လိုက်လာရတာလဲ။ သူဟာ ချက်ရင်း ပြုတ်ရင်းနဲ့ပဲ တွေးတောနေခဲ့ရပါသည်။

"ဟဲ့ ... ညိုချော၊ ဟင်းအိုးဆူနေပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



ကြီးစိန်က သတိပေးမှ သူက သတိဝင်ကာ ဟင်းပြန်ချက်လေတော့သည်။ ညနေပိုင်း dinner ပွဲမှာတော့ သူက အားလုံးပြင်ပြီးဆင်ပြီး နောက်မှာတော့ သူကိုယ်တိုင် ဆရာကြီးကို သွားခေါ်လေသည်။

"ဆရာကြီးနဲ့ ဆရာကြီးကတော် ထမင်းသုံးဆောင်လို့ရပါပြီ၊ ထမင်းစားခန်းကိုကြွပါ ခင်ဗျ"

ဆရာကြီးတို့နှင့်အတူ အမ်ဘုံရယ် ဆန္ဒရယ်ပါ ထမင်းစားခန်းသို့ဝင်ကာ လိုက်လာလျှင် သူ့ရင်ထဲမှာ ငြိမ်းချမ်းသွားရပါသည်။

"မောင်ညိုချော ... တစ်ခါတည်းဝင်စားလိုက်လေ"

"ဩော် ... ရပါတယ်ခင်ဗျ။ ကျွန်တော်နောက်မှပဲ စားပါတော့မယ်"

"ကဲပါ ... မောင်ညိုချောရယ်၊ မင်းကလည်း မိသားစုဆန်ဆန် ထမင်းဝိုင်းလေးကို စားရအောင်ကွာ။ ကဲ ... လာထိုင်"





ဆရာကြီးက အတင်းကာရော ဝင်ပြောလျှင် သူက အားနာတာကြောင့်ပဲ ထမင်းစားဝိုင်းမှာ ဝင်ထိုင်လိုက်လေသည်။

စားရင်းသောက်ရင်းကနေ ဆရာကြီးက စကားစလေသည်။

"မောင်ညိုချောက ဆရာ့သမီးလေး အမ်ဘုံကို စောင့်ရှောက်ကာကွယ်ပေးတဲ့အတွက် ဆရာက ကျေးဇူးအများကြီးတင်ပါတယ်။ သမီးက အလိုလိုက်ခံရတော့ နည်းနည်းဂျစ်ကျချင်တယ်၊ မောင်ညိုချောပဲ သည်းခံပေးပါ ...

တလောက ဖြစ်ခဲ့တဲ့ ကားနဲ့လုပ်ကြံတဲ့ကိစ္စက ဆရာတို့အတွက် အရမ်းစိတ်ပူစရာကောင်းတယ်၊ သမီးကို အရင်ကထက်ပိုပြီး စောင့်ရှောက်ပေးပါ။ အမ်ဘုံ ပြောလိုက်လေ"

ဆရာကြီးက အမ်ဘုံ့ကို လှမ်းဟန့်လိုက်လျှင် အမ်ဘုံက ထမင်းစားနေတာကို တန့်လိုက်ပြီး မချိုမချဉ်မျက်နှာဖြင့် သူ့ကို လှည့်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... လူညိုချော၊ နင့်ကို ငါ တောင်းပန်ပါတယ်။ တစ်နေ့က ပြောခဲ့တဲ့စကားက နင့်ကိုနှိမ်လိုတဲ့ဆန္ဒနဲ့ ပြောခဲ့တာ မဟုတ်ပါဘူး၊ ရုတ်တရက် ပြောမိပြောရာ ပြောမိတာပါ"

သူမရဲ့တောင်းပန်မှုကြောင့် သူက ဘာရယ်မဟုတ် ဆရာကြီးကတော်ကို လှမ်းကြည့်လိုက်လျှင် သူ့တစ်ကိုယ်လုံး အငွေ့ပျံ ပျောက်ကွယ်သွားချင်စိတ်တောင် ပေါက်သွားပါသည်။ ဆရာကြီးကတော်က သူ့ကို မကြည်လင်ဘူးဆိုတာ သူ သဘော ပေါက်ရပါသည်။

"ကဲ ... မောင်ညိုချော။ သမီးရဲ့စကားကြောင့် မင်းလည်း ဘာမှစိတ်မကောင်း ဖြစ်မနေနဲ့၊ သမီးက အပြောအဆိုမ တတ်ဘူး။ သူက မရည်ရွယ်ဘဲနဲ့ အဲဒီလို ခွတ်ခနဲ ခွတ်ခနဲ ပြောတတ်တာကွ၊ ဘာမှ စိတ်ထဲထားမနေနဲ့"

"ဟုတ်ကဲ့ ... ရပါတယ် ဆရာကြီးရယ်။ ကျွန်တော့်စိတ်ထဲမှာလည်း ဘယ်လိုမှ မနေပါဘူး၊ အဲဒါအတွက် အမ်ဘုံကလည်း တောင်းပန်ဖို့မလိုပါဘူး၊ အရာအားလုံးအတွက် ကျွန်တော် ကျေနပ်ပါတယ်"





"ကဲ ... အားလုံး အဆင်ပြေသွားပြီဆိုတော့ ဆရာစိတ်ချမ်းသာသွားပြီ၊ သမီးကို မောင်ညိုချောက ကိုယ့်နှမအရင်းလေးလို စောင့်ရှောက်ပေးပါ ...

အေး ... ပြီးတော့ ဒီတစ်ပတ် test မှာ မောင်ရင် A plus အဆင့် ရတယ်ဆို၊ မင်း တော်တယ်ကွ။ ဆရာ ပျိုးထောင်ပေးရကျိုးနပ်တယ်။ အမ်ဘုံနဲ့ ဆန္ဒကကော ဘာလို့ A plus မရကြတာတုန်း"

ဆရာကြီးက အချိုပွဲစားနေရင်းကမှ အမ်ဘုံနှင့်ဆန္ဒကို အမေးပြုလိုက်လျှင် သူမတို့နှစ်ယောက်စလုံးက ဟိုတွေဟင်တွေဖြင့် အဖြေရခက်နေပုံရပါသည်။ ဖြစ်မှာပေါ့ ... တစ်နေ့တစ်နေ့ သူတို့က shopping ပဲ ပတ်နေတာကိုး။

"ကဲ ... ကဲ ... ဖေဖေ တစ်ခါတည်း ပြောလိုက်မယ်။ အမ်ဘုံ ... ဆန္ဒ ... ဒီနေ့ညကစပြီးတော့ ညိုချောနဲ့အတူ စာလုပ်ရမယ်၊ အဲဒါ နေ့တိုင်းနော်။ ညိုချော ... မင်း အမ်ဘုံတို့ကို နားမလည်တာရှိရင် ရှင်းပြပေးလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ... အဲဒါ မဖြစ်နိုင်ဘူး"

အမ်ဘုံက အသည်းအသန်ခဲမှန် ငြင်းဆန်နေတာကို တောင် ဆရာကြီးက လုံးဝလက်မခံစွာဖြင့် အပြတ်ပြောလေသည်။

"နီး ... ဘာမှကွန်ပလိန်းတက်မလာနဲ့ အမ်ဘုံ၊ ညိုချော ... မင်း အမ်ဘုံနဲ့ဆန္ဒကို ပြန် Guide လုပ်ပေးပါ။ အကယ်၍ များ သူတို့က မင်းရဲ့ guide line အတိုင်း မနာခံဘူးဆို ဆရာ့ကိုပြန်ပြော၊ ချက်ချင်း ပင်းတယကို ပြန်ပို့လိုက်မယ်၊ ဒါပဲ"

ဆရာကြီးရဲ့စကားကြောင့် သူဟာ အမ်ဘုံကို မျက်နှာပူသွားရပါသည်။ တဖြည်းဖြည်းနှင့် သူ့ရဲ့လုပ်ပိုင်ခွင့်တွေဟာ များလာသောအခါ သူဟာ မွန်းကျပ်လာမိသည်။ အမ်ဘုံက ဒေါသတွေထွက်ကာ မျက်နှာကြီးစူပုပ်၍ ထထွက်သွားလေတော့သည်။ ဆန္ဒကတော့ ထုံးစံအတိုင်း အမ်ဘုံ နောက်သို့လိုက်သွားလေသည်။





"အဲဒါပဲကြည့် ... ညိုချောရေ။ သမီးက အဲဒီလိုပဲ၊ မင်းရဲ့စာရိတ္တကော အရည်အချင်းပါ ယုံကြည်လို့ ဆရာက သမီးကို အပ်တာပါ။ မင်းညီမကို မင်း ကာကွယ်စောင့်ရှောက် စာပါပြပေးလိုက်ပါ ...

ကဲ ... ဆရာတို့လည်း သွားနားတော့မယ်"

ဆရာကြီးက သူ့ရှေ့ကထထွက်သွားပြီးနောက်မှာတော့ သူဟာ ဘာပြောရမှန်းမသိစွာ ဒီတိုင်း ငူငူကြီးထိုင်နေလျှင် ဆရာကြီးကတော်က သူ့ကို စိုက်ကြည့်နေရင်းက ...

"ညိုချော ... မင်း ဆရာကြီးပြောသွားတာ သဘောပေါက်တယ်နော်၊ မင်းဆရာကြီးက မင်းကို ယုံကြည်ကိုးစားထားတာ အလကားမဖြစ်ပါစေနဲ့၊ သမီးကို မင်း အထူးကာကွယ်စောင့်ရှောက်ပါ ...

သမီးလေးက ဒီ,ဒီပလိုမာရပြီးတာနဲ့ သူ့ကိုလက်ထပ်တော့မှာ။ သူ့ကောင်လေးကလည်း သမီးအတွက်သိပ်စိတ်ပူနေရှာတာ၊ မင်းညီမလို သဘောထားပြီးတော့ စောင့်ရှောက်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ဆရာကြီးကတော်ရဲ့စကားတွေအတွက် ရင်ထဲမှာ နင့်ခနဲတောင် ခံစားသွားရပါသည်။ ကြည့်စမ်းပါဦး ... အစော်ကား ခံလိုက်ရတာ။ ရွာမှာဆို သူဟာ ဘယ်သူ့မျက်နှာမှလဲ ကြည့်နေဖို့မလို။ နေချင်သလိုနေ၊ သွားချင်ရာသွား။ အခုတော့ သူ့လိုမျက်နှာမွဲကို ငွေကြေးဂုဏ်ကြောင့် စည်းတားထားကြတယ်။

ညိုချောသည် ရင်နင့်ဖွာပင် ခေါင်းတစ်ချက်ဆတ်ပြပြီး ...

"စိတ်ချပါ ... ဆရာကြီးကတော်။ ကျွန်တော်က အမ်ဘုံကို စိတ်ရင်းစေတနာနဲ့ ကာကွယ်စောင့်ရှောက်ပေးနေတဲ့သူပါ။ ဆရာကြီးဟာ ကျွန်တော့်ကျေးဇူးရှင်၊ ကျေးဇူးရှင်ကို စော်ကားတဲ့ သူမျိုးထဲမှာ ညိုချောမပါ,ပါဘူး ဆရာကြီးကတော်၊ အဲဒါက ကျွန်တော့်ဘဝနဲ့ရင်းပြီး အာမခံရဲပါတယ်"

လက်တွေ့ရင်ဆိုင်နေရတဲ့ ဘဝထဲမှာ သူဟာ နေထိုင်မှုအဆင့်တန်းတွင်တော့ တကာကို နန်းတော်ထဲက အဆင့်





မြင့်ကိုယ်ရံတော်တစ်ယောက်လို နေရပေမယ့် အဲဒီ ဂုဏ်ဒြပ်တွေနှင့် မမျှဖွာ အထင်လွဲခြင်းကို ခံရတဲ့အတွက် ဝမ်းနည်းရပါသည်။ ပိုက်ဆံမရှိလို့ သူများကို ကာကွယ်ပေးတဲ့ သက်တော်စောင့်ဖြစ်ခဲ့ရတာဟာ ဘဝရဲ့ပထမဆုံးအမှားများလားဆိုပြီး သူတွေးတတ်လာချိန်မှာ သူ့ကမ္ဘာသည် ကျော့ဂ်စရစ်ခဲဖြူလေးတစ်လုံးစာလောက်ပဲ ရှိသည်ဟု ခံစားမိသွားပါသည်။

✧ ❦ ✧

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၃

စာတွေကို တတွတ်တွတ် ရွတ်ဆိုကာ ရှင်းပြနေသောသူက ရှင်းပြနေပေမယ့် အမ်ဘုံကတော့ သူပြောတာတွေကို တစ်လုံးဆိုတစ်လုံးမျှ နားထဲမဝင်ပါဘဲ ချော်ချော်ထွက်ကာ လူက ခေါင်းငိုက်ငိုက်ကျလျက် နဖူးနဲ့စားပွဲစွန်းတို့ သွားမိတ်ဆက်နေကြသည်။ လူညိုချောက အင်မတန်မှ စာသင်ကောင်းသူ ဖြစ်ပေမယ့်လည်း အမ်ဘုံဟာ ဒီနေ့တစ်နေ့လုံး ဖေဖေနှင့် မေမေကို ဘုရားပို့ရ၊ ဈေးသွားရ၊ ဖေဖေနှင့် မေမေ ပြန်တော့လည်း ပစ္စည်းတွေ သယ်ပေးပို့ရ စသဖြင့် run ထားရတာကြောင့် ညဘက်မှာ လူက ဝေါ်တော်ကို Charging ကုန်နေပြီဖြစ်သည်။ ဖေဖေ့အမိန့်ကြောင့် အမ်ဘုံက စာသင်ရတာဖြစ်ပေမယ့် လုံးဝမကျေနပ်ပါ။ ဒီကြားထဲ





မှာ အမ်ဘုံတို့ကို cnecking လိုက်နေသည့် ကြီးစိန်နှင့် ဦးချစ်ရှိတာမို့ ဒီနေ့မှာ နားချင်ပေမယ့်လည်း နားခွင့်မရဘဲ စာသင်နေရတာဖြစ်သည်။

အခန်းပေါက်ဝမှာ ထိုင်စောင့်နေကြတဲ့ ကြီးစိန်နှင့် ဦးချစ်ကြောင့် အမ်ဘုံမှာ မလှုပ်သာပဲ စာသင်နေရတာဖြစ်ပေမယ့် လူကတော့ အိပ်ပျော်တော့မှာဖြစ်သည်။ ဒီလောက်တောင် လူကို ဒုက္ခပေးထားတဲ့ လူညိုချော တွေ့မယ်။ သူ့ကို ဒုက္ခပေးဖို့အတွက် အမ်ဘုံက မနေ့ကတည်းက ကြိုစီစဉ်ထားပြီးသား။ သို့ပေမဲ့ သူ့ကို ဒုက္ခမပေးနိုင်သေးမှာပဲ ကိုယ်ကဒုက္ခအရင်ခံနေရတာကတော့ ခံပြင်းစရာပင်ဖြစ်သည်။ အမ်ဘုံသည် ဇက်ကျိုးကျမတတ် ငိုက်မြည်းနေတာတောင် အဲဒီအကြောင်းတွေတွေးကာ ဒေါသဖြစ်နေရလျှင် မျက်လုံးတောင် ကျယ်ချင်ချင် ဖြစ်သွားရ၏။ အဲဒီအချိန်မှာပဲ လူညိုချောက အမ်ဘုံ ငိုက်နေတာကို သတိထားမိသွား၍ အမ်ဘုံရဲ့ပခုံးကို ဘောပင်ဖြင့် တစ်ချက်တောက်ကာ ...

"ဟိတ် ... အမ်ဘုံ ... အမ်ဘုံ"

"ဟင် ... ဘာလဲ၊ ဘာဖြစ်တာတုန်း"



www.burmeseclassic.com

www.burmeseclassic.com



အမ်ဘုံက လန့်ဖျပ်ကာ မျက်လုံးတွေ ဘာတွေ ကျယ်ကုန်ပြီး သူ့ကို ပြုံးကြောင်ကြောင် ကြည့်ရင်းကနေ ကိုယ်နဲ့အတူ ဒုက္ခခံနေရရှာသော ဆန္ဒကို သနားတာကြောင့် အမ်ဘုံဟာ လေပြည်ချိုလေးနှင့်ပဲ သူ့ကိုတောင်းပန်ရတော့သည်။

"လူညိုချော ... ကျွန်မတို့ ဒီနေ့တစ်နေကုန် ပင်ပန်းထားတာ အိပ်ချင်လှပြီ၊ နောက်နေ့မှ ဆက်သင်လို့ မရဘူးလား"

အမ်ဘုံရဲ့စကားကြောင့် သူက စဉ်းစားဟန်ဖြင့် အမ်ဘုံ့မျက်နှာကို တစ်ချက်ကြည့်ကာ ခေါင်းညိတ်၍ သူ့လက်ထဲကစာအုပ်ကို ပိတ်လိုက်ကာ ...

"အိုခေ ... တစ်နေကုန် ပင်ပန်းထားတယ်ဆိုတော့ သွားအိပ်လိုက်ပါ"

"thank you လူညိုချော"

အမ်ဘုံနှင့် ဆန္ဒသည် စာအုပ်တွေပိတ်ကာ ကိုယ့်စာအုပ်ကိုယ်ယူကာ ထထွက်လာချိန်မှာ ဦးချစ်နှင့် ကြီးစိန်ကလည်း နိုးသွားလေပြီ။

"အေး ... ကလေးတွေ စာကျက်လို့ ပြီးသွားကြပြီလား"





"ဟုတ်ကဲ့ ... ကြီးစိန် ... ဝါး၊ မနက်လည်း သင်တန်းမရှိဘူးဆိုတော့ ဖိမ်နဲ့နှပ်တော့မယ် ဟဲ ဟဲ။ သြော် ... ကြီးစိန် မနက်သမီးတို့ကို လာမနိုးနဲ့နော်၊ နိုးတဲ့အချိန်မှာပဲ break lunch လာစားမယ် ... good night"

အမ်ဘုံက ဆန္ဒရဲ့ပခုံးကိုဖက်ရင်းက ကြီးစိန်ကို လှမ်းမှာလိုက်ပြီးနောက်မှာ အမ်ဘုံ့ရဲ့နောက်ကျောဘက်က ကြားလိုက်ရတဲ့ ငှက်ဆိုးထိုးသံကြောင့် ခွေခနဲ ပစ်လဲချင်စိတ်တောင် ပေါက်သွားရပါသည်။

"ဟော့ ... အမ်ဘုံ။ မနက်ခုနစ်နာရီမှာ ပြန်ဆုံမယ်နော်၊ ဒီ lesson ကို မနက်အပြတ်ဖြတ်ရမယ်"

အဲဒီစကားကြောင့် အမ်ဘုံဟာ စိတ်တွေအသေညစ်ရပါသည်။ သူ့ကိုဒေါသတွေလည်းဖြစ် စိတ်တွေလည်းတိုလာကာ သူ့ကိုကျောခိုင်းထားရာကနေ ပြန်လှည့်လာပြီး ထိုင်ခုံမှာပြန်ဝင်ထိုင်ကာ စာအုပ်တွေကို ဗုန်းခနဲ ပစ်ချ၍ ...

"ကဲ ... ခုနစ်နာရီမှ သင်မနေနဲ့။ ညလုံးပေါက်သာသင်တော့၊ နောက်နေ့ညမှ ပေါင်းအိပ်တော့မယ်၊ စာကအရေးကြီးတယ်။ သင်တော့ လူညိုချော"



www.burmeseclassic.com

www.burmeseclassic.com



အမ်ဘုံက နှာကစ်ကစ်နှင့် သူ့ကိုရွဲ့လိုက်လျှင် သူက စိတ်ညစ်သွားပုံကာ မျက်နှာကိုမဲ့ပြီး လက်နှစ်ဖက်ကို ခုံမှာထောက်ကာ ...

"အရွဲ့တိုက်မနေနဲ့ အမ်ဘုံ၊ အိပ်စရာရှိတာ သွားအိပ်တော့။ ငါ ခုနစ်နာရီခွဲမှပဲ စာသင်တော့မယ်။ ဈေးမဆစ်နဲ့တော့ ပြောမရရင်တော့ ဆရာကြီးကို တိုင်ရတော့မှာပဲ"

သူက အမ်ဘုံရဲ့နိုင်ကွက်ကို ဖိနင်းပြီး အပြတ်ပြောလိုက်လျှင် အမ်ဘုံဟာ ဒေါသတွေဖြစ်ရုံကလွဲပြီး ဘာမှမတတ်နိုင်ပါ။ မျက်နှာကြီးကို ရှုပုပ်တင်းထန်ကာ ခြေထောက်ကို ဆောင့်အောင့်နင်း၍ အပေါ်ထပ်သို့ တက်လာရတော့သည်။ အား ... ဒီလူနှယ်တော့။ အမ်ဘုံ ဒေါသတွေ သိပ်ထွက်လာပြီ။ အမ်ဘုံသည် လှေကားတက်လာကတည်းကနေ သူ့ကိုပွစိပွစိဖြင့် ပြောဆိုလာခဲ့တာဟာ တောက်လျှောက်ဖြစ်သည်။

"နင် စဉ်းစားကြည့်စမ်းပါဦးဟယ်၊ ဒီလူ့ရဲ့လုပ်ပုံကသိပ်တရားလွန်လာပြီ"





အမ်ဘုံရဲ့ဒေါသသံစွက်စကားကို ဆန္ဒက ရေခဲသေတ္တာထဲမှ ရေတစ်ဘူးထုတ်ကာ ခွက်ထဲသို့ ငှဲ့ထည့်ရင်းက အေးအေးဆေးဆေး ပြန်ဖြေလေသည်။

"ဩော် ... ဒါကတော့ သူက အာဏာကုန်လွှဲခြင်းခံရတာကိုး။ သူ့မှာလည်း တာဝန်အရ လုပ်ရတာနေမှာပေါ့ဟယ်"

"အဲဒီစကားတော့ မပြောနဲ့ ဆန္ဒ၊ ဖေဖေက သူ့ကိုအာဏာကုန်လွှဲပေးထားတာနဲ့ပဲ၊ ငါက ခေါင်းငုံ့ငြိမ်ခံနေရမှာလား၊ သူက ငါ့ဘော်ဒီဂတ်ပဲ၊ ငါ့ကို အခုလို ဆရာလာလုပ်နေတာကို မခံနိုင်ဘူး"

အမ်ဘုံရဲ့စကားတောင် ပြောလို့မပြီးသေး ဆန္ဒက သူလုပ်စရာရှိသည့်အလုပ်တို့ကို ဆက်လုပ်ဖို့ အခန်းထဲကို သုတ်သုတ်, သုတ်သုတ်နှင့် ထွက်သွားလျှင် အမ်ဘုံက ဆန္ဒကိုပါ စိတ်တိုလာကာ ဆန္ဒကို ပြဿနာရှာလေတော့သည်။

"ဟဲ့ ... ဆန္ဒ၊ ငါပြောတာ မပြီးသေးဘဲနဲ့ နင်က ဘာကိစ္စထွက်သွားရတာလဲ၊ ဘာလဲ ... နင်ကပါ ဟိုကောင့်ဘက်ကလား"



www.burmeseclassic.com

www.burmeseclassic.com



"အမ်ဘုံရယ် ... နင် အဲလိုတွေပြောတော့ကော ဘာထူးလာမှာမို့လို့လဲ။ ဆရာကြီးကို လူညိုချောက ပြန်တိုင်ရင် ငါတို့ပဲ ပွင်းတယပြန်ကြရမှာ၊ အဲဒါမှ ပိုဂွမ်းရမှာ၊ ကိုယ့်ဘာသာကိုယ် အေးဆေးနေစမ်းပါဟာ ...

လောလောဆယ်မှာ သူက ငါတို့ရဲ့အုပ်ထိန်းသူကြီးဖြစ်နေတာကို ငြင်းလို့မရဘူး။ သူ့သဘောအတိုင်းသာ follow လိုက်ရတော့မှာပေါ့"

အမ်ဘုံက ဆန္ဒရဲ့အကျိုးသင့် အကြောင်းသင့်ရှင်းပြမှုကို မျက်နှာတစ်ချက် ရှုံ့မဲ့ကာ နားထင်ကို လက်ဖြင့်ပွတ်ရင်း မနေ့က အကြဲတစ်ဇွန်းတစ်စကို အကောင်ထည်ဖော်ဖို့ ဆန္ဒနဲ့ တိုင်ပင်ရလေသည်။

"သူ့ကို ငါ ပညာပြလိုက်ရင်ကော"

အမ်ဘုံ့စကားကို ဆန္ဒက အသာပြုံးကာ ပခုံးတစ်ချက် တွန့်ပြရင်း ...

"မဖြစ်နိုင်ပါဘူးဟာ သူက အကုန်နပ်တယ်ဟ"





ဆန္ဒရဲ့စကားဟာ သာမန်အတိုင်းဆို မှန်နိုင်ပေမယ့်လည်း အမ်ဘုံ့အကြံနဲ့ဆို သူ ဘယ်လောက်နပ်နပ် သိမှာမဟုတ်ပါဘူး။ အမ်ဘုံသည် ဗီရိုထဲမှာထည့်ထားသော blackberry ဖုန်းလေးကိုယူကာ ဆန္ဒကို ထောင်ပြလိုက်ရင်း ပြုံးစိစိမျက်နှာပေးဖြင့် ...

"သူ့ဆီကို ဒီဖုန်းနဲ့ဆက်ပြီး အကြူဇယားခင်းလိုက်မယ်လေ၊ ဘယ်လိုလဲ ဆန္ဒ"

"နင် အဲဒီဖုန်းကို ဘာလို့ဝယ်တာလဲလို့ ငါမေးတာ နင်မဖြေဘူးနော် အမ်ဘုံ ... အဲဒါက"

အမ်ဘုံက မွေ့ရာပေါ်မှာ ထိုင်ချကာ ခြေချိတ်ထိုင်လိုက်ရင်း ဖုန်းလေးကို အသာပွတ်သပ်ကာ ခပ်ပြုံးပြုံးဖြင့် ဖြေလိုက်လေသည်။

"မနေ့က ငါ ငါးသိန်းဖုန်း သွားဝယ်တယ်ဆိုတာ အကြောင်းရှိတယ်ဟ၊ သူ့ကို အကြူဇယားခင်းချင်လို့ကို တမင်တကာ ငါးသိန်းရင်းလိုက်တာ ... ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



အမ်ဘုံသည် မနေ့က ပလာဇာဘက်က ဖုန်းဆိုင်မှာ 800 MHZ ဖုန်းတစ်လုံးကို နာမည်ပေါက်မလျှောက်ဘဲ အဆင်သင့် ဝယ်လာခဲ့တာဖြစ်သည်။ အစကတော့ လူညိုချောကို message ပို့ပြီး နောက်မယ်ပဲ ကြံခဲ့တာဖြစ်သည်။ အခုတော့ အမ်ဘုံတို့ကို သူ အရေးမစိုက်စေဖို့ သူ့အာရုံတွေကို တခြားဘက် ရွှေ့နိုင်မှဖြစ်မည်။ အဲဒီအတွက် ရလိုရငြား အမ်ဘုံက အကြံ ဇယားခင်းကြည့်မှာဖြစ်သည်။ အမ်ဘုံ ဘာလုပ်ချင်တယ်ဆိုတာ ရိပ်မိတဲ့ ဆန္ဒက ခေါင်းတခါခါဖြင့် အမ်ဘုံကို ဖျောင်းဖျလေသည်။

"မဖြစ်ဘူး အမ်ဘုံ၊ နင် အဲလိုသွားလုပ်လို့ မဖြစ်ဘူးလေ၊ နင့်မှန်း သူသိသွားမှာပေါ့၊ အဲဒါဆို နင် သွားပြီ"

"ဟာ ... ဘာမှသိစရာမလိုဘူး။ ဒီဖုန်းကလည်း သူ့အတွက်ပဲ သီးသန့်ဝယ်ထားတာ၊ ဒီလိုမျိုး ကြုံမှာပေါ့ဟ (နားနားသို့ ဖုန်းကိုကပ်ကာ) ...

ဟယ်လို ... ညိုချောလား။ တို့ပါ ... သူ အခုဘာ လုပ်နေလဲဟင်။ တို့ဘယ်သူလို့ ထင်လဲ ...





ဟဲ ဟဲ ... အဲလိုမျိုးပြောမှာပေါ့ဟ။ ငါ့အသံမှန်းလည်း မသိပါဘူးဟာ။ သူနဲ့ ငါနဲ့ ဖုန်းမှမပြောဘူးတာ လူညိုချောက ငတုံးဟ။ ဒီဖုန်းနံပါတ်က အသစ်ဆိုတော့ သူ့မှာ အူကြောင်ကြောင် ဖြစ်နေရမှာ၊ ဘယ့်နှယ်လဲ ... ကောင်းလား"

"အရမ်းကောင်းတာပဲ အမ်ဘုံရယ်"

ဆန္ဒက မျက်နှာကြီးဖြီးထားကာ အဲဒီလိုမျိုးရွဲ့ပြောတာကို အမ်ဘုံက ရွဲ့မှန်းသိသိကြီးနှင့် တမင်လုပ်ကာ ...

"အိုခေ ... အဲဒါဆို ငါ အခုပဲ ဆက်လိုက်တော့မယ်နော် ချစ်"

"ဟဲ့ ... ငါက ရွဲ့ပြောနေတာနော် အမ်ဘုံ။ ပြဿနာမရှာစမ်းပါနဲ့ဟာ၊ အိပ်ရအောင်ပါ"

အမ်ဘုံက ဆန္ဒစကားကို ဂရုမစိုက်ဘဲ ဖုန်းကို power ဖွင့်ကာ လူညိုချောရဲ့ဖုန်းနံပါတ်ကို နှိပ်လိုက်လျှင်တော့ ဆန္ဒက လှမ်းတားလေသည်။

"အမ်ဘုံ ... မဖြစ်ဘူးနော်၊ နင် ပြဿနာမရှာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



အမ်ဘုံက ဆန္ဒရဲ့တားမြစ်မှုကို လျှာထုတ်ပြကာ နောက်ပြောင်ရင်း ဖုန်းကိုလှမ်းခေါ်လိုက်ကာ နား‚နားသို့ကပ်လိုက်လေသည်။ ဟော ... ဖုန်းလိုင်းဝင်သွားပြီ။ နည်းနည်းအကြာမှာတော့ သူ့ရဲ့ပြန်ထူးသံကို ကြားလိုက်ရပါသည်။

"ဟယ်လို"

အမ်ဘုံက သူ့ရဲ့"ဟယ်လို"ထူးသံကို သဘောကျစွာ ပြုံးလိုက်ရင်းက ဆန္ဒပါ ကြားနိုင်အောင် ဖုန်းကို speaker ဖွင့်လိုက်တော့သည်။ အမ်ဘုံတို့ဘက်က ဘာမှပြန်ပြောသံမကြား၍ သူက နောက်တစ်ကြိမ် ခပ်လေးလေးအသံဖြင့် "ဟယ်လို"ဟု ထူးပြန်ပါသည်။ အမ်ဘုံက ဆန္ဒကို မျက်စတစ်ချက်ပစ်ပြကာ သူ့ရဲ့အသံကို ဆက်နားထောင်နေလိုက်ပါသည်။

"ဟယ်လို ... ဟယ်လို ... ဘယ်သူပါလဲ"

အမ်ဘုံက အပြုံးမပျက်ပင် သူ့အသံကို နားထောင်နေပြီး ဘာမှဆက်မပြောလျှင် သူက စိတ်မရှည်တော့သည့်ဟန်ဖြင့် ကျစ်ခနဲ စုပ်သတ်ကာ ဖုန်းပိတ်လိုက်လေသည်။ အမ်ဘုံက သူ ဖုန်းချသွားတာကို စိတ်တိုသွားပြီး နောက်တစ်ခါထပ်ဖုန်းခေါ်





မည် အပြုမှာတော့ ဆန္ဒက အမ်ဘုံ့လက်ကို ဖျတ်ခနဲ လှမ်းရိုက်ကာ ...

"အမ်ဘုံ ... နင် ဘာလုပ်မလို့လဲ၊ တော်ပါတော့ဟာ"

"ရှူး ... တိတ်တိတ်နေ"

အမ်ဘုံက နောက်ထပ်တစ်ကြိမ် သူ့ကိုထပ်ဖုန်းခေါ်ပြန်ပါသည်။ သူက ဖုန်းကိုင်လိုက်ပါသည်။

"ဟယ်လို ... ပြောပါ"

အမ်ဘုံက ဖုန်းကို speaker ဖွင့်ထားကာ သူပြောသမျှကို ဘာမှမပြောဘဲ ငြိမ်ပြီးနားထောင်နေတာကိုပဲ သူကကြာလာတော့ ဒေါသတွေဖြစ်လာကာ အမ်ဘုံကို အသံမာမာဖြင့် လှမ်းကောလေတော့သည်။

"ဟယ်လို ... ပြောလို့ပြောနေတယ်လေ။ ဘာမှမပြောဘူးဆိုလည်း ငါ့ကို လာနှောင့်ယှက်မနေနဲ့ ကြားလား၊ ဒါပဲ"

သူက အပြတ်ကောက်၍ ဖုန်းချသွားလေတော့သည်။ ဟွန်း ... အမ်ဘုံမိုးမြတ်ကို ဒါမျိုးလာလုပ်လို့ ဘယ်ရမလဲ။ အမ်ဘုံသည် နောက်တစ်ခါထပ်ပြီး ဖုန်းခေါ်လိုက်ပါသည်။ ဒီ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက်တော့ သူက တော်တော်နှင့်ဖုန်းမကိုင်သေးပါ။ ဒါပေမဲ့ အမ်ဘုံက စိတ်ရှည်ရှည်နှင့် မရမချင်း ဖုန်းခေါ်လျှင်တော့ "ဟယ်လို" ဆိုသည့် ထူးသံကိုကြားရပါသည်။ ဒါပေမဲ့ အဲဒီဟယ်လိုက သူ့ထူးသံမဟုတ်ပါ။

အဲဒါ ... အဲဒါဆို ဒီတစ်ခါ ဖုန်းကိုင်သူက ဦးချစ်ပေါ့။ အမ်ဘုံက သူ့ကိုပြဿနာရှာချင်သဖြင့် ဦးချစ်ကို အသံပြန်ပြုလိုက်ပါသည်။

"ဟယ်လို"

အမ်ဘုံရဲ့ပြန်ထူးသံကြောင့် ဦးချစ်က သူ့ကိုလှမ်းပြောလိုက်သည့်အသံကို သေချာကြားလိုက်ရပါသည်။

"ပေ့ကောင် ... ညိုချော၊ မင်း ပြောတော့ ဘာမှပြန်မပြောဘူးဆို၊ အခု ကောင်မလေးတစ်ယောက် ပြောတာကွ။ ဟဲဟဲ"

"သူ့ဟာသူ အစ်မဖြစ်ဖြစ် အထီးဖြစ်ဖြစ် ကျွန်တော်စိတ်တိုနေတယ် ဦးချစ်၊ ကိုယ့်ဘာသာကိုယ်ပြော"

"အေး ... အေး ... အေးပါကွာ၊ ဟယ်လို ... ပြောပါ"





အမ်ဘုံကို လှမ်းအသံပြုလျှင်တော့ အမ်ဘုံက သူ့ကို အချွန်နဲ့မ,ဖို့နည်းလမ်းကို သုံးလိုက်လေသည်။

"ဟယ်လို"

"ဟုတ်ကဲ့ ... ဘယ်သူနဲ့ပြောချင်လို့ပါလဲ"

အမ်ဘုံက လိုအပ်တာထက် အသံကိုပိုဖျော့ကာ နည်းနည်းအိုဗာများသည့် ချိုသာသံထပ်လောင်းသံလေးဖြင့် ဦးချစ်ကို ပြောလိုက်ပါသည်။

"အင်း ... လူညိုချောနဲ့ ပြောချင်လို့ပါရှင်"

"လူညိုချောကို ဘယ်သူလို့ ပြောလိုက်ရပါ့မလဲ"

ဦးချစ်ရဲ့မေးခွန်းကြောင့် အမ်ဘုံက တစ်ချက်စဉ်းစားလိုက်ပြီးမှ ချွဲနွဲ့နွဲ့လေသံဖြင့် ...

"ဟုတ်ကဲ့ ... သူ့ချစ်သူပါ"

အမ်ဘုံရဲ့အဖြေကြောင့် တစ်ဖက်က ဦးချစ်ကလည်း ဟာ,ဆိုသော အာမေဋိတ်သံကြီးနှင့် လန့်သွားသလို ရှိနေချိန်မှာ အမ်ဘုံ့ဘေးက ဆန္ဒကလည်း အမ်ဘုံ့စကားကို အရမ်းအံ့သြသွားဟန်ဖြင့် ဟယ်ဆိုပြီး အံ့သြရလွန်း၍ ပါးစပ်ကို လက်ဝါးဖြင့်အုပ်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ အမ်ဘုံသည် ဆန္ဒကို မျက်စိတစ်ဖက် မှိတ်ပြရင်းက နေ ဦးချစ်ရဲ့အသံတိုးတိုးကိုလည်း ကြားလိုက်ရပါသေးသည်။

"ညိုချောရေ ... မင်းရဲ့ချစ်သူတဲ့ကွ"

ဦးချစ်ရဲ့အဲဒီအပြောကို သူက အင်မတန်စိတ်ဆိုး သွားဟန်ဖြင့် အသံမာမာကြီးဖြင့် ...

"ဘာလဲ ... ဘာချစ်သူလဲ။ အလကားသက်သက်မဲ့ လျှောက် ကျပ်နေတာ၊ ကျုပ်မှာ ဘာချစ်သူမှ မရှိဘူး"

"ဟော့ကောင် ... ဒါပေမဲ့ ဖုန်းတော့ပြောလိုက်ဦးလေကွာ။ မင်းနှယ့် အားနာစရာ"

"အား ... တကယ်ပဲဗျာ၊ ဘယ်လိုဟာတွေနဲ့ လာတွေ့နေ တာလဲ မသိဘူး"

သူက အဲဒီအော်သံနှင့်အတူ အမ်ဘုံ့ကို လေသံမာ မာကြီးဖြင့် စကောလေတော့သည်။

"ဟော့ ... မင်းဘယ်သူလဲ။ ဘာကိစ္စ ငါ့က မင်းချစ်သူဖြစ် ရမှာလဲ၊ မင်းတော့ သေတော့မယ်၊ ငါ့ကိုဖုန်းထပ်မဆက် ပါနဲ့ ဒါပဲ"





သူက အပြတ်ပြောကာ ဖုန်းချသွားလေတော့သည်။ အမ်ဘုံသည် အဲဒီအတွက်ပဲ ကျေနပ်ပျော်ရွှင်ကာ မွေ့ရာပေါ်မှာ ပစ်လှဲလိုက်ရင်း ...

"အရမ်းကျေနပ်တယ်၊ နေ့တိုင်းသာ သူ့ကိုကွိုင်ရှာပေး မယ်ဆို သူ့ခမျာ ငါ့ဖောထဲမှာ မျောရုံပဲရှိမယ်"

"ကြည့်လုပ် ... အမ်ဘုံရေ။ ငါတော့ ဘာမှမပြောချင်တော့ ဘူး"

အမ်ဘုံသည် ဆန္ဒရဲ့စကားကို မကြားချင်ယောင် ဆောင်ထားကာ အိပ်ရာထက်မှာ သူ့ကို ဘယ်လိုပြဿနာရှာပြီး အုံးစားရမလဲဆိုတာ စဉ်းစားရင်း မကြာခင်မှာပဲ အိပ်ပျော်ခြင်းသို့ ရောက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၄

နားထဲမှာ တဒေါက်ဒေါက်နှင့် အသံကြားရသော အခါ အမ်ဘုံဟာ အိပ်မက်,မက်နေတယ် အထင်ဖြင့် မျက်လုံးကို မှိတ်ထားကာ အိပ်နေမြဲဖြစ်သည်။ အိမ်ဘုံသည် အိပ်နေပေမယ့် လည်း တဒေါက်ဒေါက်နှင့် ကြားနေရတဲ့အသံကို ဘယ်ကလည်း မရှုးစမ်းဘဲ ဆက်အိပ်နေပေမယ့် အအိပ်ဆတ်တဲ့ ဆန္ဒကတော့ အိပ်ရာထက်က လူးလဲထကာ အသံနားထောင်နေပုံရပါသည်။

"ဟော့ ... အမ်ဘုံ ... ဆန္ဒ ... ထတော့လေ"

"အမ်ဘုံ ... အမ်ဘုံ ... ထတော့ ညီချော လာနှိုးနေပြီ"

ဆန္ဒက အမ်ဘုံရဲ့လက်ကို တွန်းထိုးကာ လှုပ်နှိုးနေလျှင် အမ်ဘုံက ဟိုဘက်သည်ဘက်ရွှေ့ကာ ...





"အင်း ... အိပ်ချင်သေးတယ်ဟာ"

"ဩော် ... အမ်ဘုံနဲ့တော့ ဒုက္ခပါပဲ"

ဆန္ဒက ညည်းညည်းညူညူ ရေရွတ်ကာ အမ်ဘုံ့ဘေးက ထသွားပြီး အခန်းတံခါးသွားဖွင့်ပေးလိုက်သည်။ အမ်ဘုံ့မှာ အိပ်နေပေမယ့်လည်း သူတို့ပြောတဲ့စကားသံတွေကတော့ ကြားနေရဆဲဖြစ်သည်။

"မောနင်း ဆန္ဒ၊ ခင်ဗျားတို့သောက်ဖို့ နို့လာပို့တာပါ"

"မောင်နင်း ညီချော"

ဆန္ဒက နို့ခွက်တင်ထားသောဗန်းကို သူ့လက်ထဲကယူကာ ခုံပေါ်မှာ သွားတင်စဉ်မှာ သူကတော့ တံခါးပေါင်ကို လက်ဖြင့်တဗုန်းဗုန်းထုရင်း ပါးစပ်းကလည်းအငြိမ်မနေစွာ လှမ်းအော်လေသေးသည်။

"အမ်ဘုံ ... အမ်ဘုံ ... ထတော့ ... ထတော့ ... ခုနစ်နာရီထိုးပြီ"

အမ်ဘုံက မျက်နှာကိုရှုံ့မဲ့ကာ နားကိုခေါင်းအုံးဖြင့် ဖိအုပ်၍ လိုမ့်ပိမ့်ကာ ဆက်အိပ်နေလျှင် သူကလည်း အလျှော့မ



www.burmeseclassic.com

www.burmeseclassic.com



ပေးစွာ တံခါးပေါင်ကို တဗုန်းဗုန်းထုကာ အသံ tone ကိုလည်း ခုနကထက် ပိုမြှင့်ကာ အမ်ဘုံ မထမချင်း အော်ဟစ်နေမည့် ဒီနိုင်းပင်။

"အမ်ဘုံ ... ထတော့လေ။ ဒီနေ့စာလုပ်ရမှာ ထတော့ ... ထတော့"

အဲဒီဆူညံသံတွေကို အမ်ဘုံက မခံနိုင်တော့သည့် အဆုံး အိပ်ရာထက်က လူးလဲထကာ မျက်နှာကို လက်ဖြင့်တစ် ချက်ပွတ်ကာ အိမ်မှန်စုံမွှားဒီနိုင်းဖြင့် သူ့ကို နိုးလာပြီဆိုသော သဘောဖြင့် ပေစောင်းစောင်း လှမ်းကြည့်လိုက်လျှင် သူကကျေ နပ်သွားဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်ကာ လှည့်ထွက်သွားလေ တော့သည်။ အမ်ဘုံက သူထွက်သွားလျှင် ခုတင်တိုင်ကိုမှီတွဲ့ကာ ဆက်အိပ်နေလိုက်သည်။

ခဏအကြာတွင် ဆန္ဒက တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်ပြီး အားလုံးပြင်ပြီးဆင်ပြီးချိန်တွင် အမ်ဘုံကို ထပ်နှိုးကာ ...

"ဟေ့ ... အမ်ဘုံရေ၊ ထတော့လေဟယ်"

"အား ... စိတ်ညစ်တယ် တကယ်ပဲ၊ တွေ့မယ် လူညိုချော"





အမ်ဘုံက ပွစိပွစိနှင့် ကြိမ်းဝါးကာ ရေချိုးခန်းထဲသို့ ဝင်ခဲ့လေတော့သည်။ အားလုံးပြင်ပြီးဆင်ပြီး နောက်မှာတော့ အမ်ဘုံသည် သူလာပို့ပေးသော နို့ကိုယူမော့လိုက်သည်။ ဆန္ဒကတော့ အောက်ဆင်းသွားပြီဖြစ်သည်။ အမ်ဘုံသည် စာအုပ်တစ်ထပ်ကို ရင်ဝယ်ပိုက်ကာ အောက်ထပ်ဆင်းမည်အပြုမှာ တစ်စုံတစ်ခုကို သတိရသွားတာကြောင့် အမ်ဘုံသည် အခန်းထဲပြန်ဝင်ကာ အိပ်ရာထက်မှ ဖုန်းလေးကို ယူလာပြီးမှ အောက်ထပ်သို့ ဆင်းလာခဲ့တော့သည်။ ဒိုင်းနင်းရှမ်းထဲမှာ ပေါင်မုန့်တစ်ချပ်လောက်စားပြီးတာနှင့် စာကြည့်ခန်းထဲသို့ ဝင်လာလျှင်တော့ အာပေါင်အာရင်းသန်သန်ဖြင့် အားတက်သရော စာရှင်းပြနေသောသူ့ကို တွေ့ရလေသည်။ အမ်ဘုံသည် ခပ်တည်တည်ဖြင့် ဝင်ထိုင်ကာ သူစာရှင်းပြတာကို နားထောင်နေလိုက်သည်။ သူက အမ်ဘုံကိုတစ်ချက်ကြည့်ကာ ...

"ငါရှင်းတာတွေကို နားလည်ရဲ့လား အမ်ဘုံ"

အိပ်ချင်တာ မပြေပျောက်သေးသည့် အမ်ဘုံက ခပ်လေးလေး ခေါင်းညိတ်ပြကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... နားလည်ပါတယ်"

"အိုခေ ... အဲဒါဆို ငါတို့ Lesson အသစ် စလိုက်ရအောင်"

သူက တက်ကြွနေသော လေသံဖြင့် စာစရှင်းတော့ မည်အလုပ်မှာ အမ်ဘုံက စားပွဲပေါ်မှာတင်ထားသော ဖုန်းလေး ကို အသာအယာပင် ခုံအောက်သို့ လက်ဖြင့်လျှောယူကာ စာတ လမ်းစလိုက်တော့သည်။ လူညိုချောရဲ့ဖုန်းနံပါတ်ကိုနှိပ်ကာ ဖုန်း ခေါ်လိုက်တော့သည်။

အမ်ဘုံက သူ့ဖုန်းကိုခေါ်လိုက်လျှင် ခုံပေါ်တင်ထား တဲ့ သူ့ရဲ့ဖုန်းက စည်းချက်ညီသော တီးလုံးဖြင့် ထမြည်လာသော အခါ စာရှင်းတာ ခဏတန့်သွားကာ သူက ဖုန်းနံပါတ်ကို တစ် ချက်ကြည့်လိုက်ပြီး စူပုပ်ပုပ်မျက်နှာဖြင့် ဖုန်း reject လုပ်ပြီး စာပဲ ဆက်ရှင်းရှင်းနေပါသည်။ ဩော် ... သင်းက ဒီလိုလုပ်တယ် ပေါ့လေ။ အမ်ဘုံသည် မျက်လုံးကသာ စာအုပ်ဆီက မခွာကြည့် ကာ ဘောပင်ကိုင်ပြီး စာအရမ်းအာရုံစိုက်နေသည့် ဒီဇိုင်းဖမ်းထား ကာ လက်တစ်ဖက်ကတော့ ခုံအောက်ကနေ သူ့ကိုဖုန်းထပ်ခေါ် နေပြန်ပါသည်။





နောက်တစ်ကြိမ်ဝင်လာသောတီးလုံးသံကြောင့် သူက အရမ်းစိတ်ရှုပ်သွားဟန်ဖြင့် အမ်ဘုံနှင့် ဆန္ဒကို တစ်ချက်လှမ်း ကြည့်ကာ ဖုန်းကို reject ထပ်လုပ်ပြန်ပါသည်။ ပြီးတော့ စာကို ဆက်ရှင်းပြန်ပါသည်။ ဒါပေမဲ့ သူ အာရုံတွေများနေပြီဆိုတာ အမ်ဘုံ သဘောပေါက်ပါသည်။ အမ်ဘုံသည် ခေါင်းငုံ့ကာ စာ ဖတ်ရင်း ပြုံးစိစိမျက်နှာထားဖြင့် သူ့ကိုတစ်ချက် မျက်လုံးလှန် ကြည့်ရင်းက ဖုန်းထပ်ခေါ်လိုက်ပြန်ပါသည်။ ဒီတစ်ခါ ထပ်မြည် လာသော ဖုန်းသံကြောင့် အမ်ဘုံက မှင်သေသေမျက်နှာထားဖြင့် သူ့ကိုကြည့်လိုက်ကာ ...

"လူညိုချော ... ဖုန်းကိုင်လိုက်ပါ ရပါတယ်။ အမ်ဘုံတို့ ကို အားမနာပါနဲ့၊ တစ်ဖက်ကလည်း အရေးကြီးလို့ ဖုန်း ခေါ်နေတာ နေမှာပေါ့၊ ကိုင်လိုက်ပါ"

"ဟို ... ဟို ... ဘာမှအရေးမကြီးပါဘူး။ အလကား လျှောက်ဆက်နေတာ"

သူက အမ်ဘုံကို ပြောလည်းပြော ဖုန်းကိုလည်း reject လှမ်းလုပ်ရင်းက အမ်ဘုံတို့ကို စာဆက်ရှင်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမ်ဘုံကလည်း မှင်တည်တည်ဖြင့်ပင် ခုံအောက်ကနေ ဖုန်းလှမ်းခေါ်လေပါသည်။ ဒီတစ်ခေါက်မှာတော့ သူက အနှောင့်အယှက်ကြီးကြီး ဖြစ်သွားဟန်ဖြင့် "ဟား"ဆိုပြီး အကျယ်ကြီးထအော်လျှင် ဆန္ဒက ...

"လူညိုချော... ရှင် ဖုန်းကိုင်ချင် ကိုင်လိုက်လေ။ ဟိုဘက်က ဒီလောက်ခေါ်နေကတည်းက အကြောင်းရှိလို့ပေါ့၊ ဖုန်းကိုင်လိုက်ပါလား"

"ရတယ် ... ရတယ် ... သူ့ကို နောက်မှဆက်လိုက်မယ်"

အမ်ဘုံက အလိုက်သိစွာပင် ဖုန်းချလိုက်လျှင် သူက အိုခေဆိုသော သဘောဖြင့် ...

"ရပြီ ... သူ ထပ်ခေါ်မှာ မဟုတ်တော့ဘူး၊ စာဆက်လုပ်ရအောင်"

သူက စာဆက်ရှင်းလေလျှင် အမ်ဘုံက ကိုယ့်ကို မသင်္ကာမဖြစ်လေအောင် စာကိုအရမ်းစိတ်ဝင်စားသည့်ပုံမျိုးဖမ်းကာ ...

"sceond text ထဲက စာပိုဒ်လေး ပြန်ရှင်းပြပေးပါဦး"





"အိုခေ ... အဲဒါက ဒီလိုလေ"

သူက အမ်ဘုံရဲ့ စာစိတ်ဝင်စားမှုအတွက် တက်ကြွစွာ ရှင်းပြနေတုန်းမှာပဲ အမ်ဘုံက ခုံအောက်ကနေ calling ခလုတ်ကို ထပ်နှိပ်လိုက်လို့ သူ့ဖုန်းက ထမြည်လေလျှင် သူက ဘယ်လိုမှ သည်းမခံနိုင်တော့စွာဖြင့် ဒေါသတွေထွက်လာကာ အမ်ဘုံနှင့် ဆန္ဒကို ဒေါသတွေထွက်၍ အသံတွေတောင်တုန်လာကာ ...

"သွားတော့ ... မင်းတို့ သွားတော့။ ဒီရှေ့ခ်ကို ငါ အပြတ်ရှင်းတော့မယ်၊ သွားကြတော့"

သူက သွားခိုင်းနေလျှင် အမ်ဘုံတို့က ခပ်တည်တည်ပင် စာကြည့်ခန်းထဲက ထွက်လာခဲ့တော့သည်။ ဒါပေမဲ့ သူ့ရဲ့ အော်ကြီးဟစ်ကျယ်ဖြင့် အော်ပြောနေသော အသံကြီးကိုတော့ အမ်ဘုံတို့နားနှင့် ဆတ်ဆတ်ကြားခဲ့ရပါသည်။

"ဟေ့ ... မင်း ဘယ်သူလဲ၊ ဘယ်ကလဲ၊ ငါ့ကို ဘာကိစ္စ နှောင့်ယှက်ရတာလဲ၊ မင်းကို ဖုန်းမဆက်နဲ့လို့ ပြောနေတာ မကြားဘူးလား။ နောက်တစ်ခါ ထပ်ဆက်ရင် မင်း သေပြီသာမှတ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ဒေါသတွေ ထွက်လေလေ အမ်ဘုံက ပျော်ရွှင်လေဖြစ်သည်။ အမ်ဘုံသည် ဖုန်းကို power ပိတ်လိုက်ပြီးနောက် (သူဆက်မှာစိုးသဖြင့်) အပေါ်ထပ်ကို ခုန်ပေါက်ကာတက်ခဲ့ပြီး လက်သီးလက်မောင်းတန်းကာ အောင်မြင်သူတို့ရဲ့စတိုင်လ်အတိုင်း ဆန္ဒရဲ့ပါးကို တစ်ချက်ဆွဲကာ ...

"ဆန္ဒ ... ငါ ဘယ်လောက် လက်စောင်းထက်တယ်ဆိုတာ သိပြီနော်"

"ဟွန်း ... အဲဒါ နင်လုပ်နေတယ်ဆိုတာ ငါသိသားပဲ။ အသည်းယားဖို့တောင်ကောင်းသေးတယ် အမ်ဘုံရယ်"

"ဟဲ ... ဟဲ ... အဲဒါကိုက ငါ့ရဲ့အစွမ်းအစပဲလေ။ အခုကြည့်စမ်း၊ ဘယ်တော့မှ စာဆိုလျှော့မပေးတဲ့ လူညိုချောက သူ့သဘောဆန္ဒအရကို ဒီနေ့ ငါတို့ လွတ်လပ်ရေးရသွားပြီ၊ ဝါး ... ပြန်အိပ်မယ်ကွာ"

အမ်ဘုံက မွေ့ရာပေါ်သို့ ဇွေခနဲပစ်ထိုင်ကာ လှဲချပြီး စောင်ကိုပါ ခေါင်းမြီးခြုံကာ ဆန္ဒကို နောက်ပြီးအိပ်ပစ်လိုက်တော့သည်။





"ကဲ ... ဆန္ဒရေ၊ ငါအိပ်တော့မယ် good morning"

အမ်ဘုံသည် အိပ်ရေးမဝသည့်အရှိန်ဖြင့် နှစ်နှစ်ခြိုက်ခြိုက်ကို ပြန်လည်အိပ်ပျော်သွားတော့သည်။ အချိန်တွေဘယ်လောက်ကြာသွားမှန်းတောင် မသိ။ ဆန္ဒ လာနှိုးမှပဲ နိုးတော့သည်။

"အမ်ဘုံရေ ... ထတော့ဟေ့၊ ရှင့် ဘော်ဒီဂတ်ကြီးက AC သွားရမယ်တဲ့၊ အဆင်သင့် ပြင်ထားပါတဲ့"

အမ်ဘုံက အိပ်ရာထဲက လူးလဲထကာ AC သွားရဦးမည်ဆိုတာကြောင့် ပျော်သလိုလို စိတ်ညစ်သလိုလို ဖြစ်လာရလေသည်။ American Center မှာ အလန်းတွေနှင့် ကျောင်းတက်ရ၊ Library မှာ စာဖတ်ရတာက ပျော်စရာဖြစ်ပေမယ့် လူညိုချောကပါ တကောက်ကောက်ပါလာတာကတော့ စိတ်ညစ်ဖို့ကောင်းပါသည်။

"ဟဲ့ ... ဆန္ဒ၊ သူ ဘော်ဒီဂတ်ဝတ်စုံနဲ့ပဲလား"

"ဒါပေါ့ဟ ... duty is duty ပဲဟာ၊ အဲဒီ uniform ကိုတော့ ဘယ်ချွတ်ပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒက ပြောင်စပ်စပ်ပြောလိုက်လျှင် အမ်ဘုံက ဆံပင်တွေကို ကုတ်ဖွပစ်လိုက်ပြီး ...

"ဟား ... သိပ်စိတ်ပျက်တဲ့ကောင်ပဲ။ တွေ့မယ် ... လူညို ချော ... ငါနဲ့တွေ့မယ်၊ လာခဲ့စမ်း"

အမ်ဘုံက အိပ်ရာဘေးက ငါးသိန်းတန်ဖုန်းကို power ပြန်ဖွင့်ကာ သူ့ဆီကို ဖုန်းခေါ်လိုက်လေသည်။ အောက်ထပ်က ဦးချစ်ရဲ့အသံဝါဝါကြီးကိုလည်း ကြားလိုက်ရပါသေးသည်။

"ဟော့ ... ညိုချောရေ ... ဖုန်းဟော့ 0973144514 တဲ့"

"ဟား ... လာပြန်ပြီ ဒီဖုန်း၊ တွေ့မယ် ဦးချစ် ... ပေး"

အမ်ဘုံက အောက်ထပ်က အော်ကြီးဟစ်ကျယ်အသံတွေကို အသာမေ့ကာ သူ့ရဲ့ဟယ်လိုထူးသံကို နားစွင့်နေလိုက်ပါသည်။

"ဟယ်လို ... မင်းပြောစမ်း၊ ဘာကိစ္စရှိနေသလဲ၊ ပြောစမ်း"

ဆောင့်ခနဲ အော်ချလိုက်သော သူ့အသံကြောင့် အမ်ဘုံက လန့်တောင်လန့်သွားရပါသည်။ ဒါပေမဲ့လည်း အမ်ဘုံက နဂိုသံထက် ပိုချိုလိုက်ကာ သူ့ကိုရင်ခုန်စေလောက်မည့် စကားလုံးတို့ဖြင့် ပစ်သွင်းလိုက်တော့သည်။





"ဟယ်လို ...

ကိစ္စကတော့ ရှင့်ကို အရမ်းစိတ်ဝင်တစားဖြစ်နေတဲ့ အကြောင်းလေး ပြောချင်လို့ပါ"

အမ်ဘုံ စကားကြောင့် သူက အံ့ဩသွားဟန်ဖြင့် အသံခဏ တိတ်သွားပြီးမှ ...

"ဘာ ... ဘာဖြစ်တယ်"

"ဟုတ်တယ် ... ရှင့်ရဲ့သတ္တိ၊ ရှင့်ရဲ့အလုပ်အကိုင်၊ နေပုံထိုင်ပုံ၊ ရှင့်ရဲ့စတိုင်လ်၊ ရှင့်ရဲ့စကားပြောပုံ၊ အားလုံးဟာ ကျွန်မကို စွဲလမ်းစေတယ်၊ ကျွန်မအတွက်တော့ ရှင်က hero ပဲ"

"ဘာ ... hero ဟုတ်လား။ ဘာ hero လဲ၊ ဒီမှာ မိန်းကလေး မင်းရူးသွားပြီလား၊ ငါ့ကို ဘာကိစ္စ ဒီစကားတွေ လာပြောနေရတာလဲ၊ မင်းမှာ အရှက်သိက္ခာမရှိတော့ဘူးလား။ မြန်မာမိန်းကလေးတစ်ယောက် ပြောရမယ့်စကားလား၊ မင်းမှာ ဦးနှောက်မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



သူပြောတဲ့စကားဟာ ရှက်တတ်ရင် လဲသေဖို့ကောင်းတဲ့စကားလုံးတွေ ဖြစ်ပေမယ့် အမ်ဘုံက လိုချင်တဲ့ target အတွက် အချစ်ကိုချိန် square လုပ်ရမှာ ဖြစ်ပါသည်။

"မိန်းကလေးဆို စ,မချစ်ရတော့ဘူးလား ညိုချောရယ်"

"ဟော့ ... မင်း ဘာလဲ ရူးသွားပြီလား။ ငါ့ဆီ အဲဒီစကားလုံးမျိုး လာမပြောစမ်းနဲ့၊ သွားသေလိုက်ကွာ၊ မင်း ငါ့ကို ကြိုက်စရာလည်း မလိုဘူး၊ ချစ်စရာလည်း မလိုဘူး"

သူက ဒေါသတကြီး အမ်ဘုံ့ကို ကောလွှတ်ကာ ဖုန်းချသွားပါသည်။ အမ်ဘုံသည် သူ့ကိုလွယ်လွယ်နှင့်တော့ကြူဖို့ဆိုတာ မဖြစ်နိုင်ဘူးမှန်း သဘောပေါက်ရစွာ ပခုံးတစ်ချက်တွန့်လိုက်ပါသည်။

ခဏနေက အမ်ဘုံကို မေးတစ်ချက်ဆတ်ပြကာ ...

"ဘယ်နှယ်ရှိစ ... အမ်ဘုံ အိုကေရဲ့လား"

အမ်ဘုံက နားအူနေ၍ နားကို လက်ဖြင့်ကျပ်လိုက်ရင်းက အပြုံးမပျက်ပင် ပြန်ဖြေလိုက်တော့သည်။





"အစပိုင်းမှာ မာကျောနေပေမယ့် နောက်ပိုင်းမှာ soft ဖြစ်သွားမှာပါ၊ သစ်ပင်ကြီးတွေတောင် နဲ့ပါများရင် နဲ့သေးတာပဲဟာ၊ လူညိုချောဆိုတာ တောသားအူအရိုင်းလေးပါ၊ နှစ်ရက် သုံးရက်လောက် ဆိုတာနဲ့တင် အပြတ်အသတ်ပြိုလဲသွားလိမ့်မယ်။ စောင့်ကြည့်လိုက်တော့ ခုတော့ မီးမီး AC သွားဖို့ ပြင်ဆင်လိုက်ဦးမယ်"

အမ်ဘုံသည် AC မှာ လန်းရင်း စာသင်နိုင်ဖို့အတွက် စပါယ်ရှယ် အချိန်ယူ ပြင်ဆင်မိပါသည်။

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



၅

"ကိုချစ်ရေ ... ကိုချစ်၊ ညိုချောကို ကြည့်စမ်းပါဦးတော့"

ကြီးစိန်ရဲ့စကားကြောင့် ညိုချောဟာ ရှက်သလို တစ်ချက်ရယ်လိုက်ပြီး အပြင်ထွက်လာခဲ့လိုက်ပါသည်။ ဦးချစ်ကတော့ သူ့ပုံစံကိုမြင်ကာ အရမ်းကျေနပ်သွားပုံရပါသည်။ အဲဒီအတွက် သူက ပီတိဖြစ်သွားရပါသည်။ ဒီနေ့က AC မှာ သင်တန်းတက်ရမှာမို့ သူက ဟိုမိန်းကလေးရဲ့စကားကြောင့် သူ့ဒီဇိုင်းကို တမင်ပြောင်းခဲ့တာဖြစ်သည်။

သူ့ရဲ့ဘော်ဒီဂတ်စတိုင်လ်ကို ကြိုက်ပါတယ်ဆိုသည့်အတွက် သူက cross လိုက်လုပ်ကာ အပြင်အဝတ်အစားဝတ်တာ





ဖြစ်သည်။ သူဟာ အမ်ဘုံတို့နှင့် အပြင်ထွက်တိုင်း တကယ့်ကိုဘော်ဒီဂတ်အဝတ်အစားဖြင့် စမတ်တကျဝတ်စား၍ ထွက်တာဖြစ်တာကြောင့် ဒီနေ့ပုံစံဟာ အိမ်ကလူတွေအတွက် အဆန်းတကြယ် ဖြစ်နိုင်ပါသည်။

ဗေဒါရောင်အော်တာရှပ်အကျပ်ကို ဂျင်းဘောင်းဘီဖြင့် တွဲဖက်ဝတ်ကာ ကျောပိုးအိတ်လွယ်ထားတဲ့ သူ့ဒီဇိုင်းက ဆန်းသစ်တယ်ပဲ ဆိုပါတော့။ အမ်ဘုံနှင့် ဆန္ဒက အပေါ်ထပ်က ဆင်းလာလျှင် သူ့ကို အံ့သြသွားသည့်မျက်ဝန်းတို့ဖြင့် ငေးကြည့်ရင်းက အမ်ဘုံက သူ့ကို အပြုံးတစ်ခုစွက်ကာ ...

"ဟေး ... နင် ဒီဇိုင်းတွေ ပြောင်းလိုက်တာလား၊ မိုက်တယ်"

သူက အမ်ဘုံရဲ့အပြောကို ရှက်သွားတာကြောင့် ခေါင်းတစ်ချက်ကုတ်လိုက်ကာ ...

"ဟို ... ဘော်ဒီဂတ်ဝတ်စုံတွေက နေ့တိုင်းဝတ်ရတော့ ဟောင်းသွားမှာစိုးတာနဲ့ ဒီ‌ေ အပြင်အဝတ်အစား ဝတ်ထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူက မနေတတ်စွာ ဟိုဟိုဒီဒီ ကြည့်မိသွားလျှင် အမ်ဘုံရဲ့ဝတ်စားပုံကို မြင်တွေ့ရတော့သည်။ အဖြူရောင် vest စွပ်ကျယ်ကို ဂျင်းလက်ပြတ် ဝတ်စကုတ် ထပ်ဝတ်ထားကာ ပြာလွင်လွင် စကတ်တိုတစ်ထည်ဖြင့် ပြီးပြည့်စုံသော အလှတရားကို ပိုင်ဆိုင်ထားပါသော်လည်း အမ်ဘုံရဲ့ဝတ်စားဆင်ယင်ပုံဟာ သူ့မျက်စိထဲမှာတော့ လျှပ်ပေါ်လော်လီနိုင်သလိုပင်။

"အမ်ဘုံ ... AC သွားဖို့က အဆင်သင့်ဖြစ်ပြီလား"

အမ်ဘုံက သူ့ကို တစ်ချက်မျက်လုံးလှန်ကြည့်ပြီးမှ ...

"အေးလေ ... အားလုံး ready မို့လို့ အောက်ဆင်းလာတာပေါ့။ သွားမယ်လေ"

အမ်ဘုံက သွားဖို့ပြောလိုက်လျှင် သူက နားထင်ကို လက်ဖြင့်တစချက်ပွတ်ကာ ...

"ဟို ... အကျီမလဲတော့ဘူးလား"

"ဟဲ့ ... လဲပြီးပြီလေ၊ ဟာ ... ဒုက္ခပါပဲ၊ နောက်ကျတော့မယ် ... သွားစို့"





သူက ဘော်ဒီဂတ်တာဝန်ကို ကျေပွန်စွာထမ်းဆောင်သူပီပီ အမ်ဘုံက သွားမယ်ဆိုလိုက်တာနှင့် ရင်ကိုကော့ ခေါင်းကိုမော့ကာ ထုံးစံအတိုင်း မျက်နှာကြောကို တင်းထန်၍ ...

"ရှေ့ကသွားပါ အမ်ဘုံ၊ ကားတံခါးက အဆင်သင့်ဖွင့်ထားပြီးသား"

အမ်ဘုံက သူ့ကို မျက်စောင်းတစ်ချက်ထိုးကာ ကားထဲသို့ သွားဝင်ထိုင်လေသည်။ ဘာပဲဖြစ်ဖြစ် သူ့ကို အမ်ဘုံ အရင်ကလို ကန့်လန့်မတိုက်တော့တာပဲ သူမကို ကျေးဇူးတင်ရပါမည်။

သူ့စိတ်ထဲမှာတော ဖုန်းဆက်တဲ့ ဟိုအမျိုးသမီးကသာ ကြီးစိုးနေပါသည်။ အရမ်းထူးဆန်းပါသည်။ သူ့ဖုန်းနံပါတ်ကို အဲဒီမိန်းကလေးက ဘယ်လိုလုပ် သိသွားတာပါလိမ့်။ ပြီးတော့ သူ့ကိုကော ဘယ်မှာတွေ့ပြီး စိတ်ဝင်စားသွားရပါလိမ့်။ သေချာတာကတော့ သူဟာ အဲဒီမိန်းကလေး ဘယ်သူဆိုတာ သိပ်သိချင်မိနေတာ ဖြစ်ပါသည်။ အဲဒီအတွက် သူ့ဆီကို ဖုန်းဆက်တဲ့ မိန်းကလေး ဘယ်သူဆိုတာ သိနိုင်ဖို့အတွက် AC မှာရှာရမည် ပြီးတော့ BBM သင်တန်းမှာ ရှာရမည်။



www.burmeseclassic.com

www.burmeseclassic.com



"ညိုချော ရောက်နေပြီလေ"

သူက အမ်ဘုံ လှမ်းသတိပေးလိုက်တော့မှ ကိုယ့်စိတ်နှင့်အတွေးကို ဘရိတ်အုပ်ကာ ကားပေါ်ကဆင်း၍ အမ်ဘုံကို တံခါးဖွင့်ပေးရသည်။ အင်း ... သူ့ရဲ့ရှာပုံတော်ကိုဖွင့်ဖို့ အချိန် ရောက်လေပြီပဲ။

ညိုချောသည် မိန်းကလေးဘယ်သူဆိုတာ စောင့်ဖမ်းနိုင်ဖို့ သတိတော့ ကြီးကြီးထားရမှာဖြစ်သည်။ ကော်ရစ်တာ တစ်လျှောက်မှာ ဥဒဟိုသွားလာနေကြတဲ့ (အထူးသဖြင့် သူ့ကို ကွက်ကြည့် ကွက်ကြည့်လုပ်နေသော မိန်းကလေးများ)ကို သူက ပြူးတူးပြဲတဲဖြင့် ဘယ်သူများလဲ လိုက်ရှာကြည့်ရတာဖြင့် အမ်ဘုံ တို့ကို ဂရုတစိုက် စောင့်ရှောက်မနေမိသလို ဖြစ်ရတော့သည်။

သူက ဟိုကြည့် ဒီကြည့် မျက်လုံးက ကျီးကန်းတောင်မှောက် ရှာဖွေနေတာကို အရှေ့က အမ်ဘုံတို့က ကျိတ်ပြီးရယ်နေတာကိုလည်း သတိမထားအား။ သူသိချင်နေတာတစ်ခု ကို သိရဖို့အတွက် အာရုံကသာ ကြီးစိုးထားနေပါသည်။ သူ့ကို ဖုန်းဆက်တဲ့ မိန်းကလေးကို စိတ်ဝင်စားတယ် ဆိုတာကလည်း





သူ့လိုတော့သားကို ဘာစိတ်ကူးနဲ့များ အဲဒီစကားတွေ ပြောရတာလဲ စသဖြင့် ထူးဆန်းနေတာကြောင့် လိုက်ရှာမိတာဖြစ်ပါသည်။

ညိုချောရဲ့ရှာဖွေပုံကို သတိထားမိဟန်တူသွားသော အမ်ဘုံက သူ့ကိုတစ်ချက်လှည့်ကြည့်ကာ မေးဆတ်ပြရင်း ...

"ဟော့ ... နင် ဘာရှာနေတာလဲ။ တစ်စက်ကလေးမှကို အငြိမ်မနေဘူး"

"အဟဲ ... မဟုတ် မဟုတ်ပါဘူး။ သွားပါ ... ရှေ့ကသွား"

အမ်ဘုံက သူ့ကို မျက်စောင်းတစ်ချက် ကျိတ်ထိုး၍ လှည့်ထွက်သွားလေတော့သည်။ သူက အမ်ဘုံတို့နှင့်မလှမ်းမကမ်း ခပ်ခွာခွာက လျှောက်နေတာကို မြင်သွားသော အမ်ဘုံရဲ့ သူငယ်ချင်းမတချို့က လှမ်းစကြသေးပါသည်။

"ဟေး ... ဘော်ဒီဂတ်ကြီး၊ ဒီနေ့တော့ လန်ထွက်သားနားနေပါလား၊ ဘာလဲ uniform သူများခိုးသွားလို့လား"

သူ့ကို ကွိစိကွစိ စနောက်နေလျှင် သူက ဒေါသဖြစ်သွားကာ မျက်နှာကြောကို တင်းလိုက်ပြီး အသံမာမာဖြင့် ဟောက်ပစ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... မင်းတို့ ဘာဖြစ်နေတာလဲ။ ကိုယ့်ဘာသာအေးဆေးနေကြ။ နောက်တစ်ခါ ထပ်စကြည့်၊ ငါ့အကြောင်းသိမယ်"

သူ အဲလိုပြောလိုက်မှပဲ အားလုံးက ဇက်လေးပုကာ ပါးစပ်ပိတ်သွားတော့သည်။ အင်း ... သူ့မှာလည်း ရွယ်တူတွေကြားထဲမှာ ဂုဏ်ရှိန်ကြီး ဖြစ်နေပြီထင်သည်။ မတတ်နိုင်၊ အဲဒါကိုက သူ့တာဝန်ပဲဖြစ်၏။ လူကြမ်းလုပ်မှတော့ အစွယ်ထုတ်ပြတာ မဆန်းပါဘူး။ သူ့ကို ရွံ့ကြောက်ကြီးဖြစ်တာပဲ ကောင်းပါတယ်။ သူ့ကိုကြောက်မှ အမ်ဘုံတို့ကို မထိရဲမှာပေါ့။

အမ်ဘုံက သူမရဲ့ဘော်ဒါတွေကို သူ ဟောက်လိုက်တာကို မကျေမနပ်ဖြစ်သွားပုံ ရပါသည်။ သူ့ကို အံကြိတ်ပြရင်းထထွက်သွားကာ library ဘက်သို့ ဆံနွှန်နှင့်အတူ ထွက်သွား၏။ ညိုချောသည် ရာပုံတော်ဇာတ်လမ်းကို အစဖျောက်၍ အမ်ဘုံနောက် အပြေးအလွှား လိုက်ရပါသည်။ ဒီကြားထဲ သူ့ကို အမ်ဘုံရဲ့သူငယ်ချင်းတစ်ယောက်က လှမ်းနှုတ်ဆက်လေသေးသည်။

"ညိုချော ... ဟယ်လို"





သူ့ကိုနှုတ်ဆက်ပြီး ကောင်မလေးက ထွက်သွားပေမယ့် သူက သူမရဲ့နှုတ်ဆက်သံကို နားထဲပဲ့တင်ထပ် ကြားမိသွားတာကြောင့် ခြေလှမ်းတွေကို ချက်ချင်းတုံ့ဆိုင်းလိုက်ကာ သူမကို လှမ်းခေါ်လိုက်ပါသည်။

"ဟေ့ ... နေဦး"

ကောင်မလေးက လှည့်ကြည့်သောအခါ သူက ကောင်မလေးနားသို့ နီးကပ်အောင် လျှောက်သွားကာ ...

"မင်း ခုနက နှုတ်ဆက်သလို ပြန်နှုတ်ဆက်ပြပါဦး"

"ဟယ်လို"

ညိုချောက မျက်လုံးမှိတ်ကာ သူမရဲ့အသံကို နားထောင်ကာ မနက်က ဖုန်းထဲမှာကြားရတဲ့ ဟယ်လိုသံနှင့် ထပ်တူညီမညီ ပြန်ခံစားကြည့်နေတာဖြစ်သည်။ သူ့နားထဲမှာ ရှင်းလင်းမှု မရှိသေး။

"နောက် ... နောက်ထပ်တစ်ခေါက်"

ကောင်မလေးက သူ့ကို ဘာလဲဟဆိုသော အကြည့်မျိုးဖြင့်ကြည့်ကာ ယောင်နနဖြင့် ထပ်ခေါ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... လို"

အင်း ... ဒါဆိုရင်တော့ မိန်းမလေးက သူ မဟုတ်တာ သေချာသွားပြီ။ ညိုချောသည် ကောင်မလေးကို အပြုံးတစ်ခုဖြင့် ခေါင်းဆတ်ပြကာ ...

"မဟုတ်ဘူး ... သွားတော့။ ကျေးဇူးပဲ"

ညိုချောက ပြောပြီးတာနှင့် library ထဲသို့ ဝင်လာခဲ့တော့သည်။ သူ့ကို ကောင်မလေးတွေက "ဂေါက်ကြောင်"လို့ ပြောတာကို မကြားမိလိုက်ချေ။ ညိုချောသည် library ထဲသို့ ဝင်ဝင်ချင်းမှာပဲ ခါးမှာချိတ်ထားတဲ့ဖုန်းလေးက အသံထမြည်လျှင် သူက အသည်းအသန် ဖုန်းကိုထုတ်၍ library ထဲက မြန်မြန်ထွက်လာကာ ဖုန်းကိုင်လိုက်သည်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါဟာ ဟိုမိန်းကလေးရဲ့ဖုန်းမို့လို့ပဲဖြစ်၏။

"ဟယ်လို ... ဟယ်လို"

သူက "ဟယ်လို"ထူးတာတောင် တစ်ဖက်က ဘာမှမပြောသောအခါ သူက ဒေါသထွက်လာကာ ...





"ဟယ်လို ... ဟော့ ... ပြောလေကွာ၊ ဟယ်လို"

"ပြောဆိုတော့လည်း ပြောရတော့မှာပေါ့ကွာ ... ဒီလို"

အဲဒီအသံက ဖုန်းထဲက လေလှိုင်းထဲက ဖြတ်စီးလာတဲ့ အသံမျိုးမဟုတ်ဘဲ သူ့ဘေးကအသံ ဖြစ်နေတာကြောင့် ညိုချောသည် ဘေးကလျှောက်လာတဲ့ ဖုန်းပြောနေတဲ့ ကောင်မလေးကို လှမ်းခေါ်ကာ သူမများ ဖြစ်နေမလား အထင်ဖြင့် ...

"ဟော့ ... နေဦး။ ငါ့ဆီ ဖုန်းဆက်နေတာ မင်းမလား"

"ဘာလဲ ... အူကြောင်ကြောင်နဲ့၊ ငါ့ဘဲနဲ့ ကျိုင်တက်နေလို့ စိတ်ညစ်နေရတဲ့အထဲ ... ရှစ်(ထ်)"

ကောင်မလေးက သူ့ကိုကောကာ ထွက်သွားလေသည်။ အဲဒါဆို သူလည်းမဟုတ်သေးဘူး။ ညိုချောသည် ဟိုဘက်က ဖုန်းမချသေးတာကြောင့် ...

"ဟေး ... မင်း ငါ့ကို ပြောလေကွာ"

"ဟား ဟား ဟား ... ရှင်လည်း တကယ်ဂေါက်တာပဲ ညိုချောရယ်၊ ကျွန်မကို အဲဒီလောက် ရှာမနေပါနဲ့၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



က အခု ရှင့်ဘေးနားမှာ ရှိနေတယ်၊ ရှင် မြင်တတ်မယ်ဆိုရင်ပေါ့”

အဲဒီစကားကြောင့် ညိုချောသည် လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားရပြီး ဘေးဘီဝဲယာကို အသေမျက်လုံးကစားရတော့သည်။ ဘယ်မှာလဲ ... ဘယ်သူလဲ။

“ဟော့ ... မင်း အဲလိုမလုပ်နဲ့၊ သတ္တိရှိရင် ငါ့ရှေ့ထွက်ခဲ့ပါလားကွ”

“အဲဒီလို ရှင့်ရှေ့မထွက်ရဲလို့ အခုလို ဖုန်းဆက်နေရတာပေါ့၊ ကျွန်မက ချစ်တဲ့သူရဲ့ရှေ့ကို ဘယ်လာရဲပါ့မလဲ။ ကိုယ်ချင်းစာဦးမှပေါ့၊ ကျွန်မက မိန်းကလေးလေ”

ညိုချောသည် ဖုန်းပြောနေရင်းက ခေါင်းတွေမူးနေအောင်ကို ရှာဖွေနေမိပါသည်။ အဲဒီမိန်းကလေးက ဘယ်သူလဲ။

“ဟော့ ... မင်း ဘယ်သူလဲ”

“အိုး ... ဘယ်သူလဲဆိုတာလဲ မပြောနိုင်ပေါင်။ ဩော် ... ဒါထက် ပြောရဦးမယ်။ ရှင် ဒီနေ့အဝတ်အစားနဲ့ အရမ်း





လိုက်တယ်၊ အဲလိုအပြောင်းအလဲလေးနဲ့ မြင်လိုက်ရလို့လား မသိဘူး။ ရှင် သိပ်ချောတာပဲ”

ညိုချောသည် အဲဒီလို အတိအကျချီးမွမ်းသံကိုကြားလိုက်ရသောအခါမှာတော့ ကျင်စက်နဲ့ အတို့ခံထားရသူလိုတစ်ကိုယ်လုံး ကျင်တက်သွားကာ ငြိမ်ဆိတ်သွားမိတော့သည်။ သူ့တစ်သက်မှာ သူ့ကိုချောတယ်လို့ ဘယ်မိန်းကလေးကမှပြောခဲ့ဖူးတာ မဟုတ်ပေ။ သူမရဲ့အဲဒီစကားကြောင့် သူဟာမိန်းမောမှုကို ဖြစ်သွားစေပါသည်။ အဲဒါကိုပဲ သူမက အခွင့်ကောင်းယူကာဖုန်းချသွားလေတော့သည်။

BURMESE CLASSIC .com

ဘယ်သူလဲ ... အဲဒီမိန်းကလေးက။

ညိုချောသည် သိချင်စိတ်ဖြင့် ဖုန်းထဲမှာပေါ်နေသောအဲဒီနံပါတ်ကို ပြန်ခေါ်လိုက်သည်။ သူမကို ဖုန်းပြောရမည်။ အဲဒါမှ စကားအစ်ရင်းက သူမ ဘယ်သူဆိုတာကို တီးခေါက်မိသွားနိုင်သည်။ သို့သော် ကံဆိုးတာပဲလား၊ သူမကပဲ အကွက်မြင်တာလားတော့ မပြောတတ်ပါ။ သူမရဲ့ဖုန်းကို ခေါ်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါမှာ အမျိုးသမီးက သူ့ကို ယဉ်ကျေးပျူငှာစွာ ပြန်ပြောလေသည်။

“လူကြီးမင်း ခေါ်ဆိုသော တယ်လီဖုန်းမှာ စက်ပိတ်ထားပါတယ်ရှင် ... Sorry ...”

✧ ❦ ✧

BURMESE CLASSIC .com





ခုံမှာထိုင်ကာ စာဖတ်နေရင်း သူဝင်လာတာကိုတွေ့တဲ့အခါ အမ်ဘုံသည် ပြုံးစိစိဖြစ်သွားရသည်။ သူ ဘယ်လိုများဖြစ်နေမလဲဆိုသော သိချင်စိတ်ဖြင့် အနောက်ကို အသာလေးလှည့်ပြန်ကာ ဖွေကြည့်လိုက်လျှင်တော့ ကိုယ်တော်ချော့က အမ်ဘုံတို့ကို မေ့လျော့နေစွာဖြင့် သူ့ရဲ့အုံထူထူဆံပင်တိုကို လက်ဖြင့်သပ်တင်ကာ ရုပ်အကျီကော်လာကို ပင့်တင်ကာ ပဲများနေပါသည်။ အင်း ... ကြည့်ရတာတော့ အရမ်းချောတာပဲဆိုတဲ့ စကားကဟတ်ထိသွားပြီ ထင်ပါရဲ့။ အမ်ဘုံသည် သူ့ရဲ့ပုံကို ခိုးကြည့်ရင်းက ဆန္ဒကို တံတောင်ဖြင့် တွက်လိုက်ကာ ...

“မြင်တယ်နော် ဆန္ဒ၊ အမ်ဘုံရဲ့အကြံဟာ ဘယ်လောက်မိုက်သလဲဆိုတာ။ အင်း ... သိပ်မကြာခင်မှာတော့ ငါတို့စိတ်ချမ်းသာတော့မှာပါ”



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... အေးပါ ... ဟိုတစ်ယောက်ကတော့ နင့်လက်ချက်နဲ့ဘဲ မကြာခင် အသက်ထွက်သွားလိမ့်မယ်။ အခုတောင် ဖုန်းပြောတာ နှစ်ရက်ပဲ ရှိသေးတယ်၊ ဟိုက နန့်နန့်ထိုး ဖြစ်နေပြီ ...

မြင်ယောင်ပါသေးတယ်။ အဲဒီ လူညိုချောကိုတော့ ရေဒီယိုဓာတ်လမ်းကို အပီခံစားနေတဲ့သူအဖြစ်နဲ့"

တကယ်လည်း လူညိုချောက အဲဒီပုံစံမျိုးဖြစ်လာမှာဖြစ်သည်။ အမ်ဘုံ့ကို တမ်းတမ်းစွဲနေသူတွေထဲက တစ်ယောက်အဖြစ် အမ်ဘုံ အသိမှတ်ပြုခဲ့ရင်တောင် သူကတော့ သိရှာမှာ မဟုတ်ပါ။

အဲဒါအတွက် အမ်ဘုံက ပိုပြီး သူ့ကို ဒုက္ခပေးမှာ ဖြစ်ပါသည်။





BURMESE CLASSIC .com

## ၆

အဲဒီလိုနှင့်ပဲ အမ်ဘုံဟာ လူညိုချောဆီကို နေ့တိုင်းနီးပါး ဖုန်းဆက်ကာ အီမိပါသည်။ ဟိုကောင်ငတုံးကတော့ အမ်ဘုံ ပြောသမျှကို အကုန်ယုံကာ သဲလွန်စအဖြစ် အသေမှတ်နေလေသည်။ အမ်ဘုံရဲ့ဖုန်းကို အစက သူ့ခမျာ မပြောတော့ဘူးလို့ စိတ်ဆုံးဖြတ်ထားဟန်ဖြင့် ဖုန်းမကိုင်ပေ။ ဒါပေမဲ့ အမ်ဘုံက အသေအလဲ ဖွဲ့ရှိရှိခေါ်လျှင် သူ မကိုင်ဘဲ မနေနိုင်တော့ပါ။ အဲဒါနဲ့ပဲ ဖုန်းပြောဖြစ်ခဲ့ပါ၏။

သူ့ကို ဖုန်းပြောခြင်းဖြင့် အာရုံလွဲနိုင်ခဲ့သည့်အတွက် အမ်ဘုံတို့နောက်က မျက်ခြည်မပြတ်လိုက်ကာ အသေခံသော်ဒီဂတ်ဒီဇိုင်းက အနည်းငယ် လျှော့ပါးသွားသည့်အတွက် အရမ်းစိတ်ချမ်းသာရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့လည်း သူ့ကို အဲလိုအုံးစားစရာတွေပေးရတာကို အမ်ဘုံက ပျော်လာကာ သူနှင့် ဖုန်းဆက်ပြောဖြစ်ပါသည်။ အဲဒီ လူညိုချောနှင့် ဖုန်းပြောရတာဟာ အင်မတန်ရယ်ဖို့ ကောင်းလှပါသည်။ အမ်ဘုံက ဟုတ်တာတွေရော မဟုတ်တာတွေရော စသဖြင့် ထွေလီကာလီ ပေါက်ကရလေးဆယ် ပြောချင်ရာပြောနေသော်လည်း သူကတော့ တကယ့်ကို အဟုတ်ကြီးထင်နေကာ ဇွတ်ကိုယုံနေတော့သည်။ တလောကဆို ဖုန်းပြောနေရင်းက သူက သတိရသွားဟန်ဖြင့် အမ်ဘုံကို နာမည်မေးလေသည်။

"မင်းကို မင်း, မင်းနဲ့ ခေါ်ရတာက မကောင်းဘူးနော်၊ ရိုင်းသလို ခံစားရတယ်။ မင်းနာမည် ဘယ်လိုခေါ်သလဲ ဟင်"

အဲဒီမေးခွန်းကြောင့် အမ်ဘုံမှာ တော်တော်ခေါင်းခြောက်သွားရတာဖြစ်သည်။ အမ်ဘုံသည် ဘာနာမည်ပြောရပါ့ ဆိုပြီး စဉ်းစားရင်းနှင့် ပါးစပ်ထဲရှိတဲ့ ဆန်းဆန်းပြားပြား နာမည် တစ်ခု ရွှတ်ပြလိုက်ပါသည်။ အဲဒါလည်း သူက ယုံတာပဲ ဖြစ်ပါသည်။





"ကျွန်မနာမည်လား ... အင်း ... ပြောမှာပေါ့။ ကျွန်မအဖေက ကျွန်မကို နာမည်ဆန်းဆန်းလေး မှည့်ပေးထားတာလေ၊ မှတ်ထား ... ကျွန်မနာမည် မြို့သူပါ"

"ဟာ ... တကယ်လှလိုက်တဲ့ နာမည်လေး။ မြို့သူ ... အဓိပ္ပာယ်လည်း ရှိတယ်ဗျ။ ကျွန်တော် မြို့သူလို့ခေါ်မယ်နော်"

အဲဒီတုန်းကဆို အမ်ဘုံ့မှာ အသံထွက်ပြီး ခွက်ထိုးခွက်လန် ရယ်ပစ်ချင်စိတ်ကို မနည်းကြီး အောင့်အည်းထားရပါသည်။ သူက အဲဒီလို ဂေါက်ဖြစ်၏။ လူနာမည်မဟုတ်တဲ့အမည်ကို အမ်ဘုံ နာမည်ပါလို့ ပြောတာကိုလည်း သူက ယုံတာပဲ။ သူ့ရဲ့ယုံကြည်ချက်တွေကတော့ ကြာရင် အမ်ဘုံ ယုန်မွေးမြူရေး လုပ်နိုင်တော့ပါမည်။

အဲဒီလို အကြောင်းကြောင်းနိုင်ကာ ရယ်စရာကောင်းတာကြောင့် အမ်ဘုံက ဖုန်းဆက်ပြောဖြစ်တာဖြစ်သည်။

သူဟာ အမ်ဘုံကို ဖုန်းပြောတာမှာ ရယ်ရအောင် စွမ်းဆောင်ပေးလို အပြင် တကယ့်အမှန်ဘဝမှာလည်း ရယ်ရစေ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ သူက သူ့ရဲ့ဖုန်းနတ်သမီးဖြစ်သည့်"မြို့သူ"ကို ကျောင်းတက်ချိန် အပြင်ထွက်ချိန်တွေမှာ ကျီးကန်းတောင်းမှောက်လိုက်ရှာ၊ သူ့ရဲ့ပြူးတူးပြဲတဲဖြင့် အူကြောင်ကြားပုံစံဟာ အမ်ဘုံအတွက်တော့ တကယ့်ကို ဟာသပဲဖြစ်သည်။

သူက တုံးကလည်း ငတုံးဆိုတော့ သူ့ကိုလှည့်စားဖို့က အင်မတန်မှလွယ်ကူလှပါသည်။ သင်တန်းလာပြီဆို အမ်ဘုံက ရှေ့ကနေ ဟိုလိုလို ဒီလိုလိုဖြင့် သူ့ဆီကို ဖုန်းလှမ်းခေါ်လိုက်လျှင် သူက ဖုန်းသံကြောင့် မျောက်အုန်းသီးရသလို ခုန်ဆွခုန်ဆွဖြစ်ကာ အသည်းအသန်ပင် ဖုန်းကိုင်ပါသည်။ ပြီးတော့ အပြင်မှာရှိသမျှ မိန်းကလေးတွေ အားလုံးကိုလည်း အသေလိုက်ရှာပါသည်။

အမ်ဘုံတို့နောက်ကနေ ဘော်ဒီဂတ်အဖြစ် လိုက်ပါနေပါသော်လည်း သူ့မျက်လုံးတွေက တောင်တောင်အီအီလိုက်လို့ရှာနေ၏ဖြစ်သည်။

သူ့ရဲ့အဲဒီပုံစံတွေဟာ အမ်ဘုံနှင့် ဆန္ဒအတွက်တော့ အကောင်းဆုံးဟာသတွေပဲ ဖြစ်ပါသည်။





တစ်ခါတလေ ကန်တင်းထိုင်ရင်လည်း သူ့မှာအစားအသောက်ကို ကောင်းကောင်းမစားနိုင်။ မျက်လုံးတွေက ဟိုလိုလို ဒီလိုလို ရှာနေတတ်တာပဲဖြစ်၏။ အမ်ဘုံမှာ သူ့ဘေးနားနေပြီး သူ လုပ်သမျှ ထိုင်ကြည့်နေရင်းက မနေနိုင်တော့စွာ ရယ်ချင်လာပြီဆို မျက်နှာကို တစ်ဖက်လွှဲ၍ ခိုးပြီးရယ်ရပြုံးရပါသည်။ သူက တော့ အမ်ဘုံကို သတိထားမိမှာ မဟုတ်ပါ။

ဆိုပါတော့။ ။

ရယ်ဖို့လည်းကောင်း၊ သနားဖို့လည်းကောင်းတဲ့ အဖြစ်အပျက်တစ်ခုကို အမ်ဘုံ ပြောပြမယ်။ အဲဒီနေ့က အမ်ဘုံတို့က ပန်းခြံထဲက ခုံတန်းလျားမှာထိုင်ကာ သူ့ကိုဖုန်းခေါ်ကာ ပြောလေသည်။ သူ့ကို ဘာဘာညာညာ လျှောက်ပြောကာ အပြင်သို့ပ,ထုတ်ဖို့ စကားစတွေ ရှာရလေသည်။

"မြို့သူ ... မြို့သူ မင်း အခု ဘယ်မှာလဲ"

"အင်း ... အခုက ကားထဲမှာ ဖုန်းထိုင်ပြောနေတယ် ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ကားထဲမှာ ဟုတ်လား"

သူက အမ်ဘုံ စကားကို အဟုတ်မှတ်၍ ကားတွေကို အသည်းအသန် လိုက်ရှာနေတာကို အမ်ဘုံတို့က လှမ်းမြင်ရလေသည်။ သူ့ရဲ့နမော်နမဲ့နိုင်မှုရယ်၊ စိတ်လောကြီးမှုရယ် ပေါင်းကာ တိုက်တိုက်ဆိုင်ဆိုင်ပင် ကားတံခါးချပ် တစ်ဖက်ဖွင့်ကာ ဖုန်းထိုင်ပြောနေသော မိန်းကလေးတစ်ယောက်ကိုမြင်လျှင် သူ့မိန်းကလေးအမှတ်ဖြင့် ကားတံခါးပေါင်ကို လှမ်းကိုင်ကာ ငုံ့လျှိုးကြည့်စဉ်မှာပဲ ကားတံခါးကို ဖုန်းပြောနေတဲ့ ကောင်မလေးက ဆွဲအပိတ်နှင့် သွားကြုံလေသည်။ အားခနဲအော်သံကြောင့် အမ်ဘုံတို့မှာ အရမ်းကို လန့်ဖျပ်သွားသော်လည်း မတတ်နိုင်တော့ပေ။ လက်ဆယ်ချောင်းစလုံး ကားတံခါး အညှပ်ခံလိုက်ရတာကြောင့် သူဟာ ဘာမှကိုင်နိုင်ခြင်း မရှိတော့ပါ။

အဲဒါဟာ အမ်ဘုံကြောင့်ဖြစ်တာ ဖြစ်သဖြင့် အမ်ဘုံကပဲ သူ့ကို ကရုဏာသက်ရလေသည်။ ဆေးခန်းပြ၍ အိမ်မှာပဲ နားနားနေနေ နေခိုင်းတာကို သူက လက်မခံဘဲ အမ်ဘုံတို့နောက်





လိုက်မယ် ပြောနေတာကြောင့် အမ်ဘုံ့မှာ သင်တန်းလည်းမသွားတော့ပါ။ မနက်ဘရိတ်ဖတ်(စ်)စားသောအခါမှာတော့ ဆန္ဒကဈေးဘက်သွား၍ အမ်ဘုံနှင့်သူပဲ အတူစားဖြစ်သည်။

ပေါင်မုန့်ကြက်ဥကြော်ကို စားလို၍ လက်ဖြင့်ကိုင်မ,နေရပုံက တကယ့်ကို မသက်မသာပေ။ အမ်ဘုံက မကောင်းတတ်တာကြောင့် သူ့ကို ခွံ့ကျွေးဖို့ ဟန်ပြင်တာကို သူက လက်မခံပါပေ။

"အမ်ဘုံ ခွံ့မကျွေးပါနဲ့။ ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ကို ကူညီချင်တယ်ဆိုရင် ကျွန်တော့်ပါးစပ်ထဲကို အဲဒီမုန့်ပစ်ကျွေး၊ ခွံ့ကျွေးရင်တော့ မစားဘူး"

တကယ့်ကို အူကြောင်ပါပေ့ လူညိုချောရယ်။ အမ်ဘုံသည် ပေါင်မုန့်ကြက်ဥကြော်ကို ခပ်သေးသေးဖဲ့ကာ သူ့ပါးစပ်ထဲသို့ပစ်ပေးလိုက်ပေမယ့်လည်း လက်က အချိန်အဆမတန်စွာ သူ့ပါးစပ်ဆီ မရောက်ဘဲ သူ့မျက်နှာကို သွားထိလေသည်။

"အာ ... ဆောရီး"



www.burmeseclassic.com

www.burmeseclassic.com



သူက အီးမှန်ထားသည့် မျက်နှာလို ရှုံ့မဲ့ကာနေပြီး အမ်ဘုံ့ကိုကောတော့မည်အပြုတွင် သူ့စာကြည့်စားပွဲပေါ်မှာ တင်ထားတဲ့ ဖုန်းလေးကို အမ်ဘုံက သတိရသွားကာ ခုံအောက်ကနေပင် ဖုန်းလှမ်းခေါ်လိုက်လျှင် သူက အသေအလဲ ထိုင်ရာကထ၍ ဖုန်းသွားကိုင်လေသည်။ စားပွဲပေါ်မှာတင်ထားတဲ့ဖုန်းကို သူက ပါးစပ်ဖြင့်ကိုက်ယူကာ ကြမ်းပေါ်ချ၍ မှောက်ခုံအနေအထားဖြင့် ဖုန်းပြောလေသည်။

သူ့ရဲ့အဲဒီပုံစံကြောင့် အမ်ဘုံမှာ အရမ်းသနားမိသွားပါသည်။

"ဟော့ ... မြို့သူ ပြောလေ"

အမ်ဘုံက အနောက်ကနေ သူ့ကိုငေးကြည့်ရင်းကမှ ဘာစကားမှ မပြောနိုင်တော့ဘဲ ဆွံ့အသွားရာကနေ သူ့အသံကြောင့်လန့်သွားပြီး ...

"ဩော် ... အင်း ... အခု ဘာလုပ်နေတာလဲ၊ လက်ကောသက်သာရဲ့လား"





"သက်သာတယ် မြို့သူရဲ့၊ မြို့သူ ဒီနေ့ဖုန်းဆက်တာစောတယ်နော်"

"အင် ... ဟုတ်တယ် ညိုချော၊ အဲဒါဆိုလည်း ဒါပဲလေ၊ နောက်ရက်မှ ထပ်ဆက်လိုက်မယ်"

"အာ ... မြို့သူကလည်း နေပါဦး"

သူက ဆက်ပြောချင်သေးဟန်ဖြင့် ဆွဲထားသေးသော်လည်း အမ်ဘုံက သူ့ပုံစံကို ရယ်လည်းရယ်ချင်၊ ပြောလည်းဆက်မပြောချင်တာကြောင့် ဖုန်းပိတ်ပစ်လိုက်တော့သည်။ အမ်ဘုံက သူနှင့်ဖုန်းပြောပြီးပြီဆိုတာနှင့် ဖုန်းကို power ပိတ်လိုက်ခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ထားတာဖြစ်သည်။ သူကတော့ အမ်ဘုံ ဘယ်သူလဲဆိုတာ မသိရှာသေးပါ။ အမ်ဘုံမှန်းသာ သူသိသွားရင် ဘယ်လိုနေမလဲ မသိပေ။

အဲဒီလို နေလာခဲ့ရင်းနှင့် တစ်ရက်မှာတော့ အမ်ဘုံတို့ဟာ ကန်တော်ကြီးရေကူးကန် စားသောက်ဆိုင်မှာ ထိုင်နေကြရင်းနှင့် သူ့ကိုနောက်ချင်တာကြောင့် ဖုန်းအခေါ်မှာ ရေကူးကန်ဘက်က ကောင်မလေးတစ်ယောက်ကလည်း ဖုန်းခေါ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရလေသည်။ လူညိုချောက အဲဒါကိုမြင်သောအခါ အသည်းအသန် ဟိုကောင်မလေးဆီ ပြေးလေတော့သည်။ အရမ်းကိုရယ်စရာကောင်းလှပါသည်။

အမ်ဘုံက သူ့ကိုဟာသလုပ်နေတာ ကြည့်ရတာမတင့်တော့သော ဆန္ဒက အမ်ဘုံရဲ့လက်ကို ဆိတ်ဆွဲ၍ ...

"ရယ်နော် ... အမ်ဘုံ၊ နင် သူများကို အဲဒီလောက်ဒုက္ခပေးနေ။ ကိုယ်ခံရတဲ့အလှည့်ကျမှ ဒုက္ခများနေဦးမယ်၊ ကြည့်လည်းလုပ်ဦး"

"အို ... အမ်ဘုံတို့ရာဇဝင်မှာ Unlucky day ဆိုတာမရှိဘူး အမ်ဘုံတို့အတွက်ကတော့ နေ့တိုင်းက Lucky day happy day ပဲ"

သူ့ကို စရနောက်ရတာဟာ ပြောစရာကြီးတစ်ခုလိုဖြစ်နေပေမယ့် အမ်ဘုံဟာ "မြို့သူ"ဆိုတဲ့ ဘဝလေးကို မသိစိတ်က သာယာနေမိခဲ့တာ ကိုယ့်ဘာသာကိုယ် ရီးတိုးရိပ်တိတ် သတိထားမိခဲ့ပါသည်။

✧ ❦ ✧





"ပြောပါ မြို့သူ။ မင်းကို ရှာရတာလည်း မောလှပြီကွာ၊ မင်း ဘယ်မှာလဲ"

"အော် ... ရှာပါ ရှာပါလို့ ကျွန်မ မပြောဘူးနော်၊ ရှင့်ဘာသာ ရှာတာလေ ညိုချောရဲ့။ ကဲပါ ... အဲဒါတွေမပြောနဲ့တော့၊ ရှင် ဒီနေ့ တစ်ကုန်အိမ်မှာပဲပေါ့ ဟုတ်လား"

"ဟုတ်တယ် မြို့သူရဲ့"

အထက်ပါစကားများဟာ သူက ခြံထဲကဒန်းပေါ်မှာ ထိုင်ပြောနေတာဖြစ်ပြီး အမ်ဘုံကတော့ ထမင်းစားခန်းထဲမှာ ဆန္ဒနှင့်အတူထိုင်၍ ဖုန်းပြောနေတာဖြစ်သည်။ သူ့ဆီကို တစ်နေ့တစ်ခေါက်မှ ဖုန်းမဆက်ရလျှင် အမ်ဘုံ့စိတ်ထဲမှာ တစ်ခုခုလိုနေသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



"မြို့သူ ... မင်းက ကျွန်တော်တို့သင်တန်းကဆိုတာ BBM ကလား AC ကလားဟင်"

"ဩော် ... ဒါကတော့ ပြောပြစရာလားရှင့်၊ ရှင်က ကျွန်မကို တွေ့ချင်တဲ့သူမှလား။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ စုံစမ်းပေါ့၊ ကျွန်မကတော့ ပြောဘူး"

အမ်ဘုံက ဆန္ဒကို မျက်စပစ်ပြလိုက်လျှင် ဆန္ဒက ရယ်လို့သာနေပါသည်။ သူ့ကို မထိတထိလေးတွေပြောပြီး ကလိရတာကိုက ရယ်စရာ အပန်းဖြေနည်းပဲ ဖြစ်ပါသည်။ အမ်ဘုံက စားပွဲပေါ် မေးထောက်တင်ရင်း သူ့ရဲ့ညြှိုရှုအသံလေးကို နားထောင်နေလိုက်သည်။

"ကျွန်တော်လည်းလေ မင်းအကြောင်းကို နေ့တိုင်းစဉ်းစားမိတယ် သိလား၊ မြို့သူက ကျွန်တော့်ကို မြင်တွေ့နေတဲ့ သူဆိုတော့ ကျွန်တော် ဘာလိုအပ်တယ်ဆိုတာ ပြောပါနော်။ မြို့သူကြောင့် ကျွန်တော့်ပုံစံက အရင်ကထက် သွက်လက်ပြီး ပုံစံကျလာတာ၊ ကျေးဇူးပါ မြို့သူ"





အမ်ဘုံက အခွင့်အရေးရတုန်းမှာ သူ အမ်ဘုံတို့နားက ခွာပြေးသွားအောင် သွေးခွဲစကား စလိုက်လေသည်။

"ကျေးဇူးတင်စရာ မလိုပါဘူး ညိုချောရယ်၊ ညိုချောက စတိုင်လ်ရှိ ရုပ်ရှိပြီးသားလူပါ၊ ကျွန်မက ညိုချောကိုနည်းနည်း Guide လုပ်ပေးရုံလောက်ပါ ...

အခု ညိုချောက အားလုံးပြည့်စုံသွားပြီ၊ တစ်ခုပဲရှိတယ်။ ညိုချောက ဟိုမိန်းမနား သိပ်ကပ်လွန်းတယ်"

"ဟိုမိန်းမ ... ဟိုမိန်းမဆိုတာ ..."

"အမ်ဘုံမိုးမြတ်ကို ပြောတာပေါ့၊ အဲဒီမိန်းမက သိပ်မှန်းဖို့ ကောင်းတာ ညိုချောရဲ့။ သူ့ကိုယ်သူ ဘာများထင်နေလဲ မသိဘူး၊ ရှင့်ကို ဘော်ဒီဂတ်သဘော ထားထားတာကိုက မမိုက်တာ။ အလကားဟာမ ... ဘဲမကြည့်,ကြည့်အောင် စွပ်ပဲပေးနေ ..."

"မြို့သူ ..."

သူက အသံနက်ကြီးဖြင့် ထအော်လေလျှင် အမ်ဘုံက အထူးအံ့အားသင့်သွားရပါသည်။ ညိုချော ... သူ ဘာဖြစ်သွားရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ကို အဲဒီစကားတွေ ဘာလို့လာပြောနေရတာလဲ။ မင်း နောက်ဘယ်တော့မှ အမ်ဘုံ မကောင်းကြောင်း မပြောပါနဲ့။ မင်းမှာ ပြောပိုင်ခွင့်မရှိဘူး၊ အမ်ဘုံက ငါ့အတွက် အရေးကြီးတယ်။ သူ့ကို ငါ အသက်နဲ့လဲပြီးတော့တောင် ကာကွယ်ရမှာပဲ၊ ငါက သူ့သက်တော်စောင့် ...

မင်း သူ့ကို မကောင်းပြောရင် ငါ့ကိုစော်ကားတာနဲ့အတူတူပဲ။ အမ်ဘုံ့ကို မင်း ဝေဖန်စရာမလိုဘူး မြို့သူ ...

ဒါပဲ"

ညိုချောက ဖုန်းချသွားပေမယ့် ငူငူကြီး ကျန်နေရစ်ခဲ့သူကတော့ အမ်ဘုံပဲဖြစ်သည်။ သူ့ကို အမ်ဘုံ အရမ်းယုံကြည်စိတ်ချလို့ ရသွားပြီ။ သူ စွဲလမ်းငြိတွယ်နေတဲ့ မိန်းကလေးတစ်ယောက်က အမ်ဘုံကို ထိပါးလာသောအခါမှာ ဘာကိုမှမငဲ့ကွက်ဘဲ ပက်ခနဲ ပြန်ပြောပစ်ခဲ့တယ် ဆိုကလည်းက သူ့ရဲ့သစ္စာစောင့်သိမှုကို ချီးကျူးယုံကြည်လိုက်ပြီဖြစ်သည်။ တစ်ဖက်ကလည်း မြို့သူရဲ့စိတ်ခံစားမှုအနေဖြင့် သူ စိတ်ဆိုးသွားပြီလားဆိုတဲ့ အတွေးနှင့်တင် ယောက်ယက်ခတ်သွားရပါသည်။





အဲဒီလိုနှင့် တစ်နေ့လုံး နေမထိထိုင်မသာ ဖြစ်ရသော အမ်ဘုံဟာ ညကျတော့ ဝရန်တာဘက်ထွက်ကာ သူ့ဆီဖုန်းထွက်ဆက်ဖြစ်ပါသည်။ သူက ချက်ချင်းဆိုသလိုပင် ဖုန်းကိုင်လိုက်ပါသည်။ ပြီးတော့ ခပ်ပြတ်ပြတ်လေသံဖြင့် ...

"မင်း သူများအကြောင်းပဲပြောဖို့ စဉ်းစားထားရင်တော့ မပြောကြတာပဲ ကောင်းမယ်၊ ငါ ဖုန်းချလိုက်တော့မယ်"

"အဲ့ ... အဲ ... ခဏလောက် နေပါဦး၊ ရှင် အမ်ဘုံကို ပြောတာ မကြိုက်ဘူးဆိုရင်လည်း မပြောတော့ပါဘူး ... promise "

အမ်ဘုံရဲ့ အဲဒီစကားကြောင့် သူက ကျေနပ်သွားဟန်ဖြင့် ...

"အင်း ... ဒီလိုမှပေါ့"

"အဟင်း ... ရှင်က အမ်ဘုံအပေါ် သစ္စာရှိတယ်နော်။ အမြဲတမ်းလည်း ကာကွယ်ပေးတယ်၊ အရမ်းအားကျတာပဲ"

"အားကျရင် ကျွန်တော့်ကို မျက်နှာထွက်ပြလိုက်ပေါ့၊ ကျွန်တော်လည်း မြို့သူကို ကာကွယ်ပေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အမယ် ... တော်တော်နံ့တယ်နော်။ တစ်နေ့တော့ ရှင့်ကို မျက်နှာထွက်ပြမှာပါ ညိုချောရယ်"

"အင်းပါ ... မင်းမလုပ်ချင်တဲ့ကိစ္စကို ကျွန်တော်အတင်း အကျပ် မတောင်းဆိုပါဘူး၊ မြို့သူ စိတ်ချမ်းသာရင် ကျွန်တော် ပျော်ပါတယ်"

အဲဒီစကားကြောင့် အမ်ဘုံသည် သူ့ကို သနားမိသွားပါသည်။ ပြီးတော့ တစ်ဆက်တည်း တွေးမိသွားသည်က အချစ်ဆိုတာ ဘယ်အခြေအနေမျိုးမှာ ပေါ်ပေါက်တတ်တာလဲ။

"ဘဝဆိုတာမျိုးက ကိုယ်ဖြစ်တာချည်းပဲ ဖြစ်လို့မှမရတာ၊ ကျွန်တော်ဆိုရင် ကျွန်တော့်ရွာလေးကို သိပ်ချစ်တာ။ ဘယ်တော့မှ မခွဲဘူးလို့ တွေးထားတာပဲ။ ဒါပေမဲ့ အကြောင်းကြောင်းကြောင့် ကျွန်တော် ရန်ကုန်ရောက်လာတယ်၊ မြို့သူကို စွဲလမ်းမိသွားတယ်၊ အဲဒါတွေက အမ်ဘုံကြောင့်လို့ ပြောလို့ရတယ်လေ ...

ကျွန်တော့်အတွက်တော့ အမ်ဘုံက အချစ်ရှိရာကို လမ်းပြပေးတဲ့သူပါ"





အမ်ဘုံသည် နံရံကပ်စကားပြောနေရာကနေ လျှော ချကာ ကြမ်းပြင်ပေါ်မှာ ထိုင်ချလိုက်သည်။ သူ့ရဲ့စကားလုံးတွေ ဟာ အင်အားကြီးနေပြီဆိုတာ အမ်ဘုံ ရိပ်မိပါသည်။

"မြို့သူ ... ကျွန်တော်လေ အစကတော့ မပြောဘူးလုပ် ထားပေမယ့် အခု ပြောဖို့ဆုံးဖြတ်လိုက်ပြီ။ မြို့သူကို ကျွန်တော် ချစ်တယ်၊ အချစ်မှာ ရုပ်ရည်တွေ ဂုဏ်တွေက အဓိကမကျဘူး။ ကျွန်တော့်စိတ်ထဲမှာ အရမ်းရင်းနှီးကျွမ်း ဝင်တဲ့ မိန်းမဆိုလို့ အမေရယ်၊ မြို့သူရယ် ပြီးတော့ အမ်ဘုံရယ် သူတို့သုံးယောက်ပဲရှိတယ် ...

မြို့သူကို အဲဒါကြောင့် အမ်ဘုံနဲ့ အဆင်ပြေစေချင် တာပါ၊ ဘာဖြစ်လို့လဲဆိုတော့ အမ်ဘုံနားမှာ အမြဲရှိနေမယ့် သူက မြို့သူကို ချစ်နေတဲ့သူဖြစ်တဲ့အတွက် မြို့သူ နားလည် ပေးဖို့ လိုအပ်တယ်"

အမ်ဘုံက သူ့စကားတွေ ကြားသောအခါ ဝမ်းသာ လွန်း၍ မျက်ရည်တွေတောင် ဝေ့သီလာတော့သည်။ သူက အဲဒီ လိုမျိုး ချစ်တာတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



"မြို့သူကို ချစ်တယ်လို့ပြောတာ ကျွန်တော့်ရင်ထဲကလာတဲ့ မှန်သောစကားပါ၊ အဲဒီအတွက် မြို့သူ စိတ်ဆိုးသွားရင် ကျွန်တော် တောင်းပန်ပါတယ်"

အမ်ဘုံသည် ညိုချောရဲ့ရင်ဖွင့်စကားတွေအတွက် စိတ်ကို ဘယ်လိုမှ ချုပ်တည်းနိုင်စွမ်းလည်း မရှိတော့ပါ။

အမ်ဘုံ အရင်က နောက်နိုင် ရယ်မောနိုင်ပေမယ့် အခုချိန်မှာ အမ်ဘုံ့နှလုံးသားကို ကိုယ့်ဘာသာ ဖတ်တတ်နေခဲ့ပြီ။

အမ်ဘုံကလည်း သူ့ကို ...။

ဒါပေမဲ့ခက်နေတာက ညိုချောချစ်တာသည် "မြို့သူ" ကိုဖြစ်သည်။

"မြို့သူ ကျွန်တော့်ကို စိတ်ဆိုးနေတာလား"

အမ်ဘုံသည် မျက်ရည်တွေကျလာတာကိုတောင် မသုတ်မိတော့ဘဲ ကိုယ့်ခံစားချက်တွေကို သူများလုယူသွားမှာစိုးသည့်အလား လုပြောမိတော့သည်။





"ညိုချောရယ် ... ရှင် ... ရှင်က တောင်းပန်စရာမလိုပါဘူး။ ရှင်က ကျွန်မကိုချစ်တယ်ဆိုတာ တောင်းပန်ဖို့ မလိုပါဘူး၊ ကျွန်မက ရှင့်ကို ပိုချစ်ခဲ့တာပါ၊ သိပ်ချစ်တာပါ ညိုချောရယ်"

အမ်ဘုံက ရင်ဖွင့်ပြီးနောက် ဖုန်းပိတ်ပစ်ကာ ငိုနေမိတော့သည်။ မျက်ရည်တွေကို သုတ်သင်ကာ ထိုင်ရာမှထပြီး တစ်ခုခုကို လေးနက်စွာ စဉ်းစားရင်း အောက်ထပ်သို့ ဆင်းလာခဲ့တော့သည်။ ဘာလုပ်ရမလဲ ... အမ်ဘုံ ဘာလုပ်ရမလဲ။ သူနှင့် အမ်ဘုံကြားက သူ မသိသေးတဲ့ လွဲမှားမှုကို အမ်ဘုံ ဘယ်လိုရှင်းရမှာလဲ။

ညိုချော ချစ်နေတာက မြို့သူကို။ အမ်ဘုံကတော့ ညိုချောကိုချစ်တယ်။ မြို့သူက အမ်ဘုံဆိုတာ သူ မသိဘူး။ သူ သိသွားရင် ဘာဖြစ်သွားနိုင်သလဲ။

အမ်ဘုံရဲ့အစီအစဉ်တွေထဲမှာ သူ့ကိုချစ်မိသွားဖို့ဆိုတာ လုံးဝမပါခဲ့။ စဖို့နောက်ဖို့ သူ အမ်ဘုံ့နားက ထွက်သွားဖို့ စတဲ့အကြံနှင့် သူ့ဆီ ဖုန်းဆက်ခဲ့တာဖြစ်သည်။ အခုတော့ ...။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးဟာ အမ်ဘုံထင်တာနှင့် တခြားစီ ဖြစ်သွားကာ အဆိုးဝါးဆုံးကတော့ အမ်ဘုံက ညိုချောကို ချစ်မိသွားခြင်းဖြစ်သည်။ အဲဒါကို အမ်ဘုံကလွဲပြီး တခြားသူသိသွားရင် မိုးကောင်းကင်ကို မီးရှို့လိုက်သလို ဖြစ်ကုန်မှာပဲဖြစ်၏။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၉၉၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။





## ၇

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော အချိန်မှာမှ ဖုန်းက တတီတီဖြင့် မြည်နေလျှင် ညိုချောသည် စောင်ကိုခေါင်းမြီးခြုံအနေအထားမှ ဆွဲခွာလိုက်ပြီး အိပ်ချင်မူးတူးဖြင့် ဖုန်းကိုင်လိုက်ရသည်။

"ဟဲလို"

"ညိုချော ... ကျွန်မပါ။ ရှင် ကျွန်မကို တွေ့ချင်တယ်ဆိုရင် အခု ခြံထဲဆင်းလာခဲ့"

မြို့သူရဲ့အဲဒီစကားကြောင့် ညိုချောသည် အမ်,ဆိုပြီး ကြောင်စင်းစင်း ဖြစ်သွားရသည်။ မြို့သူက ဒီအချိန်ကြီးကို ဘယ်ကရောက်လာတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ညိုချော ... အခုထွက်ခဲ့ပါဆို"

"အိုခေ ... အိုခေ ... လာပြီ မြို့သူ"

သူက ဖုန်းကိုနားမှာကပ်ထားရင်းက ထကာ အခန်း ထဲက အသာထွက်လာခဲ့သည်။ သူ့ဘေးက ဦးချစ်ကတော့ အပု အပင်ကင်းစွာ အိပ်လို့ကောင်းနေဆဲ။ ညိုချောသည် တံခါးမကြီး ကို ဆွဲဖွင့်ကာ ထွက်ခဲ့ပြီး ခြံထဲဆင်းလာခဲ့တော့သည်။

"ဟုတ်ပြီ ညိုချော၊ တည့်တည့်လျှောက်လာခဲ့။ ပန်းရုံလေး နားမှာ ကျွန်မ ရှိတယ်"

"အင်း ... လာပြီ"

ညိုချောသည် တည့်တည့်လျှောက်လာကာ ပန်းရုံ အရောက်တွင် ကြည့်လိုက်လျှင်တော့ သူ့ကိုကျောခိုင်းထားတဲ့ ကောင်မလေးတစ်ယောက်ကို တွေ့လေသည်။ ဆံပင်ရှည်တို့ကို ဒီတိုင်းဖြန့်ချထားလျက် ရှပ်ကွက်အင်္ကျီပန်းရောင် ဝတ်ဆင်ထား သော သူမရဲ့နောက်ကျောပြင်ကို ကြည့်ရင်း ကြည်းရင်းက သူမ ဟာ အမ်ဘုံဆိုတာ သူ သိလာရပေသည်။





အမ်ဘုံက ဖုန်းပြောနေတာဖြစ်သည်။ ကျွန်တော့ အမ်ဘုံဟာ သူမနဲ့စေ့စပ်ထားတယ်ဆိုတဲ့ L.A ကဘဲနဲ့ ဖုန်းပြော နေတာ ဖြစ်လောက်မယ်။ ဒါ ... ဒါဆိုရင် မြို့သူက သူ့ကို တမင်ကျပ်လိုက်တာလား။

သူဟာ ဇဝေဇဝါဖြင့် မြို့သူကို လှမ်းပြောလိုက်သည်။

"မြို့သူ ... မင်း အခု ဘယ်မှာလဲ၊ ကိုယ့်ကိုနောက်နေ တာလား"

သူ့ရဲ့အမေးကို မြို့သူက ပြန်မဖြေဘဲ ဖုန်းချသွားခဲ့ ပါသည်။ ညိုချောသည် ဘာများလဲဆိုပြီး ဦးနှောက်ခြောက်စဉ်းစား နေတဲ့အချိန်မှာ သူ့မျက်စိရှေ့ကို ဘွားခနဲ ဝင်ချလာသူကတော့ ကြီးစိန်ပဲဖြစ်သည်။ သူဟာ မြင်ရလေသော ကြီးစိန်ရဲ့မျက်နှာ ဝိုင်းဝိုင်းကြီးကြောင့် လန့်သွားကာ ထအော်ရလေသည်။

"အောင်မယ်လေး ... အောင်မယ်လေးဗျ၊ ဟား ... ကြီးစိန် ဘာလဲဗျာ"

သူက ဆံပင်တွေကို ဖွလိုက်ရင်း မေးလိုက်သော အခါ ကြီးစိန်က ...



www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေးပဲ ကြီးစိန်ကို မနက်စောစောလာနိုးပါဆိုလို့လေ"

"ဗျာ ... လာနိုးတာ"

ညိုချောသည် မျက်လုံးတွေကို ပွတ်သပ်ကာ ဘေးဘီဝဲယာ ကြည့်လိုက်လျှင်တော့ သူဟာ သူ့အိပ်ခန်းထဲမှာ နေသားတကျ ရှိနေပြီးသားဖြစ်ပါသည်။ အဲ ... အဲဒါဆို ခုနကဟာတွေက အိပ်မက်တွေပေါ့။

"သြော် ... ဒီကောင်လေးနှယ့် အိပ်ချင်မူးတူးနဲ့ အူကြောင်ကြောင်တွေ ပြောနေတယ်။ ကဲ ... အိပ်ချင်သေးရင် ဆက်အိပ်၊ ကြီးစိန်က ကောင်လေးနိုးခိုင်းလို့ လာနိုးတာ"

ကြီးစိန်က ပြောပြောဆိုဆို အခန်းထဲက ထွက်သွားလေသည်။ ညိုချောသည် စွဲလမ်းစိတ်နှင့် မှားမက်ခဲ့ရတဲ့ အိပ်မက်ကို ပြန်တွေးရင်းပြုံးမိတော့ ရေချိုးခန်းထဲက ထွက်လာတဲ့ ဦးချစ်က သူ့ကိုအကဲခတ်ရင်း ...

"မိုးလင်းလို့ မျက်လုံးနှစ်လုံး ဖွင့်လိုက်ကတည်းက ညိုချော မျက်နှာက ပြုံးနေတယ်ဆိုတော့ အချစ်ရေးတွေ အဆင်ချော





နေတယ်ထင်ရဲ့၊ ဘာလဲ ... ဟိုနေ့က ကောင်မလေးက ဘာတဲ့လဲ"

သူနဲ့မြို့သူရဲ့ ဇာတ်လမ်းကို နည်းနည်းတီးမိခေါက်မိရှိသော ဦးချစ်ကို သူက တိုင်ပင်ဖို့ ဆုံးဖြတ်ကာ ...

"မြို့သူက ဘယ်သူဆိုတာ ကျွန်တော် သေချာမသိဘူး ဦးချစ်၊ ဘယ်လိုလုပ်ရမှန်း မသိတော့ဘူးဗျာ"

"မသိဘူးဆို ငါ ပြောပြမယ်။ မင်းနဲ့ငါ ဒီနေ့ ကျောင်းစောသွားမယ်ဟေ့။ အမ်ဘုံနဲ့ ဆန္ဒကို မောင်သောင်းပိုနိုင်းလိုက်၊ ငါ မြို့သူကို ဝိုင်းရှာပေးမယ်"

"ဟာ ... ဦးချစ် မဖြစ်ဘူးထင်တယ်။ အမ်ဘုံ အနားမှာ ကျွန်တော်က 24 hours ရှိနေရမှာနော်။ သူ့ဘော်ဒီဂတ်က သင်တန်းစောသွားတယ်ဆိုတာ အဓိပ္ပာယ်မရှိဘူး၊ အမ်ဘုံကလည်း လက်ခံမှာမဟုတ်ဘူး"

"ဟေ့ကောင် ... အမ်ဘုံက လက်ပေါက်ကပ်တဲ့သူ မဟုတ်ဘူး၊ သူ နားလည်ပေးတယ်၊ မင်းက ဒီနေ့ တစ်ယောက်တည်း သင်တန်းလာတယ်ဆိုတော့ မြို့သူက ထွက်တွေ့နိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ငါ့မှာလည်း နည်းလမ်းကောင်းတွေ ရှိတယ်၊ ကဲပါ ... လုပ်လိုက်တော့၊ ငါ ဒေါ်စိန့်ကို ပြောခိုင်းထားလိုက်မယ်"

အဲဒါနှင့်ပဲ ညိုချောသည် မြို့သူရှာပုံတော်ဖွင့်ဖို့အတွက် အမ်ဘုံကို ထားခဲ့ကာ ဦးချစ်နှင့် သင်တန်းကို စောရောက်လာခဲ့ပါသည်။ ဦးချစ်က သင်တန်းမှာ သူလုပ်ချင်ရာကို လုပ်ပါတော့၏။ ဦးချစ်က ကတ်ထူပြားမှာ စာချိတ်ထောင်ကာ ကော်ရစ်တာရဲ့ထိပ်ဝဘက်မှာ ရပ်နေ၏။

"မြို့သူ ... မင်း ဘယ်မှာလဲ ?

ကိုယ့်ကို လာတွေ့ပါ"

စာလုံးကြီးကြီးရေးထားကာ ထောင်ထားသော အဲဒီကတ်ကြီးကိုင်ကာ ဟိုဟိုဒီဒီ ရှာဖွေပေးနေသော်လည်း ဦးချစ်ပုံစံကို သူ့မှာရှက်လွန်း၍ မျက်နှာကြီးတစ်ခုလုံး နီရဲလာကာ နံရံအကွယ်နားမှာ သွားရပ်နေတော့သည်။ ကောင်မလေးတွေ ကောင်လေးတွေက အဲဒီစာကိုဖတ်ကာ ပြုံးစိစိလုပ်သွားကြ၍ သူ့မှာရှက်လွန်း၍ သွားတားရတော့သည်။





"ဦးချစ် ... တော်ပါတော့ဗျာ။ ကျွန်တော် ရှက်တယ်ဗျ မလုပ်နဲ့တော့၊ သူ လာမတွေ့လည်း နေပါစေတော့"

"အေး ... အဲဒါဆိုလည်း ပြီးရောကွာ"

ညိုချောသည် လေပူတစ်ချက်ကို မှုတ်ထုတ်ကာ ဘေးနားကို လှမ်းငေးကြည့်နေတုန်း သူ့အိတ်ထဲကဖုန်းလေးက ထလို့မြည်လာလေသည်။ အဲဒါဟာ ... မြို့သူဆီကဖုန်းပဲ။ သူက သွက်လက်စွာပင် ဖုန်းကိုင်လိုက်ပေသည်။

"ဟယ်လို ... မြို့သူ"

"ဟေး ... ရှင်လုပ်ပုံကလည်း ကြောင်လိုက်တာကွာ။ ဒါပေမဲ့ချီးကျူးပါတယ်"

မြို့သူက ဒါဆို ဒီကိစ္စလုပ်တာကို သိတယ်ပေါ့။ မြို့သူရဲ့စကားသံတွေထဲမှာ စိတ်ဆိုးတဲ့အရိပ်အယောင်မပါ။ အဲဒါဆို သူ ကံကောင်းတာပေါ့။ Thank you ပါ ဦးချစ်ရေ။

"မြို့သူ ... ဒီနေ့ ကိုယ့်ကိုလာတွေ့မှာလား"

"အံမယ် ... နေ့ချင်းညချင်း ကျွန်တော်ကနေ ကိုယ်ဖြစ်သွားပြီလား၊ ပြောင်းလဲတတ်လိုက်တာနော် ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စ ရှင့်ကို ကျွန်မက လာတွေ့ရမှာလဲ၊ မတွေ့ပါဘူး"

ညိုချောသည် ကိုယ့်ကိုယ်ကိုယ် ပြောင်းသုံးမိသွားတဲ့ နာမ်စားကို သတိတောင် မထားမိ ဖြစ်နေချိန်မှာတော့ သူမက တော့ သတိထားမိနေပါ့လား။ မင်းက အဲဒါတွေ ချစ်ဖို့ကောင်းတာ မြို့သူ။ သူဟာ ဦးချစ်ကို လက်မထောင်ပြကာ ခုံမှာထိုင် လိုက်ရင်းက ...

"ချစ်သူရဲ့မျက်နှာလေးကိုတော့ တွေ့ဖူးချင်တာပေါ့ မြို့သူရယ်"

"တော်ပါ ... အပိုတွေ"

"မပိုပါဘူး မြို့သူရယ်၊ ကိုယ်က တကယ်တွေ့ချင်တာပါ"

"မြို့သူက ရုပ်ဆိုးတယ်ရှင့်၊ ကဲပါ ... ဒါပဲ၊ နောက်မှဖုန်း ဆက်လိုက်မယ်"

သူမက ဖုန်းပိတ်သွားခဲ့ပါသည်။ ညိုချောသည် ချစ်စရာကောင်းလှသည့် မြို့သူရဲ့အသံလေးတွေကနေ ခန့်မှန်းကြည့် ရင်တော့ နတ်သမီးလေးလို မြို့သူက လှမှာပဲဖြစ်သည်။





မြို့သူက တကယ်လို့ ရုပ်ဆိုးလည်း ဘာဖြစ်တုန်း။ သူက မြို့သူရဲ့နှလုံးသားကိစ္စကိုပဲ မြတ်နိုးကာ တစိမ့်စိမ့် ချစ်နေရတာဖြစ်သည်။ သူ့ရဲ့မပြီးနိုင်တဲ့ ပန်းရောင်အတွေးတွေကို ဦးချစ်က ရိပ်မိစွာဖြင့် သူ့ပခုံးကိုလာဖက်၍ ...

"ညိုချော ... ရည်းစားဦးမို့ သည်းတယ် ရူးတယ်ဆိုတာ လက်ခံပါတယ်ကွာ။ ဒါပေမဲ့ မင်းဟာကတော့ အပြည့် ခံစားလို့လည်းမရ half-feel ကြီး၊ မနိပ်ပါဘူးကွာ"

"ဦးချစ်က ဘာသိလို့လဲဗျ၊ အချစ်ဆိုတာ သူဘာပဲဖြစ်နေ ဖြစ်နေ ချစ်နေတာကို အဲချစ်လို့ခေါ်တယ်ဗျ။ ကျွန်တော်က တော့ မြို့သူ ဘာပဲဖြစ်ဖြစ် ချစ်တယ်၊ မမြင်ဖူးပေမယ့်လည်း ဘာအရေးလဲ။ အချစ်ရှိရင် မြို့သူဟာကျွန်တော်၊ ကျွန်တော် ဟာမြို့သူ ဒါပဲပေါ့"

"တကယ်ပြောတာလား ညိုချော"

သူက အဲဒီအသံကြောင့် နောက်ကိုလှည့်ကြည့်လိုက် လျှင် အမ်ဘုံတို့ ဖြစ်လို့နေသည်။ အမ်ဘုံကိုမြင်လျှင် သူက မတ် တတ်ထရပ်လိုက်တော့ အမ်ဘုံက သူ့ဆီလျှောက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ... ငါ နားလည်ပါတယ်။ ငါလည်း နင့်ကိစ္စကို နည်းနည်းပါးပါးတော့ သိပါတယ် လူညိုချောရဲ့"

"ဟုတ်လား ... အမ်ဘုံ၊ ငါ နင့်ကိုဒီနေ့မစောင့်ဘဲ လာမိတာ တောင်းပန်ပါတယ်နော်၊ ငါ့ကို ခွင့်လွှတ်ပါ"

"ရပါတယ်ဟာ ... ပြောစရာမလိုပါဘူး။ အချစ်ကို ငါလည်း နားလည်ပေးပါတယ်၊ ကဲ ... လာလေ ဘော်ဒီဂတ် အတန်းသွားတက်ရအောင်"

အမ်ဘုံက အဓိပ္ပာယ်ပါသော အပြုံးတစ်ခုဖြင့် သူ့ကို ပြုံးပြကာ ရှေ့ကထွက်သွားလေတော့သည်။ အချစ်ကိုနားလည်ပေးပါတယ်ဆိုသော အမ်ဘုံကြောင့် သူဟာ မြို့သူကို လွတ်လွတ်လပ်လပ် ရှာဖွေလို့ရသွားပြီဖြစ်သည်။ အဲဒီအတွက် အမ်ဘုံနှင့်တကွ အမ်ဘုံကို ချစ်တတ်အောင် သင်ပေးပါသော L.A က အမ်ဘုံရဲ့ချစ်သူကိုပါ အထူးကျေးဇူးတင်ရပါသည်။

✧ ❦ ✧





အမ်ဘုံသည် အိမ်ရဲ့ဘေးဘက် ပန်းခြံလေးထဲကနေ ပေါ်တီကိုဘက်ကို ပျော်ရွှင်စွာဖြင့် ပြေးထွက်လာခဲ့သည်။ ဒီနေ့ ညိုချောဆီကို ဖုန်းဆက်ရဦးမည်။ မနေ့ညကတည်းက အမ်ဘုံမှာ သူ့ဆီ ဖုန်းဆက်ချင်နေတာ ရှစ်ကို ထိုးနေသည်။ ကိုယ့်စိတ်ကို မနည်းချုပ်တီးထားရလို့ဖြစ်၏။ အမ်ဘုံက ဖုန်းလေးကိုင်ကာ ပြေးအထွက်မှာ တစ်စုံတစ်ယောက်ရဲ့ စေ့စေ့ကြည့်ခြင်းကိုခံရတာကြောင့် ဘယ်သူလဲ ကြည့်လိုက်လျှင်တော့ ဖေဖေဖြစ်လို့နေပါသည်။

ဘုရား ... ဖေဖေ။ ဖေဖေက ဘယ်လိုက ဘယ်လို။ အမ်ဘုံကို လာမယ်ဆိုတာတောင် အကြောင်းမကြားဘဲ ဆပ်ပရိုက်(ဇ်)ဝင်လာတာဖြစ်၏။ အခုမှ ကားပေါ်ကဆင်းလာကာ အမ်ဘုံကို အပြုံးတစ်ခုဖြင့် ကြည့်နေသော ဖေဖေ့ကို အမ်ဘုံက



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာအားရဖြင့် ဖေဖေ့ဆီ ပြေးသွားကာ ဆီးကြိုနှုတ်ဆက်လိုက်သည်။

"ဖေဖေ"

"ဟာ ... ဆရာကြီး၊ ဆိုင်းမဆင့် ဘုံမဆင့် ရောက်လာပါလား၊ ဆရာကြီးကတော်ကော မပါဘူးလား"

အမ်ဘုံထက် အရင်စောစွာ ဆီးကြိုနှုတ်ဆက်သူကတော့ ညိုချောပဲဖြစ်သည်။

"ဟုတ်တယ်ကွ ... ဒီတစ်ခါက အလုပ်ကိစ္စနဲ့လာတာ၊ မြို့နယ်ပညာရေးမှူးက လွှတ်လိုက်လို့လေ။ တစ်ရက် နှစ်ရက်လောက်တော့ နေဦးမှာပါ၊ ပြီးတော့ သမီးနဲ့ မောင်ကောင်းပြည့် ကိစ္စလေးတွေလည်း ရှိလို့ပေါ့"

ဖေဖေက ညိုချောနှင့် စကားတပြောပြောဖြင့် အိမ်ထဲဝင်သွားလေသည်။ အမ်ဘုံမှာသာ ...။

ကိုကောင်းပြည့်နဲ့ ဘာတွေ စီစဉ်တော့မှာမို့လို့လဲ။ အမ်ဘုံ့ဘွားဘွားက ပင်းတယမှာ အမ်ဘုံနေ့နေ့နေ့ခိုက် အန္တရာယ်တွေများလို့ဆိုပြီး ကိုကောင်းပြည့်နှင့် စေ့စပ်ဖို့သတင်းလွှင့်ကာ လူကြီး





ချင်း စကားပြောခဲ့တာဖြစ်သည်။ အမ်ဘုံကလည်း အဲဒီတုန်းက အဟန့်သဘောမျိုးလည်းဖြစ်အောင်၊ L.A မှာ ပညာသွားသင်နေတဲ့ ကိုကောင်းပြည့်နှင့် စေ့စပ်မယ့်ကိစ္စကို ခေါင်းညိတ်ကာ ပြီးပြီးရော ပြောခဲ့တာ။ အခု ... သူများ ပြန်ရောက်လာလို့လား။

အဲဒီနေ့ တနေ့လုံး အမ်ဘုံဟာ ရင်မောလာကာ ဖေဖေနှင့် ဟုတ်တိပတ်တိ စကားတောင်မပြောနိုင်ခဲ့ပါ။ ညဘက်ရောက်တော့ ဖေဖေကလည်း အနားယူနေပြီမို့ အမ်ဘုံက စိတ်ညစ်ညစ်ဖြင့် ခြံထဲဆင်းလာလျှင် ကျောက်ခုံလေးမှာ ထိုင်နေသော ညိုချောကို တွေ့ရလေသည်။ သူ့ကြည့်ရတာ ဒီနေ့ ဖုန်းမလာလို့ စိတ်ညစ်နေပုံပဲ။ ဆောရီးပါ ... ညိုချောရယ်။

"ဪ ... အမ်ဘုံပါလား။ မအိပ်သေးဘူးလား"

အမ်ဘုံက ခေါင်းညိတ်ပြကာ သူ့ဘေးနားဝင်ထိုင်လျှင် သူကအလိုက်သိတတ်လွန်းစွာ ထိုင်ရာမှထရပ်လျှင် အမ်ဘုံက သူ့မျက်နှာကို မော့ကြည့်လျက် ...

"ဒီမှာပဲ ထိုင်ပါ ညိုချောရဲ့။ စကားလေး ဘာညာပြောရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အမ်ဘုံ့စကားကို မငြင်းဝံ့တော့သည့် သဘောဖြင့် အမ်ဘုံ့ဘေးမှာ ခပ်ကျုံ့ကျုံ့ ဝင်ထိုင်ပေမယ့် အနေကျဉ်းကျပ်နေပုံ ရပါသည်။ ကိုယ့်ချစ်သူတစ်ယောက်လုံး ရှေ့မှာရောက်နေတယ်ဆိုတာ ရှင် တကယ်ပဲ မသိဘူးလား ညိုချောရယ်။ တကယ်ဆိုသူနှင့် အမ်ဘုံဟာ ချစ်သူတွေ မဟုတ်လား။ ဒါပေမဲ့ ညိုချောရဲ့ ချစ်သူဟာ အမ်ဘုံဆိုတဲ့အဖြစ်ကို သူ မသိတာဟာ သိပ်ရင်နာဖို့ကောင်းလှပါသည်။ အမ်ဘုံ ဘာလုပ်ရမလဲ ... ? ။

ညိုချောက ဘာလုပ်ရမှန်းမသိ၍ အနေကျဉ်းကျပ်ဟန်ဖြင့် သူ့လက်ကိုင်ဖုန်းလေးကို တကြည့်ကြည့်လုပ်နေလျှင် အမ်ဘုံက စကားဖောက်လိုက်သည်။

"ညိုချော ... နင့်ကောင်မလေးဆီကဖုန်း စောင့်နေတာလားဟင်"

"မင်း ဘယ်လိုသိတာလဲ အမ်ဘုံ"

ရှင့်ဆီ ဖုန်းအမြဲဆက်နေတာက ကျွန်မမို့လို့သိနေတာပေါ့ ညိုချောရယ်။ အမ်ဘုံက အဲဒီစကားပြောချင်ပေမယ့်





ပြောခွင့်မရအောင် "အမ်ဘုံ"ဆိုတဲ့ ဆန္ဒရဲ့ခေါ်သံတစ်ခုက တားမြစ်လိုက်ပါသည်။ ဆန္ဒက အမ်ဘုံရှိရာသို့ လျှောက်လာကာ သူ့ကို တစ်ချက်ဖွေကြည့်လိုက်ပြီးမှ ...

"အမ်ဘုံ ... နင့်အမေဆီက ဖုန်းလာနေတယ်၊ မြန်မြန်လာ"

အမ်ဘုံက မေမေ့ဆီကဖုန်း ဆိုတာကြောင့် အခန်းထဲသို့ ဆန္ဒနှင့်အတူ မြန်မြန်ပြေးဝင်ရသည်။ ဖုန်းလေးကိုကြည့်လိုက်လျှင်တော့ ဘာဖုန်းမှမလာပါ။ အဲ့ဒါ ... အဲဒါ ဘာသဘောလဲ။ အမ်ဘုံက ဆန္ဒကို လှည့်ကြည့်လိုက်လျှင် ဆန္ဒက အိပ်ခန်းတံခါးကို လော့ခ်ချကာ အမ်ဘုံကို ခပ်တတ်တည်စိုက်ကြည့်၍ ...

"ဒီလိုအချိန်မျိုးမှာ နင် သူနဲ့နှစ်ယောက်တည်း ရှိနေဖို့ လုံးဝမလိုအပ်ဘူး အမ်ဘုံ။ မတော် ဆရာကြီးသာမြင်သွားရင် ဘယ်လိုလုပ်မလဲ၊ အဲဒါကြောင့် ငါခေါ်လိုက်တာ"

"ဆန္ဒရယ်"

"အမ်ဘုံ ... နင် အရူးထမနေပါနဲ့တော့။ နင်နဲ့ ညိုချော ဘယ်လိုမှ မဖြစ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အမ်ဘုံက ဆန္ဒရဲ့မချိတင်ကဲ ရေရွတ်သံအတွက် သက်ပြင်းမော်တစ်ချက်ချကာ ရင်ထဲက ခံစားနေရတာတချို့ကို ဖွင့်ပြောပြလိုက်သည်။

"မဖြစ်နိုင်ဘူးဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ ငါသူ့ကို မချစ်ဘဲ မနေနိုင်ဘူး"

"အမ်ဘုံ ... နင် ဘာဖြစ်နေတာလဲဟာ"

"နင် ငါ့ကို နားလည်ပေးပါ ဆန္ဒရာ။ ခု သူ့ခမျာ ငါ့ဖုန်းကို မျှော်နေတာ၊ ငါ ဘယ်သူဆိုတာကို မသိဘဲနဲ့ ငါ့ကို ချစ်နေရရှာတဲ့ သူ့ကို ငါ အရမ်းသနားတယ်၊ ပြီးတော့ ချစ်တယ်။ အဲဒါ ငါ စိတ်ကစားတာလည်း မဟုတ်ဘူး။ သာယာမိသွားတာလည်း မဟုတ်ဘူးနော်။ ငါ သူ့ကို တကယ်ချစ်မိသွားတာဟ"

ဆန္ဒက အမ်ဘုံရဲ့အပြောကြောင့် ဟားခနဲ အာမေဋိတ်ပြုကာ အမ်ဘုံရဲ့ပခုံးနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်ခါယမ်း၍ ...





"အမ်ဘုံရာ ... နင် သိပ်မှားတယ်။ ငါ အဲဒါတွေကို ကြိုမြင်ခဲ့လို့ နင့်ကို ဖုန်းမဆက်ပါနဲ့ ဒီလောက်တားနေတဲ့ကြားတည်းက အခု ဒီအခြေအနေထိ ရောက်လာပြီ။ ဒီကိစ္စကို ဆရာကြီးတို့က လက်ခံပေးလိမ့်မယ်လို့ နင်ထင်နေသလား၊ နင့်သူငယ်ချင်းဖြစ်တဲ့ ငါတောင် လက်မခံပေးနိုင်တာ၊ သူတို့က နင့်ရဲ့သွေးသားတွေ ပိုဆိုးပြီပေါ့ဟာ။ ငါ ညိုချောနဲ့ နင့်ကို မဖြစ်သင့်ဘူးလို့ထင်တယ် ...

ပြီးတော့ နောက်တစ်ချက် ရှိသေးတယ် အမ်ဘုံ၊ ညိုချော အခုစွဲလမ်းနေတဲ့ မြို့သူဆိုတာ သူ ဘော်ဒီဂတ်လုပ်ပေးရတယ့် နင်ဆိုတာ သူ မသိဘူး။ နင်က မြို့သူဆိုတာ သူသိသွားရင် သူကကော ရှေ့ဆက်တိုးလာလိမ့်မယ်လို့ နင်ထင်လား။ နင်နဲ့ပတ်သက်ရင် တာဝန်ဆိုတဲ့စိတ်ပဲ ရှိတဲ့သူဟာ နင့်ကို မြို့သူအဖြစ်နဲ့ အခုလိုပဲ ချစ်နိုင်ဦးမှာလား ...

အားလုံး ခံစားနေရမယ့်လမ်းကို နင်မလျှောက်ချင်စမ်းပါနဲ့ အမ်ဘုံရယ်။ အကောင်ဆုံးကတော့ နင် ညိုချော



www.burmeseclassic.com

www.burmeseclassic.com



ကို အရင်တုန်းကလို နင့်ဘော်ဒီဂတ်အဖြစ်သာ ခံစားပေးလိုက်ပါ”

ဆန္ဒရဲ့စကားတွေကြောင့် အမ်ဘုံက တွေဝေသွားကာ ဘာစကားမှ မပြောနိုင်ခဲ့ပါ။ အဲဒါဟာ တကယ်ပဲလား။ အမ်ဘုံကို မြို့သူဆိုတာသာ သူသိသွားရင် နောက်ဆုတ်သွားမယ်တဲ့လား။

အဲဒီအတွက် အမ်ဘုံ ဘာလုပ်ရမှာလဲ။

“ငါ တစ်ခုခုတော့ လုပ်ကြည့်ချင်တယ် ဆန္ဒ၊ ငါ့ကိုမတားပါနဲ့နော်”

အဲဒီစကား ပြောအပြီးမှာ အမ်ဘုံကော ဆန္ဒပါငြိမ်သက်သွားခဲ့ပါသည်။





## ၈

“မောင်ကောင်းပြည့် ရှေ့လထဲမှာ ပြန်ရောက်မယ် သမီး”

ဖေဖေရဲ့အဲဒီစကားကြောင့် အမ်ဘုံသည် ဖေဖေ့ကို မျက်လုံးတစ်ချက် လှန်ကြည့်လိုက်လျှင် ဖေဖေက စကားစကို ပြန်ဆက်လေသည်။

“သမီးဘွားဘွားနဲ့ ဘိုးဘိုးက သမီးကို မောင်ကောင်းပြည့်နဲ့ လက်ဆက်ပေးချင်နေကြတယ်။ သမီး ဒီမှာ ဒီပလိုမာ လာတက်နေလို့ ဖေဖေက အချိန်ခဏ ဆွဲပေးထားတယ်...

ဒီသင်တန်းပြီးသွားရင် သမီးတို့ကို ဝင်းတယမှာ စေ့စပ်ပေးလိမ့်မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေရယ် ... မစောလွန်းဘူးလားဟင်။ ဘိုးဘိုးနဲ့ဘွား ဘွားကို ပြောပေးပါလား။ သမီး ကိုကောင်းပြည့်နဲ့ပတ် သက်မှု မရှိချင်သေးဘူး"

အမ်ဘုံရဲ့စကားကြောင့် ဘေးမှာထိုင်နေတဲ့ ဆန္ဒက ပေါင်ကို အသာလှမ်းတို့လေသည်။ ဒါပေမဲ့ အမ်ဘုံက မသိကျိုး ကျွန်သာပြုထားလိုက်တော့သည်။ အမ်ဘုံ့စိတ်ထဲမှာတော့ ကိုကောင်း ပြည့်နှင့် မပတ်သက်ချင်တာ အမှန်ပဲဖြစ်ပါသည်။

"သမီး ... အမ်ဘုံ၊ မင်းမှာ ချစ်သူရှိနေပြီလား"

"ချစ်သူ"

အမ်ဘုံက တိုးတိုးလေး သံယောင်လိုက်ရေရွတ်ကာ ဖေဖေ့အမေးကို ဘာဖြေရမှန်းမသိ၍ ဆန္ဒကို တစ်ချက်လှမ်းကြည့် လိုက်သည်။ ဆန္ဒက အမ်ဘုံရှေ့ကနေ ကာပြောပေးရှာပါသည်။

"ဩော် ... မရှိ ... မရှိပါဘူး ဆရာကြီးရဲ့။ ဆန္ဒက သူ့ ဘေးမှာ အမြဲရှိနေတဲ့သူပါ၊ အမ်ဘုံက လွတ်လွတ်လပ်လပ် နေချင်သေးလို့ ဒီလိုပြောလိုက်တာပါ။ သူ့မှာ ဘာချစ်သူမှ မရှိပါဘူး၊ ဆန္ဒ အာမခံပါတယ်"





ဆန္ဒရဲ့ကာဗာလုပ်ပေးမှုကြောင့် ဖေဖေက ယုံကြည် သွားဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"အေးလေ ... အဲဒါဆိုလည်း ပြီးတာပါပဲ။ ဖေဖေလည်း ရသလောက်တော့ အချိန်ဆွဲကြည့်ပေးပါ့မယ်၊ ဖေဖေရဲ့ ယုံကြည်မှုကိုတော့ သမီး အလွဲသုံးစား မလုပ်ပါနဲ့ ...

သမီးမှတ်ထားရမှာတစ်ခုကတော့ မောင်ကောင်းပြည့် ကသာ သမီးရဲ့သတို့သား ဖြစ်ရမယ်ဆိုတာပဲ"

"စိတ်ချပါ ဆရာကြီး၊ အမ်ဘုံက လိမ္မာပြီးသားပါ"

အမ်ဘုံ့ကိုယ်စား ဆန္ဒက ဝင်ကတိပေးပါသည်။ အမ်ဘုံကတော့ ရင်ဘတ်ထဲမှာ ဆို့နင့်ကြေကွဲလို့ လာရလေသည်။ အမ်ဘုံ ဘာလုပ်ရတော့မလဲ ညိုချောရယ်။ ကျွန်မလေ ရှင့်ရဲ့မြို့သူ ဘဝမှာပဲ အေးအေးချမ်းချမ်း နေချင်လှပါပြီ။ ဒါပေမဲ့ ကျွန်မ ချစ်တဲ့ရှင်က ကျွန်မဟာ မြို့သူဆိုတာ မသိနိုင်တော့ဘူးထင်ပါ တယ် ညိုချောရယ်။

"အမ်ဘုံ ... သူငယ်ချင်း နင် နားလည်ပါနော်။ ကိုယ့် ကိုယ်ကိုယ် နှိပ်စက်နေတဲ့ ခံစားချက်တွေကို နင့် မောင်း



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပစ်လိုက်ပါ အမ်ဘုံ၊ ညိုချောကိုလည်း နင် မေ့ပစ်လိုက်ပါ။ သူလည်း နင့်ဆီကဖုန်းမလာတာ ကြာတဲ့အခါမေ့သွားမှာပါဟယ်"

"ငါ ဘာလုပ်ရမှန်းမသိတော့ဘူးဟာ၊ သူ့ဆီကို ငါအရမ်းဖုန်းဆက်ချင်နေပြီ။ သူနဲ့သာ ဖုန်းပြောလိုက်ရရင် ငါစိတ်ချမ်းသာမှာ"

"အမ်ဘုံ ... နင် ဒီနေရာမှာပဲ တဝဲလည်လည် လုပ်နေရင် ပိုခံစားရဖို့ပဲရှိတယ်။ နင် တစ်ခုခုကိုတော့ သေချာစဉ်းစားပါ အမ်ဘုံ"

အမ်ဘုံက တွေဝေမိန်းမောနေရင်းက သက်ပြင်းချလိုက်ကာ ခေါင်းညိတ်လိုက်ရင်း ...

"ငါ သူ့ကို အဲဒါဆို အပြတ်ဖြတ်ရတော့မှာပေါ့နော်"

✧ ❦ ✧





"မြို့သူရယ် ... ကိုယ့်ဆီ ဘာလို့ဖုန်းမဆက်တာလဲဟင်။ ကိုယ် မင်းဖုန်းကို ခေါ်နေတာ အမြဲတမ်း စက်ပိတ်ထားတယ်ချည်းပဲ။ ဘာလို့လဲဟင်"

အမ်ဘုံသည် သူ့ရဲ့သနားစရာ ခယသံအောက်မှာ အရည်ပျော်ကျကုန်ပြီလား မပြောတတ်ပါ။ သူ့ကိုချစ်တယ်ဆိုတာ အမ်ဘုံ ပြောပြချင်လိုက်တာ။

"ကျွန်မ မအားလို့ပါ ညိုချောရယ်။ ရှင့်ကို သတိရနေတာပါ။ ဖုန်းပိတ်ထားတယ် ဆိုတာက ရှင့်ကို စမဆက်စေချင်လို့ပါ"

"မြို့သူရယ် ... မင်းမှာ ဘာအခက်အခဲတွေများ ရှိနေလို့လဲဟင်၊ ကိုယ့်ကို ပြောပါ"

"မသိချင်ပါနဲ့ ညိုချောရယ် ... တို့ ရှင့်ကိုသိပ်ချစ်တယ်၊ အဲဒါတစ်ခုကိုတော့ ယုံကြည်ပေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြိုးသူရယ် ... ကိုယ်တို့တွေ့ကြရအောင်နော်။ ကိုယ် ဖြိုးသူကို တွေ့ချင်လှပြီ"

အမ်ဘုံက မျက်ရည်တွေ ဝေ့သီလာကာ မငိုမိအောင် အထူးထိန်းချုပ်ရပါသည်။ ညိုချောရယ် ...။ အမ်ဘုံက သူ့ကို စကားတွေအများကြီး ပြောချင်ပေမယ့်လည်း ပြောမထွက်ခဲ့တဲ့ အတွက် ကိုယ့်ကိုယ်ကိုယ် အရမ်းမုန်းမိပါသည်။

"အမ်ဘုံ ... ဖုန်းလာတယ်"

ဆန္ဒက ခပ်တိုးတိုးလေးသံဖြင့် လှမ်းပြောလေလျှင် အမ်ဘုံက သူနှင့်ဖုန်းပြောဖို့ကိစ္စကို ဖြတ်ရလေသည်။

"ညိုချော ... ကျွန်မ ပြီးတော့မှ ပြန်ဆက်မယ်နော်"

အမ်ဘုံက ခပ်သွက်သွက်ပြောကာ ဖုန်းကိုအပြီးပိတ်ပစ်လိုက်တော့သည်။ အဲဒီ့နောက် ဆန္ဒလက်ထဲမှ ဟန်းဖုန်းကို လှမ်းယူလိုက်ကာ ဖုန်းကိုင်လိုက်ပါသည်။

"ဟယ်လို"

"အမ်ဘုံမိုးမြတ် ... ဖုန်းကိုင်တာကြာလိုက်တာကွာ။ မင်း ဘာတွေလုပ်နေလို့လဲ"





ကြားလိုက်ရတဲ့အသံဟာခပ်မာဆတ်ဆတ် ယောကျ်ားသံကြီးပဲဖြစ်၏။ ဘယ်သူများပါလိမ့်။ လေသံကတော့ တကယ် ပိုင်စိုးပိုင်နင်းနဲ့။ အမ်ဘုံက ဘယ်သူမှန်းမသိ၍ ဖုန်းနံပါတ်ပြန် ကြည့်လိုက်လျှင် နံပါတ်က unknown number ဖြစ်သည်။ ဒါဆို oversea call ပေါ့။ ဘယ်သူလဲ ... အမ်ဘုံသည် ကိုကောင်းပြည့် ဆိုတဲ့အတွေးတစ်ခု ခေါင်းထဲ ဒိုင်းခနဲဝင်ကျလာလျှင် ငါးသလောက် ပေါင်းနှင့် ထမင်းစားပြီးပြီးချင်း အုန်းနို့ကျောက်ကျောနှင့် ထော ပတ်သီးဖျော်ရည် တွဲသောက်မိသူလို သွေးတွေဆောင့်တက်လာ တော့သည်။

"ဟော့ ... ငြိမ်လှချည်လား။ မင်း အမ်ဘုံမိုးမြတ်လား"

"ဟုတ်ပါတယ် ... ဘယ်သူလဲ"

"စစ်ကောင်းပြည့်လေ"

ဟင်း ... ဟုတ်တာပေါ့။ သူက အတည်ပြုပေးသွား လျှင် အမ်ဘုံသည် ရင်ထဲမှာ တင်းကျပ်ကျပ်ကြီး ဖြစ်သွားပေမယ့် အလိုက်အထိုက် ပြန်ပြောလိုက်ရပါသည်။

"ဩော် ... ဟုတ်ကဲ့။ ဘာကိစ္စရှိလို့ပါလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စကတော့ မရှိပါဘူး၊ ကိုယ့် သတို့သမီးလောင်းကို ဖုန်းပြောချင်ရုံပါ။ မင်းဓာတ်ပုံကိုတော့ မာမီ mail ပို့ပေးလို့ တွေ့ပြီးပါပြီ။ ကိုယ့်ကိုလည်း မင်းဓာတ်ပုံထဲမှာ မြင်ဖူးပြီးလောက်ပြီပေါ့နော်။ ကိုယ်ဟိုကိုသွားတုန်းက မင်း ပင်းတယကို မရောက်သေးဘူးထင်တယ်"

ဟွန်း ... လေသံကိုက အထက်စီးက။ အမ်ဘုံသည် ဘွားဘွားတို့ပြ၍ သူ့ဓာတ်ပုံကိုတော့ မြင်ဖူးခဲ့ပြီးသားဖြစ်၏။ စစ်ကောင်းပြည့်ဆိုသော ရွှေမင်းသားရဲ့ရုပ်ရည်ကတော့ အမ်ဘုံနှင့် လိုက်ဖက်တယ်လို့ အများက သတ်မှတ်တယ်ဆိုကတည်းက အထူးညွှန်းစာဖွဲ့ပြနေဖို့ မလိုအပ်တော့ပါ။ သူ့လေယူလေသိမ်းနားထောင်ရတာတော့ မြေကြီးနှင့် ခြေထောက်မထိ လေသံမျိုးဖြစ်ပါသည်။

"ထားလိုက်ပါတော့၊ ရှင် ရှေ့လထဲမှာ L.A ကပြန်လာတော့မယ်ဆို"

"ဟုတ်တယ် ... အဲဒါ ပြောချင်လို့ပါ။ မင်းဆီ ဆက်လိုက်တာ။ ရှေ့လ 26 ရက်နေ့ ကိုယ် မြန်မာပြည်ပြန်ရောက်





မယ်၊ မင်းက ရန်ကုန်ရောက်နေတဲ့သူဆိုတော့ ကိုယ့်ကို လာကြိုပေးပါ၊ မင်းအိမ်မှာ တစ်ရက်တည်းပြီးမှ ပင်းတယ ပြန်မယ် ...

မင်းနဲ့ စကားပြောချင်လို့ ကိုယ့်မိဘတွေကိုတောင် လာမကြိုခိုင်းထားဘူးနော်"

"အောင်မယ် ... ရာရာစစ။ ကျွန်မက ဘာကိစ္စ ရှင့်ကို လာကြိုပေးရမှာလား၊ ကျွန်မမှာ အဲလောက်အချိန်တွေ ပိုပြီးအားယားမနေဘူး။ နောက် ကျွန်မအိမ်မှာ သူစိမ်းလက်မခံဘူး"

"ဒါဆို မင်း ဘော်ဒီဂတ်ကိုကျတော့ မင်းက သူစိမ်းလို့ မသတ်မှတ်ဘူးပေါ့၊ ဟုတ်လား အမ်ဘုံမိုးမြတ်"

အမ်ဘုံဟာ ထောင်းခနဲ ဒေါသတော့ဖြစ်သွားရပါသည်။ ဘာလဲ ... ဒီလူက။ စကားလုံးတွေကိုက စီးစီးပိုးပိုးနဲ့။ သူ လက်ထပ်မယ့်မိန်းမဆိုတဲ့ အတွေးကြီး ခေါင်းထဲထည့်ပြီး အမ်ဘုံကို ချုပ်ကိုင်ချင်နေတဲ့ ဒီယောကျ်ားဟာ ဘယ်တော့မှ အမ်ဘုံ့ချစ်သူ ဖြစ်လာမှာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... ကိုကောင်းပြည့်၊ ရှင်နဲ့မဆိုင်တဲ့ကိစ္စကို ဝင်မစွက်ဖက်ပါနဲ့။ ရှင်နဲ့ ကျွန်မက ဘာပတ်သက်မှုမှ ရှိသေးတာ မဟုတ်ဘူး၊ အပြောအဆို ဆင်ခြင်ပါ"

"ဟား ဟား ... ကိုယ်ကြားထားတာ အခုမှပဲ လက်တွေ့တွေ့တော့တယ်။ မင်းက တကယ့်ဂျစ်တူးမလေးပဲကွ၊ မဆိုးပါဘူး"

"ဘာ ... ဘာကိုမဆိုးတာလဲ ကိုကောင်းပြည့်၊ ရှင့်ကိုဒီထိလက်ခံဖုန်းပြောပေးနေတာ ဘိုးဘိုးဘွားဘွားမျက်နှာကြောင့်ဆိုတာ ရှင် နားလည်။ အလကားနေရင်း ဘဝင်တွေခေါင်းခိုက်ပြီး ဥစ္စာရှူး၊ရှူးနေတဲ့ ယောကျာ်းမျိုးကို ကျွန်မလုံးဝအထင်မကြီးဘူးနော်"

"အမ်ဘုံမိုးမြတ် ... အမ်ဘုံမိုးမြတ်၊ မင်းကတော့ကွာ။ ကိုယ်နဲ့တစ်ခါပဲ စကားစပြောဖူးတဲ့ သူတစ်ယောက်ကို အဲလို ကက်ကက်လန် ရန်တွေ့တတ်တဲ့မင်းရဲ့ sharp ကိုတော့ ကိုယ် appreciate လုပ်လိုက်ပါတယ်။ မင်းက Confidence သိပ်ရှိတဲ့ မိန်းကလေးတစ်ယောက် မဟုတ်ပေမယ့်၊ ကိုယ့်ကိုယ်ကိုယ်တော့ ထက်အောင်နေသားပဲ"





"ကဲ ... ဒီမှာ ရှင်ပြောချင်တာက ဘာလဲ။ ကျွန်မမှာ အချိန်မရှိဘူး၊ လိုရင်းကိုပြော"

အမ်ဘုံက စိတ်မရှည်တော့စွာ ခပ်ဆတ်ဆတ်ပြောလိုက်လျှင် သူက ခြောက်ကပ်ကပ် ရယ်မောကာ ...

"အိုခေ ... အိုခေ ... ပြောချင်တာကတော့ 26 ရက်နေ့လာကြိုပေးဖို့ပါပဲ၊ flight ချိန်ကိုတော့ ကိုယ် ဖုန်းထပ်ဆက်လိုက်မယ်။ လိုတော့ လိုပါသေးတယ်"

"လိုရင်းက အဲဒါပေါ့ ဟုတ်လား၊ အိုခေ ဒီကလည်း ပြောလိုက်မယ်။ ရှင့်ကို လုံးဝလာမကြိုပေးနိုင်ဘူး၊ ဘိုးဘိုးနဲ့ဘွားဘွားက သွားကြိုလိုက်ပါ ဆိုရင်တောင် ဆောရီးပဲ ကျွန်မဘက်ကလည်း အဲသလောက်ပြတ်သားတယ် ဒါပဲ"

"ကောင်းပြီလေ ... ကိုယ်တို့စိန်ခေါ်ပွဲလေး စလိုက်တာပေါ့၊ မင်း နိုင်ပါစေ အမ်ဘုံမိုးမြတ်"

သူက ဖုန်းချသွားပါသည်။ အမ်ဘုံမှာသာ ဆန့်တငင်ငင် ဒေါသတွေဖြင့် ကြိတ်မနိုင်ခဲမရ ဖြစ်ကျန်ခဲ့လျှင် ဆနှကရိပ်မိစွာ အမ်ဘုံ့ပခုံးတွေကို ဆုပ်ကိုင်၍ ...



www.burmeseclassic.com

www.burmeseclassic.com



“ဘာဖြစ်သလဲ အမ်ဘုံ၊ ကိုကောင်းပြည့် ဆိုတဲ့သူက ဘယ်လိုလူမျိုးလဲ”

“သိပ်စိတ်ပျက်ဖို့ ကောင်းတဲ့သူ၊ ငါလေ အဲဒီသူကို ဒီလို စိတ်ဓာတ်မျိုးရှိတဲ့သူ ဆိုတာသာ သိခဲ့ရင် အစကတည်းက ပြီးပြီးရော သဘောတောင် ခေါင်းညိတ်မိခဲ့မှာ မဟုတ်ဘူး ...

တစ်ခုလည်း ကောင်းသွားပါတယ်လေ၊ ငါ ဘယ်တော့မှ ကိုကောင်းပြည့်နဲ့ လက်မထပ်ဘူးဆိုတာ ပိုသေချာသွားတာပေါ့ဟာ”

“ကိုကောင်းပြည့်နဲ့ လက်မထပ်ဖြစ်ခဲ့ရင်တောင် နင့်မှာ အပြစ်ဖြစ်မှာ မဟုတ်ဘူး အမ်ဘုံ၊ နင် သူ့ကိုငြင်းခွင့်ရှိတယ်။ နင့် ဘိုးဘိုးဘွားဘွား ပြီးတော့ နင့်မိဘ ဘာမှ ဖြစ်မှာမဟုတ်ဘူး ...

နင် ညိုချောကို ရွေးချယ်ရင်တော့ အားလုံး ရင်ကွဲကုန်လိမ့်မယ်။ ငါ နင့်ကို ဒီလောက်ပြောနေလို့ နင် ငါ့ကို မုန်းချင်လည်း မုန်းသွားနိုင်တယ်။ ဒါပေမဲ့ ငါအမုန်း





ခံနိုင်တယ် အမ်ဘုံ၊ နင်သာ မိုက်မိုက်မဲမဲနဲ့ ညိုချောကို ရွေးသွားရင် ငါတို့တွေ အားလုံးခံစားကုန်ကြရမှာဟ”

အမ်ဘုံသည် ဆန္ဒရဲ့အသည်းအသန် တားမြစ်မှုကြောင့် ဆန္ဒမျက်နှာကို ဝေးခနဲ တစ်ချက်ကြည့်လိုက်မိပေသည်။ ဆန္ဒရဲ့စကားတွေက အရမ်းကို အတည်အတံ့ဆန်ပါသည်။ အမ်ဘုံသည် ဆန္ဒရဲ့လက်တွေကို ဆုပ်ကိုင်ထားရင်းက ...

“ဆန္ဒ ... ငါ့ကို ညိုချောနဲ့ တကယ်ပဲ မဖြစ်နိုင်ဘူးလို့ နင် သတ်မှတ်တယ်ပေါ့နော်။ ဘာလို့လဲဟင် ... ငါ့ရင်ထဲမှာ သူ့အတွက် အချစ်ဆိုတာ ရှိနေပြီးသွားပြီ၊ ငါ အဲဒီအချစ်ကို တန်ဖိုးထားချင်တယ်ဟာ”

“အမ်ဘုံရယ် ... ငါနဲ့နင်က ဟိုးငယ်ငယ်ကတည်းက အတူတူ နေကြတဲ့ သူငယ်ချင်းတွေပါ။ နင့်ကို ငါ သူငယ်ချင်းတစ်ယောက်ထက် ပိုတယ်၊ ညီအစ်မတွေထက်လည်း ပိုတယ်၊ အဲဒီအချစ်တွေနဲ့ ငါက မဖြစ်သင့်လို့ တားရတာပါဟာ ...



www.burmeseclassic.com

www.burmeseclassic.com



ညိုချောက ခင်ဖို့ကောင်းတယ်၊ ငါလည်း သူ့ကို သံယောဇဉ်ရှိပါတယ်။ ဒါပေမဲ့ သူဟာ နင့်ချစ်သူတော့ မဖြစ်သင့်ဘူး၊ သူက တောသား၊ ပြီးတော့ နင်တို့အဆင့်အတန်းနဲ့ယှဉ်ရင် အရမ်းကွာလွန်းတယ် …

ရိုးသားတာတွေ ကြိုးစားတာတွေက ပြောစရာတစ်ခု ဖြစ်နိုင်ပေမယ့် အဲဒါဟာ မိန်းမတစ်ယောက်ကို တင့်တယ်စေမယ့် မက်လုံးတော့ မဟုတ်ဘူး အမ်ဘုံ။ ငါ နင့်ကို သူနဲ့တော့ မဖြစ်စေချင်ဘူးဟာ၊ နင်တို့က လူချင်းတွေ့ကြသေးတာလည်း မဟုတ်ဘူး၊ မြို့သူဆိုတာ နင်မှန်းလည်း သူ မသိဘူး၊ နင့်စိတ်သာပြတ်ရင် သူ့အချစ်တွေကို မျက်ခြည်ပြတ်ချဖို့ လွယ်ပါတယ် …

နင်သာ သူ့ကိုပြတ်ပြတ်သားသားနဲ့ ဖြတ်လိုက်ပါလား၊ အားလုံးပြီးသွားပြီ”

အမ်ဘုံသည် ဆန္ဒရဲ့စကားကြောင့် တွေးစရာတွေ အများကြီးဖြစ်သွားရပါသည်။ အမ်ဘုံ ကိုးကွယ်နေတာဟာ အချစ်လား ဂုဏ်သိက္ခာလား။ မိန်းမတစ်ယောက်ကို တင့်တယ်စေဖို့





ပြီးတော့ ယုံကြည်စွာ အားကိုးနိုင်ဖို့အတွက် ဘယ်ဟာက အကြီးမားဆုံးမက်လုံး ဖြစ်နိုင်မလဲ။

ညိုချောကို ချစ်တာကတော့ နှစ်ခါပြန်မေးစရာမလိုတဲ့ မေးခွန်းဆိုတာ သေချာထားခဲ့ပြီးသားတော့ ဖြစ်ပါသည်။

အဲဒီအတွက် …။ ။



www.burmeseclassic.com

www.burmeseclassic.com



## ၉

ညိုချောသည် ဒီနေ့ကျောင်းအားရက်ဖြစ်တာကြောင့် ဦးချစ်ကို အိမ်အလုပ်တွေ၊ ခြံသန့်ရှင်းရေးတွေ ဝိုင်းကူလုပ်ပေးနေပါသည်။ ဦးချစ်နှင့်အတူ ပန်းအိုးကြီးတွေ နေရာချနေပေမယ့် စိတ်ထဲမှာကတော့ မြို့သူကိုပဲ သတိတွေရနေတာဖြစ်သည်။ မြို့သူ တစ်ယောက်လည်း ဘာတွေဖြစ်နေလဲ မသိတော့။ သူ့ချစ်သူရဲ့ ခံစားချက်တွေကို မျှဝေလို့ရရင် သိပ်ကောင်းမှာပဲ မြို့သူရယ်။

သူဟာ အဲဒီအတွေးတွေနှင့်အတူ ဦးချစ်ရဲ့ကျောက်ခက်ပန်းအိုးကြီးကို စိတ်မပါတပါ မ,ရွှေ့နေတုန်း ဖုန်းသံကြားလျှင် ညိုချောသည် ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားကာ ပန်းအိုးကြီး





ချပြီး ဖုန်းရှိရာကို ပြေးရတော့သည်။ ချစ်စရာကောင်းလှသော မြို့သူနှင့် အချိန်အကြာကြီး ဖုန်းပြောနိုင်ဖို့အတွက် charging သွင်းထားတာကိုဖြုတ်ကာ ခပ်သွက်သွက် ဖုန်းကိုင်လိုက်တော့သည်။

"ဟယ်လို ... မြို့သူ၊ ကိုယ့်ဆီ ဘာလို့ဖုန်းဆက်ကျဲတာလဲ၊ ကိုယ့်မှာ အရမ်းကိုသတိတွေရနေတာ"

"အတူတူပါပဲ ညိုချောရယ်"

အဲဒီအသံလေးကြောင့် သူဟာ ပြုံးမိသွားသည်။ သိပ်ချစ်တာပဲ မြို့သူရယ်။ ကိုယ့်ဘဝရဲ့အချစ်ရောင်တွေကို မင်းက ကာလာတင်ပေးတဲ့သူပါကွာ။

"သတိရတယ်သာပြောတာ၊ ကိုယ့်ကိုကျတော့ မေ့ထားပြီးတော့"

"မမေ့ရပါဘူး ညိုချောရယ်၊ ကျွန်မရင်ထဲမှာ ရှင့်ကိုနေရာအပြည့်ပေးထားပြီးသားဆိုတာ ယုံကြည်ပေးပါနော်"

မြို့သူရဲ့အသံဟာ နည်းနည်းနွမ်းလျနေတာ သူ ရိပ်မိပါသည်။ မြို့သူ ဘာဖြစ်လို့လဲ။ သူ့ကို အရင်တုန်းကဆို သွက်လက်စွာ ပြောပေမယ့်လည်း အခုတော့ တစ်ခွန်းမေးမှတစ်



www.burmeseclassic.com

www.burmeseclassic.com



ခွန်းဖြေ အေးစက်စက်နိုင်လှသည်။ ဘာအခက်အခဲတွေများရှိနေလို့ပါလိမ့်။

"မြို့သူ ... မင်းမှာ ဘာစိတ်ညစ်စရာတွေ ရှိလို့လဲဟင်"

"မရှိပါဘူး ... ရှင်ထင်လို့ပါ"

"မြို့သူ အရင်ကလောက် မတက်ကြွတော့သလိုပဲ၊ ကိုယ့်ကို စိတ်ပျက်သွားလို့လားဟင်။ ကိုယ် ဘာတွေပြုပြင်ရမလဲ။ မြို့သူ စိတ်တိုင်းမကျတာပြောပါ မြို့သူရဲ့"

သူ့ရဲ့ပျာတာလူးမေးခွန်းတွေအတွက် မြို့သူကတော့ အေးဆေးတည်ငြိမ်စွာပင် သူသေလို့ရသည့် စကားတစ်ခွန်းကို ဆိုလာပါသည်။

"တစ်ခုမှမဟုတ်ဘူး၊ ရှင် မြို့သူကို အထင်မမှားပါနဲ့။ ကျွန်မတို့တွေ့ရအောင် ညှိချော။ ရှင် Sunday အားလား။ ကျွန်မ ရှင့်ကို အမ်ဘုံမိုးမြတ်ရဲ့ကိစ္စတွေ လုံးဝမရှိတဲ့နေ့မျိုးမှာ တွေ့ချင်တယ် ...

ကျွန်မချစ်သူကို တာဝန်တွေကြားထဲကနေ အပြည့်မပိုင်ဘဲ မတွေ့ချင်ဘူး"





တနင်္ဂနွေနေ့။ အဲဒီနေ့ဆို သင်တန်းတွေအားလုံးတော့ ရှင်းပါရဲ့။ ဒါပေမဲ့ အမ်ဘုံတို့က ဟိုဟိုဒီဒီ သွားတတ်ကြသည်။ သူက အမ်ဘုံဘယ်သွားသွား တကောက်ကောက်ဆိုတော့ ...။ အင်း ... အမ်ဘုံကို သွားမေးကြည့်တာ အကောင်းဆုံးပါပဲ။

"အဲ ... အဲဒါဆို ခဏလေး မြို့သူ၊ ကိုယ် အမ်ဘုံကိုသွားမေးလိုက်ဦးမယ်၊ ခဏ ခဏနော်"

သူက ပြောလည်းပြော လှေကားပေါ်ကိုလည်း ပြေးတက်လာကာ အမ်ဘုံ အခန်းကိုသွားလေသည်။ အခန်းတံခါးဖွင့်ထားကာ စာထိုင်လုပ်နေကြသော အမ်ဘုံနှင့်ဆန္ဒကို သူက မြင်လျှင် ညိုရှော်သည့် ချောင်းတစ်ချက်ဟန့်ကာ "အမ်ဘုံ"လို့ လှမ်းခေါ်လိုက်လျှင် သူမက မျက်လုံးလှန်ကြည့်ကာ ဘာလဲဆိုသော သဘောဖြင့် မေးဆတ်ပြလေသည်။ သူပြောတာတွေကို မြို့သူကြားနိုင်အောင် ဖုန်းကိုင်ထားရင်းက ပြောလိုက်လေသည်။

"ဟို ... ဟိုဟာလေ တနင်္ဂနွေနေ့ အမ်ဘုံ သွားစရာရှိသေးလား"



www.burmeseclassic.com

www.burmeseclassic.com



သူ့မေးခွန်းကြောင့် အမ်ဘုံက ဆန္ဒမျက်နှာကိုကြည့်လိုက်ပြီးမှ သူ့ကို ပြန်အဖြေပေး၏။

"ဟင့်အင်း ... မရှိပါဘူး။ ဘာလို့လဲ"

ညိုချောသည် ထမစုန်မီအောင် အထူးထိန်းချုပ်ရင်းက အမ်ဘုံ့ကို ပြန်ပြောလိုက်သည်။

"ငါ အပြင်သွားချင်လို့ပါ"

"ဘယ်ကိုလဲ"

သူက အမ်ဘုံရဲ့ဆက်အမေးကို အထစ်အထစ်ဖြင့် မညာတတ် ညာတတ်ဖြင့် ညာရလေတော့သည်။

"ဟို ... သူငယ်ချင်းနဲ့ ချိန်းထားလို့ပါ"

"........."

"ဟို ... မသွားမဖြစ်မလို့ပါ အမ်ဘုံ"

"အင်း ... သွားပါ၊ ရပါတယ်"

သူက တော်တော်ကိုပျော်သွားကာ တစ်ချက်ပြုံးလိုက်ရင်း ...





"ကျေးဇူးပဲ အမ်ဘုံ"

ကျေးဇူးတင်စကား ဆိုပြီးတာနှင့် ညိုချောသည် ပေါ့ပါးသော ခြေလှမ်းတွေဖြင့် လှေကားပေါ်က ကဆုန်ပေါက်ဆင်းချလာကာ ...

"ဟေး ... မြို့သူလေး ကြားတယ်နော်။ ကိုယ် လုံးဝအားပြီဆိုတာ"

"ကောင်းပါပြီ ... ၂း၄၅မှာ တွေ့မယ်လေ"

ကတ်ဖိုးကတ်ဖဲ့အချိန်ကိုရွေးတဲ့ သူ့ချစ်သူလေးကို သူက အထွန့်တက်မနေတော့ဘဲ အဓိကစကားကိုသာပြောလေတော့သည်။

"အိုခေ ... ဒါဆို ၂း၄၅မှာ တွေ့မယ်။ ကိုယ်က မြို့သူကို ဘယ်လိုရှာရမလဲ၊ ဘယ်နေရာကို လာရမလဲ"

"နေရာကတော့ ကန်တော်ကြီးမှာ ကျွန်မကို ရှင်မမြင်ဖူးပေမယ်လည်း ရပါတယ်၊ အချစ်ရဲ့ connection ရှိနေတာပဲဟာ။ ရှင် ကျွန်မကိုမြင်တာနဲ့ သိမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟား ... သူဟာ အဲဒီအပြောကိုတော့ အရမ်းရင်စနစ်သွားရပါသည်။ သူ့အတွက်တော့ တနင်္ဂနွေနေ့ဟာ အလွန်ချစ်စရာကောင်းလှပါ၏။

"ကောင်းပါပြီ ခင်ဗျာ"

"ဒါပဲနော် ... ငံ ။ "

သူမက ဖုန်းချသွားသည်။ သူကတော့ အရမ်းပျော်ပါသည်။ ပျော်တာမှ ဘယ်သူမှမရှိဘူးဆိုတဲ့ စိတ်ပါဝင်ကာ လေထဲသို့ လက်သီးတစ်လုံးပစ်သွင်းကာ အော်ဟစ်မြူးထူးလိုက်သည်အထိကို ပျော်ရပါသည်။ တွေ့ရတော့မယ် ... မြို့သူနဲ့တွေ့ရတော့မယ်။ အဲဒီအတွေးဟာ ကမ္ဘာဘဏ်၌ အပ်နှံထားရလောက်အောင်အဖိုးတန်လွန်းလှပါသည်။

မြို့သူနှင့်တွေ့ရမယ့် တနင်္ဂနွေနေ့ကိုရောက်ဖို့ သူဟာ ကျော်စက်နှင့်သာ အချိန်တွေကို ကျော်ပစ်ချင်တော့သည်။ အသံလေးကို စတင်စွဲသွားပြီး ချစ်ခဲ့တာပါ။ အသံလေးရဲ့ဆွဲအားဟာ အချစ်စစ် အချစ်မှန်တစ်ခု ဖြစ်လာနိုင်ကြောင်း သူကတော့ အကြွင်းမရှိ လက်ခံပါသည်။





တနင်္ဂနွေနေ့ (၂း၄၅)။ အဲဒီအချိန်ကာလ မြန်မြန်ရောက်ဖို့ သူဟာ တစ်ချိန်လုံး နာရီပဲ တကြည့်ကြည့် လုပ်နေလျှင်သူ့အိမ်သားတွေတောင် အံ့သြရပါသည်။ စားလည်းဒီနာရီပဲကြည့်နေ၊ သွားလည်း ဒီနာရီပဲ ကြည့်နေတာကြောင့် အမ်ဘုံတို့က သူ့ကို မျက်လုံးအပြူးသားဖြင့် ကြည့်နေခဲ့ပါသည်။

အဲဒီလောက်ထိ မြို့သူဟာ သူ့အပေါ်ကို လွှမ်းမိုးထားတာဖြစ်ပါသည်။

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



မှန်ထဲမှာပေါ်နေသော ကိုယ့်ပုံကိုယ်ကြည့်ကာ သူက ပြုံးမိသွားသည်။ တစ်ကိုယ်လုံးက မွေးကြိုင်လန်းဆန်းကာ လူက လည်း တက်ကြွ၍ ခြုံပြောလိုက်ရင်တော့ ချစ်သူရှိတဲ့ ယောကျ်ား တစ်ယောက်ရဲ့ ဝမ်းမြောက်ဂုဏ်ယူမှုတွေနဲ့ပေါ့။ ညိုချောသည် ကိုယ့်အခန်းတံခါးကို တခေါက်ခေါက် လာခေါက်နေပြန်သော ဦးချစ်ကို မသိချင်ဟန်ဆောင်ကာ ကိုယ့်ဘာသာပဲ ဆက်ရှိုင်းနေ လိုက်သည်။

"ဟေ့ ... လူညိုချော၊ ငါ အမ်ဘုံပါ တံခါးဖွင့်ပေးဦး"

ဟာ ... အမ်ဘုံ။ ညိုချောသည် မြန်မြန်ဆန်ဆန် ပင် တံခါးဖွင့်ပေးလိုက်လေသည်။ ဟင် ... အမ်ဘုံတို့ကြည့်ရ တာ အပြင်ထွက်မယ့် ပုံစံပါလား။ သူ့အတွေးပင် မဆုံးသေး အမ်ဘုံက သူ့ပခုံးကို ဆတ်ခနဲပုတ်၍ ...





"ဪ ... အဆင်သင့်ပဲ။ လာ ... လူညိုချော၊ ဒီနေ့ ရှော့ ပင်းသွားရအောင် ကားပေါ်က စောင့်မယ်နော်"

အမ်ဘုံက လှည့်အထွက်မှာ သူက အသည်းအသန် ပင် အမ်ဘုံကို တားရလေသည်။

"အမ်ဘုံ ... ငါ ဒီနေ့နားမယ်၊ သူငယ်ချင်းနဲ့ ချိန်းထားလို့ ဆိုတာ၊ ဟိုတစ်နေ့ကတည်းက ခွင့်တောင်းပြီးသားလေဟာ၊ အဲ ... အဲဒါ"

"ဪ ... အေး ... ဟုတ်သားပဲ။ Noproblem နင် သွား စရာရှိတာသွားပါ၊ ငါတို့မသွားတော့ဘူး"

သူက အဲဒီစကားကြောင့် ဝမ်းသာသွားကာ ပြုံးမယ် ကြံကာရှိသေး၊ အမ်ဘုံက တစ်စခန်း ထလာပြန်ပါသည်။

"ဒါပေမဲ့ ငါတို့တွေချည်း အိမ်မှာနေခဲ့ရတာ ပျင်းတယ်၊ အဲဒါဆို နင်သွားတဲ့နောက် ငါလိုက်မယ်၊ ပြီးမှ ရှော့ပင် သွားတာပေါ့၊ လာ ... let's go "

ဟား ... ဟ ... အဲလိုတော့ မဖြစ်ပေ။ သူသွားမယ့် ဆီ ဘယ်လိုလုပ် အမ်ဘုံ့ကို ခေါ်လို့ရမှာတုန်း။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ငါသွားမယ့်နေရာက မင်း လိုက်လို့ မရဘူး အမ်ဘုံ"

"ဘာလို့လဲ ... မရဘူး လိုက်မှာပဲ"

"အာ ... မရပါဘူးဆို။ ဟို ... ဟိုလေဟာ ငါ့သူငယ်ချင်းက သူစိမ်းတွေပါရင် မကြိုက်ဘူးဟာ"

"နင်နဲ့ငါက သူစိမ်းမှမဟုတ်တာ၊ နင်က ငါ့ဘော်ဒီဂတ်ပဲဟာ"

"ဟာ ... ဟိုလေ ... ငါ ... ငါ့သူငယ်ချင်းက မကြိုက် ... အဲ ... ဟို ..."

သူ အထစ်ထစ် အငေါ့ငေါ့ ဖြစ်လာလျှင် အမ်ဘုံက အရိပ်အကဲ နားလည်စွာ သူ့ကို အကဲခတ်ပြီး မေးလေသည်။

"မှန်မှန်ဖြေစမ်း ... ညိုချော။ နင် သွားတွေ့မှာ သူငယ်ချင်း မဟုတ်ဘူးမလား"

ညိုချောသည် ဘယ်လိုမှ ငြင်းမရတော့သည့်အဆုံး ခေါင်းညိတ်ဝန်ခံရတော့သည်။





"ဟုတ်ပါတယ်၊ ငါ သွားမှာ သူငယ်ချင်းဆီ မဟုတ်ပါဘူး။ ငါ့ကောင်မလေးဆီပါ"

"အဲဒါကို ဘာကိစ္စ နင်က လိမ်ရတာလဲ"

သူက အမှန်မပြောလို့ကလည်း မရတော့။ မျက်နှာ ပူပူနွေးနွေးပင် အမ်ဘုံကို ပြောပြရတော့သည်။

"နင် စိတ်ဝတော့မဆိုးနဲ့နော် အမ်ဘုံ၊ ငါ့ကောင်မလေးက ငါ နင့်နားမှာရှိတာကို မကြိုက်ဘူးဟ။ ငါ့အလုပ်တာဝန် အရမို့သာ သူ နားလည်ပေးရတာ၊ အခုလို duty off ချိန် မှာ နင် လိုက်လာရင် ငါ့ကို သူ စိတ်ဆိုးသွားမှာ"

အမ်ဘုံက သူ့ကို မျက်စောင်းတစ်ချက်ထိုးလိုက်ကာ ...

"သူ စိတ်ဆိုးမှာတော့ ကြောက်တယ်ပေါ့လေ"

"ကြောက်တာပေါ့ဟ၊ သူက ငါ့အချစ်ဆုံးဟာကို။ နင် သိတဲ့ ငါ့ဖုန်းဓာတ်လမ်းထဲက မင်းသမီးလေးက ငါ့ကို အပြင်မှာ တွေ့ခွင့်ပေးလိုက်ပြီဟ။ ငါ သူ့ကို မမြင်ဖူးပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့်လည်း ချစ်တယ်။ ငါ့အချစ်တွေကို သူ မယုံမကြည် ဖြစ်သွားရင် ငါ့ကို မုန်းသွားမှာဟ၊ ငါ သူ မုန်းတာကို မခံနိုင်လို့ပါ အမ်ဘုံရာ၊ နင် မလိုက်ပါနဲ့နော်”

“ညိုချော ... နင် သူ့ကို အဲဒီလောက်တောင် ချစ်တယ်လား”

“ချစ်တာပေါ့ဟာ၊ ငါ့ဘဝရဲ့အချစ်ဦးနဲ့ အချစ်ဆုံးဟာ သူ တစ်ယောက်တည်းပဲ ရှိတယ်။ အစားထိုးလို့ မရဘူး”

အဲဒီစကားကြောင့် အမ်ဘုံက သူ့ကိုငေးခနဲစိုက်ကြည့်နေပါသည်။ ညိုချောသည် အမ်ဘုံကို ခပ်သွက်သွက်ပင်ခွင့်တောင်းရသည်။

“အဲဒါကြောင့် ငါ့ကို နင် ကူညီပါ အမ်ဘုံရယ် ... နော်”

“ကောင်းပါပြီလေ၊ နင် သွားပါ ညိုချော”

“အိုခေ ... ကျေးဇူးတကယ်တင်တာပါ အမ်ဘုံရယ်”

သူက အခန်းထဲ ပြန်ဝင်ကာ လိုတာလုပ်၍ အားလုံးစိတ်တိုင်းကျပြီဆို၍ ထွက်လာခဲ့လျှင် ပေါ်တီကိုအောက်အရောက်





မှာ “ညိုချော”ဆိုသော ခေါ်သံကြား၍ လှည့်ကြည့်လိုက်လျှင် အမ်ဘုံ ဖြစ်လို့နေသည်။ အမ်ဘုံက ပြုံးရွှင်သော မျက်နှာလေးဖြင့် သူ့ဆီလျှောက်လာကာ ...

“နင့်ကို ငါ ကားမောင်းပြီး လိုက်ပို့ပေးမယ် ... လာ”

“ဟာ ... မလုပ်ပါနဲ့။ ရတယ် ... Taxi ငှားသွားလိုက်ပါ့မယ်”

“စိတ်မပူပါနဲ့ဟာ သူ မမြင်စေရပါဘူး။ ငါ အရမ်းလိုက်ချင်လို့ပါ”

အဲဒါနဲ့ပဲ ညိုချောသည် အားနာတာကြောင့် ခေါ်လာခဲ့ရပါသည်။

ဆန္ဒ မလိုက်သောအခါ သူနှင့်အမ်ဘုံ နှစ်ယောက်တည်းဖြစ်နေသည့်အတွက် မြို့သူ မြင်သွားမှာကိုတော့ အရမ်းစိုးရိမ်လှပါသည်။ ဒါပေမဲ့လည်း အမ်ဘုံက လိုက်ချင်တယ်ဆိုတာကြောင့် သူ မငြင်းဖြစ်ခဲ့ပါ။ ပြီးတော့ မြို့သူလည်း အမ်ဘုံ လိုက်လာတယ်ဆိုတာ သိမှာမဟုတ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ညိုချောသည် ချိန်းထားတာထက် နာရီဝက်စောရောက်နေတာကြောင့် မြို့သူနှင့် ချိန်းထားရာနေရာဆီ သူကမသွားသေးဘဲ အမ်ဘုံနှင့် စကားခဏပြောပေးရသည်။ သူ အမ်ဘုံကို တစ်ယောက်တည်း မထားရက်လို့ပဲ ဆိုပါစို့။

"နင့်ကောင်မလေးနာမည်က ဘယ်သူ"

"မြို့သူ ... မြို့သူတဲ့"

"နာမည်ကတော့ အမိုက်စားပဲနော်၊ နင် အခု သူ့ကိုတွေ့ရင် ဘာကစပြောမှာလဲ။ သူက အကယ်၍ ရုပ်ဆိုးခဲ့တယ်ဆိုရင်ကော ဘယ်လိုလဲ"

အမ်ဘုံ့အမေးကို သူက ဘာမှမဖြေသေးဘဲ အသာပြုံးနေစဉ်မှာပင် အမ်ဘုံက ကားပေါ်က ဆင်းသွားလေသည်။ သူက မြို့သူနှင့်ပတ်သက်တာကို ရင်ဖွင့်ဖို့က အမ်ဘုံသာလျှင် အသင့်တော်ဆုံးဆိုတာ သတိမှတ်ကာ သူက ကားပေါ်မှဆင်းလိုက်ပြီး ...

"မြို့သူက ချောတယ်ပဲဖြစ်ဖြစ် မချောဘူးပဲဖြစ်ဖြစ် သူ့ကို ငါက တစ်ဘဝလုံးအတွက်ကို ရည်ရွယ်ထားတာ၊ အချစ်ဆိုတာ မြင်ရုံတွေ့ရုံနဲ့ ရင်ခုန်တယ်ဆိုပေမယ့် ငါ့အတွက်





ကတော့ အချစ်ဆိုတာ မြို့သူရဲ့အသံကို ကြားမှပဲ တွေ့ရတော့တာ ...

ငါ့စိတ်တွေ အရမ်းလှုပ်ရှားနေတယ် အမ်ဘုံရာ၊ မြို့သူကိုတွေ့ရင် ငါ ဘာကစပြောရမလဲ။ မြို့သူ ... ကိုယ်က ညိုချောလေ။ မင်းကို သိပ်တွေ့ချင်နေပြီး သိပ်ကိုချစ်ရတယ့် ညိုချောပေါ့၊ မြို့သူ ... ကိုယ် မင်းကို အရမ်းချစ်တာပဲ"

သူ့မျက်လုံးထဲမှာ အမ်ဘုံကို ကြည့်ရင်းက မြို့သူလို့ ထင်မှတ်သွားကာ စိတ်တွေဖောက်ပြန်ကုန်၍ အမ်ဘုံရဲ့ပခုံးနှစ်ဖက်ကိုဆုပ်ကိုင်ပြီး မျက်လုံးချင်းဆုံကာ ကြည့်နေလျှင် အမ်ဘုံက သူ့ကို တအံ့တသြ ပြူးကြည့်နေပါသည်။ ပြီးတော့ ရှန်းဖယ်နေသလို ပခုံးကိုတွန်းထိုးလိုက်မှ သူက သတိပြန်ဝင်ကာ အမ်ဘုံကို အသည်းအသန် တောင်းပန်ရပါသည်။

"ဟာ ... အမ်ဘုံ ဆောရီး၊ အများကြီး တောင်းပန်ပါတယ်ဟာ၊ ငါ ... ငါ သတိလွတ်သွားလို့၊ ငါ့ကို ခွင့်လွှတ်ပါ၊ နင် မကျေနပ်ရင် ငါ့ကို ပါးသာရိုက်ပစ်လိုက်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဟာ၊ ငါ နားလည်တယ်၊ ဘာမှမဖြစ်ဘူး သူငယ်ချင်းတွေပဲ။ ဒါ ရီဟာဆယ်လေ့ကျင့်တယ် သဘော ထားလိုက်ပေါ့ဟာ၊ ကဲ ... စိတ်ထဲမှာ ဘာမှထားမနေနဲ့။ ငါ နားလည်တယ် ...

ကဲ ... ကဲ ... ညိုချော၊ အချိန်တောင်နီးနေပြီ၊ သွားတော့ ... သွားတော့ ...

Good luck "

သူက အမ်ဘုံကို အရမ်းအားနာပြီး မျက်နှာတွေ တောင် ပူလာကာ မျက်စိပျက် မျက်နှာပျက် ဖြစ်လာရ၏။ သူ အဲလိုဖြစ်နေပုံကို အမ်ဘုံက ခပ်ဟဟရယ်ကာ သူ့လက်မောင်းကို တွန်းထိုးထုတ်ကာ ...

"ဩော် ... ကဲ ... ဘာဖြစ်နေတာလဲ။ သွားပါတော့ဆို"

"အင်း ... အင်း ... အမ်ဘုံ ဆောရီးနော်"

"ကဲ ... ဘာမှမဖြစ်ပါဘူးဆို။ သွားတော့ ... နောက်ကျနေဦးမယ်"





ညိုချောသည် အမ်ဘုံကို ခေါင်းတစ်ချက်ညိတ်ပြကာ မြို့သူနှင့် ချိန်းထားရာသို့ သွားလိုက်သည်။ အမ်ဘုံကို အရမ်းအားနာပေမယ့်လည်း နောက်မှ သေချာတောင်းပန်ရမည်။ အခုချိန်မှာ သူ့နှလုံးသားက မြို့သူကိုသာ တမ်းတနေမိပါသည်။

မြို့သူရေ ... ကိုယ် မင်းကို သိပ်ချစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အမ်ဘုံသည် ရှုမတတ်ကို ခံစားနေရပါသည်။ ညိုချောရယ် ... ကျွန်မ ရှင့်ကို သိပ်သနားတာပဲ။ အမ်ဘုံ့ရှေ့က နေ တက်ကြွစွာထွက်ခွာသွားသော သူ့ရဲ့ကျောပြင်ကို မျက်စိတဆုံး ငေးကြည့်နေရင်း ရင်ဘတ်ထဲမှာလည်း သည်းသည်းထန်ထန် ငိုကြွေးနေရပါသည်။ ကျွန်မ ရှင့်ကို ရက်စက်ရတော့မယ် ညိုချော။

"နင် သူ့ကို မြို့သူဓာတ်လမ်း အပြတ်ဖြတ်ခဲ့ပါ အမ်ဘုံ၊ နင် သူ့ကို အမြှင်မပြတ်နိုင်ရင် အားလုံးခံစားသွားရလိမ့်မယ်။ သူနဲ့ လုံးဝမတွေ့ပါနဲ့၊ နင်ဟာ မြို့သူဆိုတာကိုလည်း ဘယ်တော့မှ သူ သိစရာမလိုဘူး၊ အမ်ဘုံမိုးမြတ်ကလည်း ဘယ်တော့မှ မြို့သူဖြစ်လာမှာ မဟုတ်တဲ့အတွက် နင် စိတ်ကူးမယဉ်ပါနဲ့တော့၊ အဲဒီဓာတ်လမ်းကို ဒီမှာတင် တစ်ခန်းရပ်လိုက်ပါ။ ရှေ့ဆက်တိုးမယ် ဆိုရင်တော့ နင်





မဖြတ်နိုင်တဲ့ ဓာတ်အတွက် ငါ ဝင်ဖြတ်ပေးရလိမ့်မယ်။ အဲဒါဆို ဘယ်သူ့အတွက်မှ မကောင်းနိုင်ဘူး၊ နင် ပြတ်သားပါ အမ်ဘုံ"

အမ်ဘုံသည် ဆန္ဒပြောတဲ့ စကားတွေကို နားထဲမှာ ကြားယောင်လာကာ ချွေးတွေတောင် ပြန်လာတော့သည်။ ဆန္ဒကိုလည်း အမ်ဘုံ အပြစ်မတင်လိုပါ။

သူက အားလုံးကောင်းဖို့ အမှန်းခံပြီး ဝင်ပြောပေးတယ်ဆိုတာကို အမ်ဘုံ နားလည်ပါသည်။

အမ်ဘုံနှင့်သူ ချစ်သူတွေသာ တကယ်ကြီးဖြစ်သွားခဲ့လျှင် အမ်ဘုံ့မိဘ ပြီးတော့ အဘိုးအဘွား အားလုံးက ဝက်ဝက်ကွဲပေါက်ကွဲကုန်ကြမှာဖြစ်သည်။ ဒီမျိုးရိုးရဲ့တစ်ဦးတည်းသော မြေးဖြစ်တဲ့ အမ်ဘုံ့ကို အကြီးကြီးမှန်းထားကြတဲ့ အဘိုးအဘွားတွေရဲ့ဆန္ဒကို အမ်ဘုံ နားလည်သည်။

အဲဒီဝိရောဓိသံယောဇဉ်တွေကြားမှာ အမ်ဘုံဘာလုပ်ရမှာလဲ။ သူ့ကို ဖြတ်ပါတဲ့။ အမ်ဘုံကကော ပြတ်နိုင်လို့လား။ ပြီးတော့ အမ်ဘုံက ဖြတ်လိုက်ရင် ဘာမှနားမလည် မသိပါဘဲ



www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့ရမယ့်သူ အားလုံးဟာ အမ်ဘုံ စပ်ဆော့ပြီး မှားခဲ့တဲ့အမှားတွေပဲမို့ ညိုချောကို မခံစားစေချင်ပါ။

သို့ပေမဲ့ အခြေအနေသည် ညိုချောကို ခံစားစေရပြီး အမ်ဘုံကိုကျတော့ လူမသိအောင် ရင်ကွဲခံ၍ သမီးအလိမ္မာလေး ဆိုပြီး ခေါင်းစည်းတပ်နိုင်းနေပါသည်။

အမ်ဘုံသည် ခပ်ပျပျသာ မြင်နေရသော သူ့ကို ဆွေးမြည့်နေသော မျက်ဝန်းတို့ဖြင့် ငေးစိုက်ကြည့်နေတာကို သူက ဘယ်လိုထင်သွားသလဲမသိ။ အမ်ဘုံကို ပြုံးပြကာ လက်မ ထောင်ပြ၏။ ပြီးတော့ ကားပေါ်တက်ထိုင်နေဆိုသော သဘော ဆောင်သည့် လက်ဟန်ခြေဟန်ပြသည်။ အမ်ဘုံကို ဂရုစိုက်ပြီး မြို့သူကို သိပ်ချစ်တဲ့ ညိုချောအတွက် မခံစားနိုင်တော့စွာ အမ်ဘုံ က ကားပေါ်သို့ ပြေးတက်ထိုင်ကာ ငိုမိနေတော့သည်။ ပြီးတော့ သူကိုင်သွားခဲ့တဲ့ ပခုံးလေးကို လက်ဖြင့်ခပ်ဖွဖွကိုင်ကာ ဆုံးဖြတ် ချက်တစ်ခုကို ပြတ်သားစွာ ချလိုက်ဖို့အတွက် အိတ်ထဲကဖုန်းကို ထုတ်လိုက်လေသည်။

ကျွန်မ ရှင့်ကို သိပ်ချစ်တာပါ ညိုချောရယ်။





ဒါပေမဲ့ ...။ ကျွန်မ လာနိုင်မှာမဟုတ်တဲ့ ရှင်စောင့် နေမယ့် အဲဒီနေရာမှာ တစ်ယောက်တည်း ရှင့်ကို မခံစားစေချင် ဘူး။ ရှင့်အတွက် ကျွန်မက မြို့သူမဖြစ်နိုင်ဘူးဆိုရင်တောင် ရှင့် အတွက် သူငယ်ချင်းကောင်း အမ်ဘုံတော့ ဖြစ်ရပါစေမယ်။ ရှင် မြို့သူ့အတွက် ခံစားရရင် အမ်ဘုံဆီမှာ ရင်ဖွင့်နိုင်ပါတယ်။

အမ်ဘုံသည် ဖုန်းလေးကို power ဖွင့်ပြီးနောက်မှာ တော့ ဒီဖုန်းရဲ့တစ်ခုတည်းသော ခေါ်ဆိုရာနံပါတ်ကို နှိပ်ကာ ဖုန်းခေါ်လိုက်တော့သည်။ သူက ချက်ချင်းဆိုသလိုပင် ဖုန်းကိုင် ကာ ...

"ဟယ်လို ... မြို့သူ၊ ကိုယ် ရောက်နေပြီ ဘယ်နားမှာလဲ"

သူက လက်ဝါးတစ်ဖက်ထောင်ပြရင်းက မျက်လုံး တို့ ဟိုဟိုဒီဒီကြည့်လျက် မြို့သူကို ရှာဖွေဟန်ပြုနေတာကို မြင်ရ လျှင် အမ်ဘုံ ရင်ထဲမှာ ဆို့နင့်သွားရပါသည်။ ဒါပေမဲ့ အမ်ဘုံ ပြတ်သားရတော့မည်။ အမ်ဘုံသည် လိုတာထက် အသံကိုပိုတင်း မာလိုက်ကာ ...

"ကျွန်မ ရှင်နဲ့ ဘယ်တော့မှ မတွေ့တော့ဘူး ညိုချော"



www.burmeseclassic.com

www.burmeseclassic.com



အမ်ဘုံရဲ့အဲဒီစကားကြောင့် သူ့ဘက်က အသံတိတ်လို့သွားပါသည်။ ဒါပေမဲ့ ဆက်ပြောခဲ့ရပါသည်။

"ရှင် ကျွန်မကို မချစ်ခဲ့ဘူး၊ တန်ဖိုးမထားဘူး၊ ပြီးတော့ အထင်သေးတယ်"

"မြို့သူ"

"ဘာ ... လဲ ... ကျွန်မက ဖုန်းစဆက်ပြီး စချစ်ခဲ့လို့ အထင်သေးတာလား"

"မြို့သူ ... မင်း ... ဘာ တွေ ပြော"

အမ်ဘုံက သူပြောတာကို စောင့်မနေဘဲ မောင်းတင်ထားသည့်အတိုင်း မျက်စိစုံမှိတ် ပြောရတော့သည်။ အဲဒီလိုပြောနေရတာဟာ ကျွန်မနှလုံးသားကို ဓားနဲ့လှီးနေသလိုပဲဆိုတာ ရှင် မသိဘူးမှလား ညိုချော။

"ကျွန်မကတော့ ရှင့်အချစ်ကိုယုံကြည်ပြီး တွေ့ဖို့ချိန်းခဲ့တာ အခုတော့ ရှင်က ကျွန်မဆီကို ကျွန်မမုန်းတဲ့မိန်းမနဲ့ အတူလာတဲ့အပြင် သူ့ကို ဂရုစိုက်ပြနေခဲ့တယ် ...

ကျွန်မ ရှင်ကို အရမ်းမုန်းတယ် ညိုချော"





"မြို့သူ ... မင်း အခု ဘယ်မှာလဲဟင်၊ ကိုယ်လာခဲ့မယ်၊ ပြီးတော့ ကိုယ်ရှင်းပြတာကို နားထောင်ပေးပါ၊ မြို့သူ အထင်မှားနေတာ"

"ဘာ ... အထင်မှားတယ် ဟုတ်လား။ ရှင် သူ့ပခုံးကို ကိုင်ပြီး တယုတယ စကားတွေ ပြောနေတာကို ကျွန်မက ဘာတွေများ တလွဲထင်ပြီး အထင်မှားရမှာလဲ၊ ရှင် သိပ် ရိုင်းတယ် လူညိုချော"

"မြို့သူ ... ပလိ(စ်)ကွာ၊ ကိုယ် ရှင်းပြတာ ခဏလေးနားထောင်ပါဦး"

အမ်ဘုံသည် သူ့ရဲ့တောင်းပန်ခယသံကို ဥပေက္ခာပြုကာ မျက်ရည်တွေကို သုတ်ပစ်လိုက်ရင်း ...

"နားမထောင်ဘူး၊ ရှင် ပြောတာတွေကို ကျွန်မ နားမထောင်တော့ဘူး။ မိန်းကလေးတစ်ယောက်ကို ပခုံးဖက်နေတာတောင် ရှင်က ငြင်းချင်သေးတာလား"

"မဟုတ်ဘူး မြို့သူ။ ကိုယ်နဲ့သူက သူငယ်ချင်းလိုမျိုးပဲ၊ မြို့သူလာရင် ကိုယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့ ... တော်တော့။ ရှင့်အသံလည်း မကြားချင်ဘူး ရှင့်မျက်နှာကိုလည်း မမြင်ချင်တော့ဘူး၊ ပြီးတော့ ရှင်ကျွန်မကိုလည်း နောက်ဘယ်တော့မှ ပတ်သက်ခွင့်မရှိတော့ဘူး"

"ဟာ ... မြို့ ... သူ ... မလုပ်ပါနဲ့။ မြို့သူထင်သလိုမဟုတ်ပါဘူးကွာ၊ ကိုယ့်ကို မထားခဲ့ပါနဲ့"

"တော်တော့ .. Good Bye "

အမ်ဘုံက ကြာရင် ချုံးပွဲချ ငိုမိတော့မှာမို့ ဖုန်းပိတ်ပစ်လိုက်ရတော့သည်။ သူ ကြိမ်ဖန်များစွာ အမ်ဘုံ့ဖုန်းကိုခေါ်နေမှာ ဆိုတာသိသည်။ စက်ပိတ်ထားလိုက်ခြင်းဖြင့် တို့နှစ်ယောက်ရဲ့ နှလုံးသားတွေလည်း နယ်မြေကန့်သတ်ထားရအောင်။

အမ်ဘုံသည် သူ အရမ်းခံစားနေရပြီဆိုသော အသိနှင့်အတူ ကားပေါ်မှာ ထိုင်ငိုနေရင်းက အချိန်တစ်ခုတွင် သူက လေးကန်သော ခြေလှမ်းတို့ဖြင့် ကားဆီလျှောက်လာတာမြင်လျှင် အမ်ဘုံသည် ကမန်းကတန်းပင် မျက်ရည်တို့ကို ပွတ်သုတ်ပစ်ကာ ဟန်ဆောင်မျက်နှာဖုံးစွပ်၍ သူ့ကို အပြုံးတစ်ခုဖြင့် လှမ်းမေးရလေသည်။





"ဘယ်လိုလဲ ... ညိုချော၊ အဆင်ပြေလား။ တွေ့ခဲ့ပြီးပြီလားဟင်"

အမ်ဘုံ့အမေးကို သူက ခပ်ယဲ့ယဲ့ပြုံးပြရင်းက ...

"သူ ငါ့ကို ဖြတ်သွားပြီ။ ပြီးတော့ ငါ့ကို ဘယ်တော့မှ မချစ်တော့ဘူး ထင်တယ်"

"ဟင် ... ဘာလို့လဲ၊ ဘာကြောင့်လဲ"

"သူ့အကြောင်း ရှိလို့ပေါ့ဟာ၊ ကဲ ... ပြန်ရအောင် ကားပေါ်တက်"

သူက အမ်ဘုံ့ရှေ့ကကျော်၍ ကားတံခါးဆီသို့သွားကာ တံခါးအဖွင့်မှာ အမ်ဘုံက သူ့ကို အနောက်ကနေလှမ်းမေးလိုက်ပါသည်။

"သူ ဖြတ်သွားတယ်ဆိုလည်း ရအောင်တောင်းပန်ပါလား"

အမ်ဘုံရဲ့အပြောကို သူက လှည့်တောင်မကြည့်ပါဘဲနှင့် စကားတစ်ခွန်း ပြောလေသည်။ အမ်ဘုံ့အတွက်တော့ သူ့စကားဟာ သိပ်ကိုကြေကွဲဖို့ ကောင်းလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောင်းပန်ရအောင် ငါက. မြို့သူဆိုတဲ့ နာမည်ရယ်၊ ပြီးတော့ ငါ ဘယ်တော့မှ စဆက်လို့မရတဲ့ ဖုန်းနံပါတ်ရယ်၊ သူနဲ့ပတ်သက်ပြီး ငါ့ဘဝမှာ အဲဒါပဲ ရှိတာ ...

ငါက တောင်းပန်ဖို့ ကြိုးစားတာထက်စာရင် ကြေကွဲနေတာကမှ ဖြေသာဦးမှာပါဟာ"

အပြုံးနွမ်းနွမ်း ပါဝင်သော သူ့ရဲ့ဝမ်းနည်းရီဝေနေသော မျက်ဝန်းညိုတို့ကို မတော်တဆ မြင်ခဲ့ရသောအခါ အမ်ဘုံသည် အားလုံးကို မေ့ပစ်ပြီး ကမ္ဘာကြီးတစ်ခုလုံး ပွင့်ထွက်မတတ် "ချစ်တယ်"ဆိုပြီး အာခေါင်ခြစ်အော်ပစ်လိုက်ချင်စိတ်တွေပေါက်လောက်အောင် ခံစားခဲ့ရပါသည်။





သူက ဆောင်ကြဉ်းပေးတဲ့
နံနက်ခင်း၊ ညခင်းတွေဟာ
ကိုယ့်အတွက်တော့
ချိုမြိန်ရှင်ခုန်မှုကိုပေးတယ်။

နူးညံ့စွာဖြားယောင်းတတ်တဲ့
အချစ်ရဲ့ပိုက်ကွန်ထဲမှာ
ကိုယ်က တမင်တကာ အမိခံလိုက်ပေမယ့်
မင်းကတော့ မသိချင်ယောင်ဆောင်နေခဲ့တယ်။

ချစ်ခြင်းရဲ့ညခင်းမှာ
မင်းစကားသံလေး မပါဝင်တဲ့အခါ
ကိုယ့်ညဟာ အထီးကျန်အလွမ်းတွေနဲ့
နွမ်းနေခဲ့ရတာ ...



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြခွင့်မရှိတော့တဲ့

ကိုယ့်ရဲ့မြို့သူအတွက်

ကိုယ်သတ်မှတ်ထားတာတော့

မင်းဟာ ကိုယ်လှမ်းမီနိုင်ဖို့ အတော်ကြိုးစားရမယ့်

ငွေတောင်ပြည်က ခေတ်သစ်ဒွေးမယ်နော်ပါ

ချစ်သူ ...။

✧ ❦ ✧





## ၁၀

ဖြစ်ပျက်ခဲ့တဲ့ကိစ္စတိုင်းဟာ မြို့သူလည်း မမှားခဲ့သလို သူလည်းမမှားခဲ့ပါ။ ကိုယ့်ဘက်ကကြည့်တော့ လက်ဖမိုး၊ သူ့ဘက်ကကြည့်တော့ လက်ဖဝါးဖြစ်နေတာကြောင့် သူဘယ်လိုပြောပြော မြို့သူက လက်ဖဝါးပဲ မြင်နေပြီး မျက်စိမှိတ်ငြင်းနေမှာဖြစ်သည်။ မြို့သူရဲ့ဖုန်းကို နေ့တိုင်းခေါ်နေမိသော်လည်း သူမကတော့ ရက်စက်စွာ ဖုန်းပိတ်ထားဆဲဖြစ်သည်။

ညိုချောသည် အဲဒီစိတ်နှင့်ပဲ လူက လွမ်းဖျားလွမ်းနာကျကာ ဘာမှလုပ်ချင်စိတ်လည်းမရှိတော့ပါ။ အချစ်က အဲဒီလောက်ထိတောင် ထိခိုက်ခံစားရစေပါသည်။ သူက အရင်လို တက်တက်ကြွကြွ လန်းလန်းဆန်းဆန်း မရှိတော့ဘဲ အမြဲတမ်း



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ပြီး ငေးငိုင်နေတာကို အမ်ဘုံကတော့ နားလည်ပေးရှာပါသည်။ အဲဒီအတွက် သူမကို အရမ်းအားနာရပါသည်။

တစ်ညမှာတော့ သူက သူ့ဂစ်တာလေးရယ်၊ ဖုန်းလေးရယ်ကိုယူလာကာ ခြံထဲမှာ ဆင်းထိုင်နေမိသည်။ ညအခါလသာသာမှာ မင်းနဲ့ အရင်လိုအချိန်မျိုးရခဲ့ရင် ဘယ်လောက်များကောင်းလိမ့်မလဲ မြို့သူရယ်။

ညိုချောသည် ဂစ်တာကို ဟိုတီးဒီခတ်ဖြင့် ရင်ဘတ်ထဲသို့ရောက်နေသည့် bunny phyo ရဲ့သီချင်းတစ်ပုဒ်ကို ဆိုညည်းမိလေသည်။

အဲဒါ မင်းကိုလွမ်းလို့ဆိုဖြစ်တဲ့ သီချင်းပါမြို့သူ။

"တရွေ့ရွေ့ပြောင်းလို့သွားခဲ့ နေ့ရက်တွေ xxx အလွမ်းများက တိုးလို့နှိပ်စက်နေ xxx တမ်းတခဲ့ မင်းအငွေ့အသက်လေး xxx အနားနား အမြဲရှိစေချင် ငါ့ရဲ့ညနဲ့မနက်တွေထဲ xxx ဘယ်တော့မှ တို့နှစ်ယောက် နီးမှာလဲ xxx ဘယ်အချိန်ထိ ငါစောင့်ရမလဲ xxx ဘယ်လိုနေရာတွေဝေးလို့သွားပစေ xxx ငါ့ရင်ထဲမှာ မင်းတစ်ယောက်တည်း ...





ကြယ်ပွင့်လေးများ လမ်းပြဦး xxx ကောင်မလေးနဲ့ နီးနိုင်ဖို့ xxx အနေဝေးလို့ သွေးအေးသွားမှာ ငါကြောက်လို့ xxx မင်းစိတ်ထဲ အမြဲတမ်းရှိပါစေ xxx ဆုံနိုင်မှာပါ တို့နှစ်ယောက် တစ်နေ့ xxx အခုတော့ ဖုန်းလေးထဲပဲ အလွမ်းပြေ အနမ်းတွေပေး"

သူက သူ့ဗီးလ်နှင့်သူ "အလွမ်းပြေအနမ်း"သီချင်းကို ညည်းဆိုနေချိန်မှာ သူ့ဘေးနားမှာ အမ်ဘုံလာထိုင်နေတာကိုတောင် သတိမထားမိပါ။ ညိုချောသည် အဲဒီသီချင်းဆုံးသည်အထိ ဆိုပြီးနောက်မှာ စိတ်ထဲမှာ နည်းနည်းပေါ့သွားသလို ခံစားရလေသည်။ ဖုန်းမဆက်တော့တဲ့ ချစ်သူကို လွမ်းနေရတဲ့သူဟာ လေပူတစ်ချက် မှုတ်ထုတ်ကာ မျက်နှာကို တစ်ဖက်လွှဲလှည့်ကြည့်လိုက်လျှင်တော့ သူ့ကို ငေးစိုက်ကြည့်နေသော အမ်ဘုံကို တွေ့ရလေသည်။

ဟင် ... သူ့ဘေးမှာ ဘယ်တုန်းက လာထိုင်နေတာပါလိမ့်။

"အမ်ဘုံ ... ဘယ်တုန်းက ရောက်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင် သီချင်းစဆိုတဲ့ အချိန်ကတည်းက ငါစာလုပ်နေရင်းနဲ့ အောက်ဆင်းလာတော့ နင့်သီချင်းကြားတာနဲ့ ထွက်လာခဲ့တာ"

"ဟုတ်လား ... ငါတောင် မသိလိုက်ဘူး"

သူနှင့် အမ်ဘုံကြားမှာ စကားသံတို့က ခေတ္တတိတ်ဆိတ်သွားခဲ့တော့သည်။ သူကလည်း သူ့ခံစားချက်ကြောင့် ဘယ်သူ့ကိုမှ စကားပြောချင်စိတ် မရှိတာကြောင့် ဘာမှမပြောဘဲနေနေတာဖြစ်သည်။

"စာမေးပွဲတောင် ဖြေရတော့မယ်နော် ညိုချော။ နင့်ရဲ့ခံစားချက်ကို ငါ နားလည်ပါတယ်။ ဒါပေမဲ့ နင် အဲဒီလောက်ထိတော့ မဖြစ်သင့်ဘူးလေ၊ စာကျက်စရာရှိတာကျက်ပေါ့"

"ငါ စာမေးပွဲတောင် ဖြေချင်စိတ်မရှိတော့ဘူးဟာ၊ မြို့သူ သိပ်ရက်စက်တာပဲ။ ငါ့ကို သူ တကယ်ဖြတ်ပစ်လိုက်ပြီဟာ၊ ငါ အရမ်းခံစားရတာပဲကွာ၊ သူ သိပ်ရက်စက်တယ်"

သူ့ရဲ့အသံက တိုးကာတိမ်ဝင်သွားလျှင် အမ်ဘုံက သူ့ပခုံးတစ်ဖက်ကို ခပ်ဖွဖွပုတ်ပေးကာ ...





"နင့်အချစ်တွေကို သူ တစ်နေ့ နားလည်လာမှာပါ ညိုချောရယ်၊ နင် အားတင်းထားပါနော်"

အမ်ဘုံရဲ့နှစ်သိမ့်မှုက သူ့ကိုအရာမထင်နိုင်ပါ။ ညိုချောသည် ပြောနေရင်းမှ မြို့သူကို အရမ်းလွမ်းဆွတ်လာစိတ်နှင့် ဂစ်တာပေါ် မျက်နှာမှောက်ချပစ်လိုက်သည်။ မင်းက ကိုယ့်ကို မျက်ရည်ကျရလောက်အောင် လွမ်းမိုးထားခဲ့တာ မြို့သူ။ သူ့လို လူကြမ်းတစ်ယောက်ရဲ့ ရင်ထဲကချစ်မေတ္တာဟာ အဲလောက်ကြီးမားတယ်ဆိုတာ မင်းကို သိစေချင်တယ်။

"လူညိုချော ... နင် အဲလိုကြီး ဖြစ်မနေစမ်းနဲ့ဟာ။ ငါ စိတ်တိုလာပြီ။ နင် အဲဒီပုံနဲ့ ငါ့ကို ဘယ်လိုစောင့်ရှောက်မှာလဲ၊ ငါ့ကို နင် ဂရုမစိုက်တော့ဘူးလား"

"အမ်ဘုံရယ် ... ငါက နင့်ရဲ့ဘော်ဒီဂတ်ဘဝကို အသားတကျနဲ့ နေတတ်ပေမယ့် မြို့သူက နားမလည်ဘူး၊ နင်နဲ့ ငါ့ရဲ့ရိုးသားတဲ့ သံယောဇဉ်တွေကို သူ မြင်ပေးတတ်ရင် သိပ်ကောင်းမှာပဲဟာ ...



www.burmeseclassic.com

www.burmeseclassic.com



ငါမျှော်လင့်တာက ငါက နင့်ကို စောင့်ရှောက်ရင်းနဲ့ သူ့ကို ငုံထားမတတ် ချစ်ချင်တာ ... အခုတော့”

သူက စကားထပ်မဆက်နိုင်တော့အောင် ဆွံ့အသွားချိန်မှာ အမ်ဘုံ့ဘက်ကလည်း ဘာသံမှ ဆက်ထွက်မလာတော့ပါ။ အရာခပ်သိမ်းသည် လွမ်းဆွေးဖွယ်အတိဖြစ်သည်။ ကောင်းကင်ကြီးကလည်း အလွမ်းတို့ဖြင့် အုံ့ဆိုင်းနေကာ ညက ပိုမှောင်မိုက်လေသည်။ လေပြည်တို့ကလည်း အလွမ်းရနံ့တွေကို သယ်ဆောင်လျက် နှင်းဆီပန်းတွေပေါ် ပက်ဖျန်းပေးသည်။

ထို့အတူ ရင်ချင်းကပ် ချစ်သူနှစ်ဦးကိုလည်း ကျော်ခိုင်းထားသည့် အနေအထားသို့ ရောက်သွားအောင် ကံကြမ္မာက အလွမ်းတို့ဖြင့် စည်းခြားထားခဲ့စေပါသည်။

✧ ❦ ✧





စာမေးပွဲက တဖြည်းဖြည်းနှင့် နီးကပ်လာပြီဖြစ်တာကြောင့် အမ်ဘုံတို့သုံးယောက်စလုံး စာကြည့်ခန်းထဲမှာပဲ အချိန်ကုန်တာများပါသည်။ အမ်ဘုံနှင့် ဆန္ဒက ပုံမှန်စာလုပ်ပေမယ့် စာဆိုအထူးကြိုးစားသောသူကတော့ ဒီအတောအတွင်းမှာ ဘာတစ်ခုမှ ဟုတ်တိပတ်တိ စာမလုပ်ပါ။ သူ့ဖုန်းကိုတကြည့်ကြည့်နှင့်ပဲ တစ်ချိန်လုံး တွေဝေငေးမောကာ ငေးငိုင်နေတတ်ပါသည်။ အခုလည်း စာအုပ်ကိုဘေးချ၍ တစ်ခုခုကို ငိုင်တွေးနေသောသူ့ကို အမ်ဘုံက ...

“ညိုချော ... နင် ဘာဖြစ်နေတာလဲ။ စာမေးပွဲက ဖင်နားကပ်နေပြီ၊ နင် စာမလုပ်တော့ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



အမ်ဘုံရဲ့ကရုဏာဒေါသောသံကို သူက ပခုံးတစ်ချက် တွန့်ပြရင်းက ...

"ငါ့အတွက်က မလိုပါဘူး၊ စာမေးပွဲလည်း ဖြေချင်စိတ်မရှိတော့ဘူး။ ငါ့အလုပ်က ဘော်ဒီဂတ်အလုပ်လေ၊ ဘော်ဒီဂတ်တာဝန်ကျေဖို့က ပိုအရေးကြီးတယ်။ နင်တို့သာ ကတိပေးထားတဲ့အတိုင်း စာမေးပွဲကို အဆင့်ကောင်းကောင်းနဲ့ အောင်အောင်လုပ်ကြ"

သူ့စကားကြောင့် ရင်နင့်ရတာကတော့ အမ်ဘုံပဲဖြစ်ပါသည်။ ဟင့်အင်း ... အမ်ဘုံကြောင့်တော့ ရှင် အဲလိုမဖြစ်ရဘူး။ ရှင့်ကို သိပ်ချစ်တာပါ ညိုချောရယ်။ အဲဒါနဲ့တင် ရှင်ကျေနပ်သင့်ပါတယ်။ အမ်ဘုံသည် စိတ်ထဲကသာ အဲဒီစကားတွေပြောလိုက်ပေမယ့် တကယ်တမ်းမှာ အဲဒီစကားက ထွက်မလာခဲ့ပါ။ သူ့ကို အမ်ဘုံ့အနေနဲ့ပဲ တားမြစ်ခဲ့ရပါသည်။

"ကောင်းပြီလေ ... နင် မဖြေဘူးဆို ငါတို့လည်းမဖြေတော့ဘူး။ ဘာစာမှ မလုပ်ရုံပဲ"





ပြောပြောဆိုဆိုပင် အမ်ဘုံက စာအုပ်တွေပိတ်သိမ်းပစ်လိုက်လျှင် သူက မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ...

"ဟား ... နင်တို့က အဲဒီလိုလုပ်လို့ မရဘူးလေ၊ ကလေးမဆန်စမ်းပါနဲ့ အမ်ဘုံရာ"

"ဘာလို့လုပ်လို့မရရမှာလဲ၊ စာမေးပွဲမဖြေတာ နင်မဖြေလို့လို့ ငါတို့က ပြောလိုက်မှာပဲ"

အမ်ဘုံရဲ့ဇွတ်တရွတ်စကားကြောင့် သူက စိတ်ပျက်သွားသလို ကျစ်ခနဲ စုပ်သတ်ကာ စိတ်လျှော့လိုက်ဟန်ဖြင့် ...

"ကောင်းပြီ ... ကောင်းပြီလေ၊ ငါ စာမေးပွဲဖြေပါ့မယ်၊ နင်တို့နဲ့အတူ စာလိုက်လုပ်ပါ့မယ်"

"စာလုပ်မယ့်လူရဲ့ပုံစံနဲ့တူအောင် နင့်မျက်နှာကို ပြင်လိုက်ဦး၊ ပြီးတော့မှ ငါတို့နဲ့ စာလာလုပ်"

အမ်ဘုံက အပြတ်ဆိုလိုက်လျှင် သူက ဟင်းခနဲသက်ပြင်းချကာ ထိုင်ရာမှထပြီး အပြင်ဘက်သို့ထွက်ကာ ခြံထဲဆင်းသွားလေတော့သည်။ ညိုချော ကြည့်ရတာ အမ်ဘုံ့ကိုအားနာလို့ အလိုလိုက်ပေးရသည့်သဘောဖြင့် စာလုပ်ပေးမယ့်ပုံပဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ စာမေးပွဲကို သူ မဖြေလို့တော့ မဖြစ်။ အမ်ဘုံကြောင့် သူ့ဘဝ မနစ်နာစေရပါဘူး။ သူသာ စာမေးပွဲမဖြေခဲ့ရင် အမ်ဘုံ ပိုခံစားရမှာ။

အမ်ဘုံသည် သူ့ကို တိတ်တိတ်လေး ခိုးငေးနေရင်းကမှ ရင်ဘတ်တစ်ခုလုံး လှပ်လှပ်, လှပ်လှပ်ဖြင့် အရမ်းဝမ်းနည်းလာကာ ရှိုက်ငိုနေမိသည်။

အမ်ဘုံရဲ့ ငိုညည်းနေမှုကို ဆန္ဒက သတိပေးသလို ပခုံးကို ခပ်ကြမ်းကြမ်းလှုပ်၍ ...

"ဟဲ့ ... အမ်ဘုံ သတ်ထားလေ"

အမ်ဘုံက ကြာရင် ကိုယ့်ခံစားချက်တွေ ပေါက်ကွဲထွက်တော့မလို့ စာကြည့်ခန်းထဲက ထထွက်လာကာ အခန်းထဲသို့ အပြေးသွားလိုက်လေသည်။ မဖြစ်တော့ဘူး ... အမ်ဘုံ သူ့ဆီ ဖုန်းဆက်မှ ဖြစ်တော့မယ်။ အမ်ဘုံလည်း ဒီ့ထက်ပိုပြီး မခံစားနိုင်တော့ဘူး။ အမ်ဘုံသည် အံဆွဲထဲကဖုန်းကိုထုတ်ကာ သူ့ဆီဆက်ဖို့ power ဖွင့်မည်အပြုမှာ ဆန္ဒက အမ်ဘုံ့လက်ထဲမှဖုန်းကို ဆတ်ခနဲ ဆွဲယူကာ ...





"အမ်ဘုံ ... နင် အဲဒါ ဘာလုပ်တာလဲ။ နင်ပဲ ဖုန်းမဆက်တော့ပါဘူးလို့ ကတိပေးထားပြီးသားလေ၊ နင်မဆက်ရဘူး"

"ငါမဆက်လို့ မဖြစ်တော့ဘူး ဆန္ဒ၊ သူ ဘယ်လိုဖြစ်နေတယ်ဆိုတာ နင့်အမြင်ပဲ၊ ငါ့ကြောင့် သူ့ဘဝကို ရေစုန်မျှောမသွားစေချင်ဘူး။ သူ စာမေးပွဲဖြေအောင် ငါပြောမှရတော့မယ်၊ ငါ့ကို ဖုန်းပေးဆက်ပါ ဆန္ဒရယ်။ ဒီတစ်ခါတည်းပါ"

အမ်ဘုံရဲ့တောင်းပန်စကားကြောင့် ဆန္ဒက တွေဝေသွားကာ အမ်ဘုံလက်ထဲသို့ ဖုန်းထည့်ပေးလိုက်လေသည်။

"ဒီတစ်ခါ နောက်ဆုံးပဲနော်၊ နင် ကတိတည်ပါ အမ်ဘုံ"

"စိတ်ချပါဟာ၊ ငါ ကတိပေးပါတယ်"

အမ်ဘုံက သူ့ဆီသို့ ဖုန်းလှမ်းခေါ်လိုက်လေသည်။ သူ့ရဲ့မြို့သူဘဝမှာ နေရတာလောက် ကြည်မွေ့ဖွယ်ကောင်းသော အချိန်မရှိပါချေ။ ဖြစ်နိုင်ရင် အမ်ဘုံဟာ တကယ်ပဲ မြို့သူဖြစ်ချင်လှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြို့သူ ... ကိုယ့်ဆီကို ဖုန်းဆက်တယ်နော်။ ကိုယ် ဝမ်းသာလိုက်တာကွာ"

သူ့ရဲ့တက်ကြွရွှင်မြူးလေသော အသံကို ကြားလိုက်ရလေသောအခါ အမ်ဘုံကလည်း စိတ်ချမ်းသာသွားရပါသည်။ သူက အမ်ဘုံ့အပြောကို မစောင့်နိုင်ဘဲ အရင်ရှင်းတမ်းဖွင့်လေသည်။

"အဲဒီနေ့က ကိုယ်က အမ်ဘုံ့ကို ..."

"တော်ပါပြီ ... ကျွန်မ အားလုံးနားလည်သွားပါပြီ။ အခုက စာမေးပွဲနီးနေပြီလေ၊ ရှင့်ကို နားလည်တယ်ဆိုတဲ့ အကြောင်းကို ဖုန်းလှမ်းဆက်လိုက်တာ"

"ဝမ်းသာလိုက်တာကွာ၊ စာမေးပွဲဆိုလို့ ကိုယ်တောင် စာမေးပွဲ မဖြေတော့ဘူး လုပ်နေတာ"

"ဟင် ... ဘာ့မဖြေရမှာလဲ။ ညိုချောနော် ... ရှင် ကျွန်မကို ချစ်တယ်ဆိုရင် စာမေးပွဲကို အဆင့်ကောင်းကောင်းနဲ့ အောင်,အောင်ဖြေရမယ်"





အမ်ဘုံက သူ့ကို အဲဒီလို အကြပ်ကိုင်လိုက်လျှင် သူက တိုးတိတ်သွားပြီးမှ ခပ်ဖျော့ဖျော့လေသံဖြင့် ...

"မြို့သူကကော ကိုယ့်ကိုချစ်လားဟင်၊ ပြီးတော့ စာမေးပွဲကိုကော တကယ်ဖြေစေချင်တာလား"

မေးဖို့လိုသေးလို့လား ညိုချောရယ်။ အမ်ဘုံသည် သူ့ကို မျှော်လင့်ချက်တွေ ရင့်သန်လာစေဖို့အတွက် ခေါင်းညိတ်ရင်းက ဖြေလိုက်မိပါသည်။

"မေးဖို့လိုသေးလို့လား ညိုချောရယ်။ ကျွန်မက ရှင့်ကို စချစ်ခဲ့ရတဲ့သူပါ၊ ချစ်လို့လည်း ရှင့်ဘဝကို ဒီ့ထက်ပိုပြီး မြင့်မားစေချင်ခဲ့တာပေါ့"

အမ်ဘုံရဲ့ အဲဒီစကားကြောင့် သူက ခြေထောက်နှင့် မြေကြီး မထိတော့သည့် ပျော်ရွှင်သံဖြင့် ဝူးခနဲ ထအော်ကာ ...

"ကိုယ် အရမ်းကျေနပ်တယ်ကွာ၊ စိတ်ချ မြို့သူ၊ ကိုယ် ဒီစာမေးပွဲကို အဆင့်ကောင်းကောင်းနဲ့ အောင်စေရမယ်... promise "



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... တကယ်နော်။ ဒါနဲ့ ညိုချော၊ ကျွန်မလည်း နောက်ရက်တွေ ရှင့်ဆီ ဖုန်းမဆက်တော့ဘူးနော်။ စာမေးပွဲပြီးမှ ပြန်ဆုံတာပေါ့၊ ကျွန်မကို ချစ်တယ်ဆိုရင် စာကိုသာ ကောင်းကောင်းလုပ်၊ ရှင် စိတ်ချမ်းသာစေရမယ်"

"ဟား ... စိတ်ချ မြို့သူ၊ ကိုယ် ကြိုးစားမယ်"

"ဒါပဲနော်"

အမ်ဘုံက ဖုန်းကိုပိတ်ပြီးသည်နှင့် အောက်ထပ်သို့ အသည်းအသန်ဆင်းကာ စာကြည့်ခန်းထဲ ပြန်ထိုင်၍ ဟန်မပျက် စာလုပ်နေရသည်။ ခဏအကြာတွင် သူက ပျော်ရွှင်မြူးတူးစွာ ခုန်ပေါက်လျက် စာကြည့်ခန်းထဲသို့ ဝင်လာကာ အမ်ဘုံ့အားမှာ ဝင်ထိုင်ရင်း စာကြည့်နေလေသည်။ အမ်ဘုံကတော့ သူ့ကို မသိချင်ယောင်သာ ဆောင်နေလိုက်တော့သည်။ ဆန္ဒက အမ်ဘုံတို့ အခြေအနေကို အကဲခတ်နေတာ ဖြစ်ပါသည်။

ညိုချောသည် စာဖတ်နေရင်းက အမ်ဘုံ့ကို ခပ်တိုးတိုးလေသံဖြင့် ဆန္ဒမကြားအောင် လှမ်းခေါ်ကာ ...





"ဟေ့ ... အမ်ဘုံ၊ ငါ့ကောင်မလေးဆီက ဖုန်းလာပြီ၊ သူက နားလည်တယ်တဲ့"

အမ်ဘုံသည် ဟန်ဆောင်ကာ အရမ်းအံ့သြသည့်ပုံစံဖြင့် မျက်လုံးပြူးပြကာ ...

"ဟယ် ... တကယ်ကြီးလား"

"တကယ်ပဲပေါ့ဟ ... ငါ့မှာ စာမေးပွဲဖြေဖို့ အင်အားအလုံအလောက် ရှိသွားပြီဟာ ... so nice "

သူက အဲဒီလိုပြောပြီး သူ့စာသူ ဆက်လုပ်လေတော့သည်။ အမ်ဘုံကသာ သူ့ကိုငေးကြည့်ရင်း ပီတိဖြစ်ရသလို အရမ်းလည်း ဝမ်းနည်းလေရသည်။ ရှင်က ကျွန်မရဲ့ဖုန်းကြောင့် အဲလောက်တောင် ပျော်ရွှင်နေရသတဲ့လား ညိုချောရယ်။

"မြို့သူက ငါ့ကို တကယ်ချစ်တာပဲ၊ အားပါး ... တွေးရင်းနဲ့တောင် ရင်တွေခုန်နေပြီဟာ"

အမ်ဘုံသည် သူ့ရဲ့ယောကျ်ားပီသသည့် စိမ်းညို့ညို့နှင့် လေးတောင့်ဆန်သော မျက်နှာကို ငေးနေရင်းက သူနှင်သာ တရားဝင် ပွင့်ပွင့်လင်းလင်း ချစ်သူတွေဖြစ်ရရင် ကောင်းမှာပဲလို့



www.burmeseclassic.com

www.burmeseclassic.com



တဲ့အဝေး ဝင်လာခဲ့ပါသည်။ မရှက်တမ်းဝန်ခံရမည်ဆိုလျှင် အမ်ဘုံက သူ့ကို ရူးသွပ်စွာကို ချစ်ရတာဖြစ်ပါသည်။

သူကတော့ စာမေးပွဲဖြေဖို့ အင်အားတွေ ရှိနေပေမယ့် အမ်ဘုံကတော့ စာမေးပွဲပြီးလျှင် အချိန်တန် အိမ်ပြန်ရတော့မည့် အချိန်အတွက် ကြိုတင်ရင်လေးမိနေပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့လိပ်မူ၍ ရေး ပေးပို့နိုင်ပါသည်။





## ၁၁

"ရှင် ... ဘယ်လို ဖေဖေ၊ သူ ပြန်လာတော့မယ်၊ အဲဒါကို သမီးက ဘာလို့သွားကြိုပေးရမှာလဲ"

အမ်ဘုံက ဒေါသသံတောင်စွက်၍ ဖေဖေ့ကို ပြန်ခံပြောသလို ပြောမိသွားလျှင် ဖေဖေက အမ်ဘုံ့ကို ထူးဆန်းနေသည့် အသံဖြင့် ...

"သမီး ... ဘယ်လိုပြောလိုက်တာလဲ၊ မောင်ကောင်းပြည့်က သမီးနဲ့လက်ထပ်ပေးမယ့်သူလေ။ ရန်ကုန်မှာရှိနေတဲ့ သမီးက သူ့ကိုသွားကိုကြိုပေးရမှာပေါ့၊ နောက်ပြီး သမီး ဖေဖေ့ကို ဒီလိုတစ်ခါမှ ပြန်မပြောဖူးဘူး၊ အဲဒါဘာသဘောလဲ သမီး"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကို ငဲ့တာကြောင့် အမ်ဘုံသည် ဘာမှဆက်မပြောတော့ဘဲ စိတ်လျှော့လိုက်ရတော့သည်။ ဒါပေမဲ့ သူပြန်လာတော့မယ်ဆိုတဲ့ သတင်းဟာ အမ်ဘုံ့ရင်ကို ပူလောင်စေပါသည်။

"စိတ်မဆိုးပါနဲ့ ဖေဖေရယ်၊ သမီးက ရုတ်တရက်ဆိုတော့ ပြောမိသွားတာပါ၊ သမီးကို ခွင့်လွှတ်ပါနော် ...

ကိုကောင်းပြည့်ကို သမီး သွားကြိုလိုက်ပါ့မယ်၊ ဖေဖေ စိတ်ချပါ"

"အေးပါ ... အေးပါ ... ဖေဖေ နားလည်ပါတယ်၊ သူ့ကို အိမ်မှာပဲ တည်းခိုင်းလိုက်ပါ။ သမီးတို့ စာမေးပွဲပြီးပြီဆိုရင် ပင်းတယကိုသာ တန်းလာခဲ့တော့ စာမေးပွဲက 28 ပြီးမှာမလား"

"ဟုတ် ... ဟုတ်တယ် ဖေဖေ"

"အေး ... ဟုတ်ပြီ သမီး။ ညိုချောကိုပါ ပင်းတယ ခေါ်လာခဲ့လိုက်၊ သမီးတို့သုံးယောက်ရယ် မောင်ကောင်းပြည့်ရယ် လာခဲ့ကြပေါ့"





ပင်းတယကို ညိုချောကိုပါ ခေါ်ခဲ့ပါတဲ့။ ဖေဖေရယ်... သမီးက ဘယ်လိုနှလုံးသားမျိုးနဲ့ သူ့ကိုခေါ်လာရက်မှာလဲ။ ဟိုရောက်တာနဲ့ စေ့စပ်ပွဲလုပ်ရတော့မယ့် အမ်ဘုံသည် ညိုချောကို ခေါ်မလာရက်ပါ။

"သမီး ... အမ်ဘုံ ဖေဖေပြောတာ ကြားရဲ့လား"

"ဟုတ် ... ကြားပါတယ် ဖေဖေ။ ဖေဖေပြောတဲ့အတိုင်း သမီး လုပ်မှာပါ၊ စာမေးပွဲပြီးတာနဲ့ ပင်းတယကို ပြန်လာခဲ့ပါ့မယ်"

အမ်ဘုံသည် ဖေဖေနှင့်ဖုန်းပြောပြီးသွားသည်နှင့် မီးပူ တိုက်နေသည့် ဆန္ဒဆီသို့ အပြေးသွားကာ ဆန္ဒကိုဖက်၍ ငိုကြွေးနေမိတော့သည်။ အမ်ဘုံရဲ့အထိတ်တလန့်ပုံစံကြောင့် ဆန္ဒက အမ်ဘုံ့ကို ခပ်တင်းတင်း ပြန်ဖက်ထားရင် ...

"အမ်ဘုံ ... အမ်ဘုံ ... နင် ဘာဖြစ်လာတာလဲ။ ငါ့ကို ပြောစမ်းပါဦး၊ မထိတ်သာ မလန့်သာဟယ်၊ ဘာဖြစ်လာလို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



အမ်ဘုံက ဆန္နရဲ့ကျောပြင်ကို ကျစ်ကျစ်ပါအောင် သိုင်းဖက်ထားရင်းက ...

"ကိုကောင်းပြည့် သန်ဘက်ခါ ပြန်ရောက်ပြီတဲ့၊ ငါတို့ စာမေးပွဲပြီးတာနဲ့ ပင်းတယကို အကုန်ပြန်ကြပြီး စေ့စပ်ကြမယ်၊ ဟင်း ... အဲဒါထက် ပိုဆိုးတာက ညိုချောကိုပါ ငါ့စေ့စပ်ပွဲ ခေါ်ခဲ့ရမယ်တဲ့ ဆန္နရယ်။ ငါ မခံစားနိုင်တော့ဘူး"

အမ်ဘုံက ကလေးတစ်ယောက်လို သည်းသည်းထန်ထန် ငိုကြွေးနေလျှင် ဆန္နက အမ်ဘုံရဲ့ကျောပြင်ကို ခပ်ဖွဖွပွတ်သပ်ပေးကာ နှစ်သိမ့်ပေးရင်း ...

"ငါ နင့်ကို နားလည်ပါတယ် အမ်ဘုံရယ်။ နင် မခံစားနိုင်ဘူးဆိုပေမယ့် ညိုချောကတော့ နင်တို့ကို ခံစားပေးနိုင်မှာပါ။ ဘာလို့လဲဆိုတော့ သူက နင့်ကို အမ်ဘုံလို့ပဲသိထားတာလေ"

"ဒါပေမဲ့ ငါ ကိုကောင်းပြည့်ကို လက်မထပ်နိုင်ဘူး။ ငါ သူ့ကိုမချစ်ဘူး ဆန္နရယ် ... ငါချစ်တာ ... ငါချစ်တာက ..."





အမ်ဘုံရဲ့အသံက တိမ်ဝင်ပျောက်ကွယ်သွားလျှင် ဆန္နက အလိုက်တသိပင် အမ်ဘုံကို နှစ်သိမ့်ပေးရှာပါသည်။

"အချစ်ကို ငါက မတွေ့ဖူးသေးလို့ ကိုယ်ချင်းမစာပြောတာတော့ မဟုတ်ပါဘူး အမ်ဘုံရယ်။ နင် ညိုချောကို သိပ်ချစ်တာ ငါသိပါတယ်၊ ဒါပေမဲ့ နင် ဖွတ်တရွတ်နဲ့ ကိုကောင်းပြည့်ကို cross လုပ်ပစ်လို့ မရဘူးဟ။ နင် ကိုကောင်းပြည့်ကိုတွေ့ပြီး စကားပြောကြည့်လိုက်ပါဦး။ ပြီးတော့မှ ငါတို့ တစ်မျိုးစဉ်းစားကြတာပေါ့ဟာ ...

နင့်ဘက်မှာ ငါရှိနေတယ်ဆိုတာ မမေ့ပါနဲ့ အမ်ဘုံရယ် ... နော်"

"ငါ့ကို နင် ကူညီပါနော် ... ဆန္န။ ငါ့မှာ နင်ပဲရှိလို့ပါဟယ်"

"အေးပါဟယ် ... ငါ့မှာလည်းခင်တွယ်စရာ နင်ပဲရှိပါတယ်"

ဟုတ်သော်ရှိ မဟုတ်သော်ရှိ အမ်ဘုံရဲ့စိတ်တွေဟာ ဆန္နရဲ့ကူညီမယ်ဆိုတဲ့စကားကြောင့် နည်းနည်းတော့ငြိမ်းချမ်းသွားပါသည်။ အဲဒီလိုနှင့် စစ်ကောင်းပြည့် ဆိုသောသူ ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသောအခါမှာ ဓာတ်လမ်းက စတော့တာပဲဖြစ်သည်။ စစ်ကောင်းပြည့် ဆိုသောသူဟာ ဓာတ်ပုံထဲမှာထက် အပြင်မှာက ပိုချောကာ ပိုနုသူဖြစ်ပါသည်။

သူ့ရဲ့ပုံစံက ညိုချောနှင့် ယှဉ်ရင်တော့ အကွာကြီးကွာတာဖြစ်ပါသည်။ လူတစ်ကိုယ် အကြိုက်တစ်မျိုးစီမို့ အမ်ဘုံကတော့ ထူးပြီးမပြောချင်တော့ပါ။ ရှမ်းတိုင်းရင်းသားဖြစ်တဲ့သူဟာ နဂိုအသားဖြူသူဖြစ်သည့်အပြင် L.A လိုနေရာမျိုးက ပြန်လာကာ အဲကွန်းခန်းထဲမှာပဲ နေရသူဖြစ်တာကြောင့် အသားအရေကတော့ ဖြူနုဥဖပ်ကာ အမ်ဘုံထက်တောင် အသားဏာပိုဖြူပြီး ပန်းသွေးရောင်သမ်းပါသည်။ အရပ်မြင့်မြင့် ရုပ်ဖြောင့်ဖြောင့်နှင့် သူက အနီးစပ်ဆုံး ဘယ်သူနဲ့တူသလဲလို့ မြင်သာအောင်ပြောရမည်ဆိုလျှင် ဟိန်းဝေယံနှင့် ဆင်သလို ရှိပါသည်။

သူက တခြားမိန်းကလေးအတွက် ဆိုရင်တော့ ဘာမှငြင်းကွက်မရှိပေမယ့် အမ်ဘုံအတွက်ကတော့ ငြင်းချင်စရာတွေချည်းပဲဖြစ်သည်။ အမ်ဘုံ့ရင်ထဲကို ညိုချောရောက်လာပြီးကတည်းက ဘယ်လိုမှ ဆေးမတိုးတော့ပါ။





အမ်ဘုံက သူ့ကိုစာမေးပွဲရှိတယ် အကြောင်းပြပြီး အေးဆေးကို စကားမပြောဖြစ်ပါ။

ညိုချောကတော့ အလိုက်သိလွန်းတာမို့ အမ်ဘုံ့အနားကပ်ကိုမကပ်တော့ပါ။ စိတ်ကိုညစ်ရပါသည်။ အမ်ဘုံက ဝရန်တာဘက်ထွက်ကာ ကောင်းကင်ကြီးကို ငေးကြည့်နေစဉ်မှာပဲ အမ်ဘုံ့နောက်နားမှ ညြှရှအသံကို ကြားရလေသည်။

“အမ်ဘုံမိုးမြတ် ... မင်းကို စကားပြောလို့ရပြီထင်တယ်”

အမ်ဘုံသည် ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်လိုက်ကာ သူ့ဘက်သို့ မျက်နှာလှည့်လိုက်ကာ ...

“ပြောစရာရှိလို့လား၊ အဲဒါဆိုရင်တော့ပြော ... ဘာလဲ”

“ဘာ ... ပြောစရာရှိလို့လား ... ဟုတ်လား။ မင်းကွာ ဒီ question က မေးစရာလား၊ မင်းနဲ့ ကိုယ်က အခုမှတွေ့ဖူးကြတာမှလား ...

နောက်ရက်ပိုင်းမှာ ကိုယ်စေ့စပ်ရမယ့်လူနဲ့ ဒီလိုအချိန်တွေမှာ ပြောစရာတွေဆိုတာ တစ်ပုံကြီးရှိတယ်ကွ”

“ပြောလေ”



www.burmeseclassic.com

www.burmeseclassic.com



သူက အမ်ဘုံ့ကို စိတ်တိုင်းမကျသလို ခေါင်းတစ်ချက် ယမ်းလိုက်ကာ အမ်ဘုံရဲ့ဘေးသို့ လျှောက်လာကာ ...

"အမ်ဘုံမိုးမြတ် ... ကျစ် ... အမ်ဘုံလို့ပဲ ခေါ်မယ်ကွာ။ မင်း ကိုယ့်ကို ဘာတွေတင်းနေတာလဲ"

"ဘာမှမဖြစ်ပါဘူး"

အမ်ဘုံက စကားနည်းရန်စဲ ပြောလိုက်တာဖြစ်ပေမယ့် သူက ခေါင်းတဆတ်ဆတ်ညိတ်ကာ သူ့ဘောင်းဘီအိတ်ကပ်ထဲက တစ်စုံတစ်ရာကို ထုတ်လိုက်ပြီး ...

"အမ်ဘုံ ... မင်း ကိုယ့်ကို ဘာမှမကျေနပ်တာမရှိဘူးဆိုရင် ကိုယ် ကျေနပ်တယ်၊ ကိုယ်က romantic ဆန်ဆန်တော့ မပြောတတ်ဘူးကွ၊ ကိုယ်က ဘွင်းဘွင်းသမားဆိုတော့ တစ်ခါတစ်ခါမှာ စကားပြောမောက်မာတဲ့ပုံစံပေါက်တတ်တယ်။ ကိုယ့်စကားတွေကြောင့် မင်းစိတ်ထဲမှာ တစ်ခုခုဖြစ်တယ်ဆိုရင် ကိုယ် အနူးအညွတ် တောင်းပန်ပါတယ်ကွာ ...

အမ်ဘုံ ..."





ဘုရား ... ဘုရား။ သူက ဘာကိုပြောချင်နေတာပါလိမ့်။ အမ်ဘုံက သူ့ကို မေးတစ်ချက်ဆတ်ပြလိုက်လျှင် သူက အမ်ဘုံ့မျက်ဝန်းတွေကို သေချာစူးစိုက်ကြည့်လိုက်ပြီး ကြည်လင်သြရှသော အသံဖျော့ဖျော့ဖြင့် ပြောလေသည်။

"အမ်ဘုံ ... မင်းကို ကိုယ်ချစ်တယ်။ အဲဒါ ပေါ့ပေါ့လေး ပြောတာ မဟုတ်ဘူးနော်။ ကိုယ် မင်းကို တကယ်ချစ်လို့ ပြောတာ၊ မင်း မကြာခင် စေ့စပ်တော့မယ်ဆိုပေမယ့် ကိုယ့်ဘက်က မင်းကိုဝန်မခံရသေးလို့ပါ ...

ဒါ ကိုယ့်ရဲ့စေ့စပ်လက်စွပ် မဟုတ်ဘူး၊ ကိုယ့်ရဲ့ ချစ်သက်လက်စွပ် လက်ခံပါနော်"

သူက အမ်ဘုံရဲ့လက်ကို ဆတ်ခနဲဆွဲယူကာ ပလက်တီနမ်နှင့်စိန်ရောထားသည့် ဆန်းသစ်လှပသော လက်စွပ်လေးကို အမ်ဘုံရဲ့ ဘယ်ဘက်လက်သူကြွယ်မှာ ဝတ်ဆင်ပေးပါသည်။ အမ်ဘုံက ကြောင်အမ်းအမ်း ဖြစ်နေလျှင် သူက ပြုံးပြုံးကာ ...

"နောက်တစ်ပတ်ကြာရင် အမ်ဘုံရဲ့ညာဘက်လက်သူကြွယ်မှာ နောက်ထပ်လက်စွပ်တစ်ကွင်း ကိုယ်ဝတ်ပေးမယ်၊ စေ့စပ်လက်ထပ်လက်စွပ်ပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို မင်း တစ်နေ့ချစ်လာမယ်လို့ ကိုယ်အတပ် ပြောရဲတယ်။ ကိုယ်က မင်းကို သစ္စာရှိရှိနဲ့ အမြဲချစ်မှာမို့လို့ မင်းဘက်ကလည်း ကိုယ့်ကိုသစ္စာရှိပေးပါ။ တဖြည်းဖြည်းချင်းတော့ ကြိုးစားပြီး ချစ်ပေါ့နော် ... ဟုတ်လား ...

အိုခေ ... ကိုယ့်ရင်ထဲက ခံစားချက်တွေကို မင်းကို ပြောပြပြီးသွားပြီ။ ကိုယ်သွားအိပ်တော့မယ်နော်။ မင်းလည်း အိပ်တော့လေ။ Good night အမ်ဘုံ”

သူက အမ်ဘုံရဲ့လက်လေးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ပြီးမှ လွှတ်လိုက်ကာ အမ်ဘုံ့ကို နွေးနွေးထွေးထွေး တစ်ချက်စိုက်ကြည့်ကာ ပြုံးပြပြီး ထွက်သွားလေသည်။ ဘုရားရေ ...။

အမ်ဘုံသည် ကိုယ့်ရဲ့ဘယ်ဘက်သူကြွယ်က ဆင်မြန်းထားသော စိန်လက်စွပ်လေးကို ငုံ့ကြည့်လိုက်ကာ သူပြောတာတွေကို ပြန်ကြားယောင်နေမိသည်။

အဲဒီအချိန်မှာ အမ်ဘုံ ရင်ခုန်ခဲ့လား။ ဟင့်အင်း ... ထူးခြားစွာပင် ရင်ခုန်သံတို့က ခါတိုင်းထက်ပင် ပိုငြိမ်ဆိတ်နေခဲ့သည်။ ညိုချောဆီက ချစ်တယ်လို့ ပြောသံကြားတိုင်း အမ်ဘုံဟာ ရင်တွေတလှပ်လှပ် ခုန်နေတာဖြစ်သည်။





ရင်ခုန်တာကို အချစ်လို့ အမ်ဘုံက သတ်မှတ်တယ်ပဲထားပါတော့။ ဘယ်ဘက်ကနေ စဉ်းစား စဉ်းစား အမ်ဘုံရဲ့နှလုံးသားဟာ ညိုချောဆီပဲ ယိမ်းယိုင်နေခဲ့တာဖြစ်သည်။ အမ်ဘုံ့ကို အမြဲလို တလေးတစား စကားပြော ဆက်ဆံတတ်သော၊ အမ်ဘုံရဲ့ဖေဖေ့ကိုဆို အရမ်းရိုသေလေးစားကာ ကျေးဇူးရှင်ဟု သတ်မှတ်ပါသော ညိုချောဟာ မြို့သူက သူသိပ်လေးစားရတဲ့ သူ့ဆရာကြီးရဲ့သမီး အမ်ဘုံ ဖြစ်တယ်ဆိုရင် သူက လက်ကမ်းကြိုဦးမှာလား။ ဟင့်အင်း ... အဲဒီလိုတော့ မလုပ်ပါနဲ့ ညိုချောရယ်။

ကျွန်မဘက်ကတော့ သေချာခဲ့ပြီ။ ရှင်သာ ကျွန်မ ဘယ်သူဖြစ်ဖြစ် ရှင်ချစ်တဲ့မြို့သူအဖြစ် လက်ခံပြီး ချစ်နေပေးပါ။

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



❦ စေ့စပ်လက်စွပ် လက်သူကြွယ်မှာ ဆင်မြန်းပေးထားရုံနဲ့

အချစ်ဆိုတာ နှလုံးသားဆီ မရောက်နိုင်ခဲ့ဘူး

မင်းရဲ့အကြင်နာတွေအောက်က ရုန်းမထွက်နိုင်တဲ့

မင်းရဲ့အချည်နှောင်ကို ခံချင်နေတဲ့

ကောင်မလေးပါကွယ်။

❦ ရာသီဥတုက ကိုယ့်ဘက်မပါတော့လည်း

ကိုယ်က ဖြစ်နေတဲ့ ရာသီကာလပေါ် မူတည်ပြီး

နေပေးပြန်တာကို သူက

မျက်နှာများတယ်ဆိုပြီး အပြစ်ပြောမှာလား။

အချစ်ပေါ်မှာလား။





❦ သူဖန်ဆင်းပေးတဲ့ ငွေရောင်ကောင်းကင်ပေါ်မှာ

ကိုယ့်ကို ကြော့ကြော့လေး နေစေတဲ့ ဆန္ဒကသာ

သူ့အတွက် ကမ္ဘာပါတဲ့။

ကိုယ်ကတော့ သံမဏိပန်းနှောင်ကြိုးတွေကြားက

ရုန်းထွက်ဖို့ ကြိုးစားနေတဲ့အကြောင်းကို

သူသိအောင် ဘယ်နတ်သမီးက ကူညီပြောပေးမှာလဲ။

❦ ကျူးပစ်ကယ်ပါ ...

ဖီးနပ်(စ်)ကူပါ ...

ကမ္ဘာအရပ်ရပ်က အချစ်နတ်ဘုရားတွေ မစပေးကြပါ။

❦ သူမသိတဲ့ သူ့ချစ်သူဟာ

သူနဲ့အမြဲတမ်းရှိနေတယ်ဆိုတာ

သူ သိမှသိပါလေစ။

❦ နံနက်ခင်းတွေက နေ့အလင်းကို ဆောင်ကြဉ်းပေးတယ်

ညခင်းတွေက မှိုင်းညို့ရီဝေမှုကိုပေးတယ်

သူ့အချစ်ရဲ့ကြီးမြတ်မှုတွေက

ကိုယ့်နှလုံးသားနှင့် နှိုင်းစာလျှင်



www.burmeseclassic.com

www.burmeseclassic.com



*ကိုယ်ဟာ စတော်ဘယ်ရီပင်အောက်တောင်*

*ရောက်သွားသလားပဲ။ ။*

P.S- စတော်ဘယ်ရီပင်အောက် ရောက်နေတဲ့ လူတစ်ယောက်ဆိုတာ အတီသဃဝတ္တိအလင်္ကာမြောက် ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

လက်လေးသစ်သာရှိတဲ့ စတော်ဘယ်ရီပင်အောက် ရောက်သွားတဲ့အတွက် နလုံးသားရဲ့နိမ့်ကျသေးသိမ်မှုကို အလွန်အမင်း နှိုင်းယှဉ်ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

✧ ❦ ✧





## ၁၂

စစ်ကောင်းပြည့်ရဲ့လုပ်ရပ်တွေဟာ တစ်နေ့ထက်တစ်နေ့ လွန်လာပြီဟု အမ်ဘုံ ထင်မိလေသည်။ ဒီတစ်ရက်နှစ်ရက်အတွင်းမှာပင် သူက အမ်ဘုံကို ပိုင်စိုးပိုင်နင်း ဆက်ဆံလာပါသည်။ သင်တန်းကို သူကိုယ်တိုင် လိုက်ပို့ပေးရတာနှင့် လာကြိုရတာနှင့်။ အဆိုးဆုံးကတော့ ညီချောကို သူက အဖက်မတန်သလို ဆက်ဆံတာပဲဖြစ်၏။ အမ်ဘုံက အဲဒီကိစ္စနှင့် ပတ်သက်ပြီး ဒေါ်သူပုန်တွေထနေလျှင် ဆန္ဒက သတိပေးရလေသည်။

"အမ်ဘုံရယ် ... နင် အဲလောက် ပေါက်ကွဲမနေပါနဲ့ဟာ။ ကိုကောင်းပြည့်က နည်းနည်းတော့ လွယ်တယ်ဟဲ့၊ ဒါပေမဲ့လည်း သူကလည်း သူ့ proud နဲ့ သူပေါ့ဟာ ...



www.burmeseclassic.com

www.burmeseclassic.com



ငါ့အနေနဲ့ နင့်ကို ကိုကောင်းပြည့်နဲ့ သဘောတူချင် သလိုလို မတူချင်သလိုလိုနဲ့ဟာ၊ ခွဲခြားလို့မရဘူး။ ဦးနှောက်နဲ့စဉ်းစားကြည့်ရင်တောင် သူ့ရဲ့ပြည့်စုံမှု၊ ရုပ်ရည်၊ ပညာဂုဏ် အားလုံးကြောင့် သူဟာ နင့်ရဲ့အိမ်ထောင်ဖက် ဖြစ်သင့်ပေမယ့် အဲဒီဂုဏ်တွေကြောင့် သူ့အတ္တတွေများလာမှာစိုးလို့ ငါ နင့်ကို လုံးလုံးသဘောမတူရဲဘူးဟာ"

"ငါ သူ့ကိုတော့ လုံးဝမချစ်ဘူးဟာ၊ ငါကတော့ သူ့ကိုပဲ ချစ်တယ်"

အမ်ဘုံဆိုလိုချင်တဲ့ သူ့ကို ဆန္ဒက နားလည်သဘောပေါက်စွာဖြင့် အသာပြုံးလိုက်ကာ ...

"ချစ်တာက ချစ်လို့ရပါတယ်။ ဒါပေမဲ့ သူနဲ့လက်တွဲဖို့ကတော့ လုံးဝမဖြစ်နိုင်ဘူး ထင်တယ်ဟာ"

"ငါ အရမ်းစိတ်ဆင်းရဲရပါတယ် ဆန္ဒရယ်။ ဒီနေ့ဆို စာမေးပွဲ ပြီးသွားပြီ၊ ငါ့ဖုန်းကိုမျှော်နေတဲ့သူရှိတယ်၊ ပြီးတော့ ငါပြန်လာမယ့်အချိန်ကို စောင့်နေကြတဲ့ ငါ့မိဘနဲ့ အဘိုးအဘွားတွေရှိတယ် ...





ငါ ဘာလုပ်ရမလဲ၊ စိတ်ညစ်တယ်ဟာ"

အမ်ဘုံက မှန်တင်ခုံပေါ် မှောက်အိပ်နေလိုက်လျှင် ဆန္ဒက အမ်ဘုံရဲ့ဆံပင်တွေကို ချစ်စနိုးဖြင့် ခွဲဖွလိုက်ရင်းက ...

"စိတ်တွေညစ်မနေနဲ့ ကောင်မလေး၊ နည်းတစ်ခုခုတော့ အဆင်ပြေမှာပါဟာ၊ ဟဲ့ ... ဟိုတစ်ယောက်ဆီလည်း ဖုန်းမဆက်နဲ့နော်၊ ငါရေချိုးလိုက်ဦးမယ်"

"အေးပါ ... သွား"

အမ်ဘုံက ဖိနဲ့ဖိနဲ့လုပ်ကာ ပြောလိုက်လျှင် ဆန္ဒက ယုံကြည်သွားဟန်ဖြင့် ရေချိုးခန်းထဲသို့ ဝင်သွားလေတော့သည်။ အမ်ဘုံကလည်း အဲဒီအခွင့်အရေးကို လုံးဝလက်လွတ်အဆုံးရှုံး မခံခဲ့ပါ။ ချက်ချင်း မှောက်အိပ်နေရာမှထကာ ငါးသိန်းဖုန်းကိုယူ၍ သူ့ဆီ ဆက်ရလေသည်။ ဖုန်းမြန်မြန်ကိုင်ပါတော့ ညိုချောရယ်။ ဒီတစ်ခါ နောက်ဆုံးအခွင့်အရေးပဲ၊ အမ်ဘုံ့မှာ သတ္တိအပြည့်ရှိတယ်။

အမ်ဘုံတို့က ဒီနေ့ညနေ ပြင်ဆင်စရာရှိတာ ပြင်ဆင်ပြီး မနက် မင်းတယကို ပြန်ကြရတော့မှာဖြစ်သည်။ အမ်ဘုံ



www.burmeseclassic.com

www.burmeseclassic.com



ပင်းတယပြန်သွားရင် အမ်ဘုံ မလုပ်ချင်တဲ့ စေ့စပ်ပွဲကြီးလုပ်ရတော့မှာ။ ညိုချောနှင့် ဘယ်နည်းနဲ့မှ ဝေးလို့မဖြစ်နိုင်ပါ။

"ဟယ်လို ... မြို့သူ"

အမ်ဘုံသည် သူ့ရဲ့အသံချိုချိုကြောင့် အားတက်ရွှင်မြူးသွားကာ ...

"စာမေးပွဲ ဖြေနိုင်ရဲ့လား ညိုချော"

"စာမေးပွဲကတော့ အေးဆေးပဲ မြို့သူရေ၊ ကိုယ် ကတိတည်တယ်နော်။ မြို့သူသာ ကိုယ့်ကို ကတိတည်တော့၊ ပြော... ဘယ်နေ့ပေးတွေ့မှာလဲ"

အမ်ဘုံက သူ့အမေးကြောင့် ခဏတော့ တွေဝေသွားတော့သည်။ သူက တွေ့ခွင့်တောင်းနေသည်။ အမ်ဘုံ ဘာလုပ်ရတော့မလဲ။ ဖြစ်နိုင်ရင်တော့ သူ့ရဲ့ရင်ခွင်ထဲမှာ တကယ်ပဲ ခိုနားချင်လှပြီ။ အဲဒီအတွက် အမ်ဘုံမှာ သတ္တိရယ် စွန့်စားရဲတဲ့ စိတ်ရယ် ရှိမှဖြစ်မည်။ အမ်ဘုံသည် ပြတ်သားမှ ဖြစ်တော့မည်။ အမ်ဘုံသာ မပြတ်သားဘူးဆိုရင် မနက်ဖြန်ကစပြီး အမ်ဘုံတို့ ဝေးသွားမှာဖြစ်သည်။





အမ်ဘုံသည် ဘက်ပေါင်းစုံက စဉ်းစားပေးခဲ့ပေမယ့်လည်း ကိုယ့်နှလုံးသားကို အထိနိုက်မခံလိုသည့်အတွက် အမ်ဘုံ စွန့်စားလိုက်ရသည်။

"ညိုချော ... ရှင် ကျွန်မကို တကယ်ချစ်တာပဲလား၊ ကျွန်မ ဘယ်သူဖြစ်ဖြစ် ဘာဖြစ်ဖြစ် တကယ်ချစ်နိုင်တာနော်"

"ဩော် ... မြို့သူရယ်၊ ဘယ်လိုမေးလိုက်တာလဲ။ ကိုယ့်ဘဝတစ်ခုလုံးနဲ့ လောင်းရဲတယ်၊ မြို့သူ ဘာပဲဖြစ်ဖြစ် ချစ်တယ်"

အိုခေ ... ဒီလောက်ဆို လုံလောက်ပြီ။ အမ်ဘုံသည် ဆန္ဒ ထွက်လာတော့မှာစိုးလို့ ဖုန်းပြောခြင်းကို အမြန်အပြီးသတ်ရလေသည်။

"ကျွန်မ ဘယ်သူဖြစ်ဖြစ်နော် ... ရှင် ကျွန်မကို ချစ်မှာမှလား"

"ယုံပါကွာ၊ ကိုယ် တကယ်ပြောတာ"

"အဲဒါဆို ရှင် ကျွန်မကို ခေါ်သွားဖို့ ဆန္ဒရှိလား၊ ဟိုးအဝေးကြီးထိပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ... မြို့သူ။ အဲဒါ တကယ်ပြောနေတာလား မြို့သူ"

"တကယ်ပါ ညိုချောရယ် ... ကျွန်မကို ရှင် အဝေးကြီး ဝေးတဲ့ နေရာတစ်နေရာကို ခေါ်သွားပေးပါ"

"ကောင်းပြီ ... မြို့သူ၊ ကိုယ် ဘယ်တော့လာခေါ်ရမှာလဲ"

အမ်ဘုံသည် သက်ပြင်းတစ်ချက်ချလိုက်ပြီးနောက် ဆုံးဖြတ်ချက်ကို ပြောပြလိုက်လေသည်။

"မနက်ဖြန်မနက် (၁၀)နာရီ၊ ဟိုတစ်ခါချိန်းတဲ့နေရာကိုပဲ လာခဲ့ပါ ညိုချော။ လုံးဝနောက်မကျနဲ့နော်"

အမ်ဘုံရဲ့ချိန်းဆိုမှုကြောင့် သူက နည်းနည်းအသံ တိတ်သွားပါသည်။ ညိုချောရေ ... ကျေးဇူးပြုပြီး မငြင်းလိုက်ပါနဲ့နော်။ ရှင့်အတွက် အမ်ဘုံကို ပင်းတယပြန်ပို့ဖို့ထက် မြို့သူကို ခေါ်သွားဖို့ အရေးကြီးတယ်ဆိုတာ သဘောပေါက်စမ်းပါ။

"ကောင်းပြီ မြို့သူ။ ကိုယ် ဆက်ဆက်လာခဲ့မယ်၊ မင်း ဒီတစ်ခါ မလာခဲ့ဘူးဆိုရင် ကိုယ့်ဘဝကြီးတစ်ခုလုံး သွားပြီနော်၊ မင်းမလာရင် ကိုယ်သေပစ်လိုက်မှာ"





"စိတ်ချပါ ညိုချောရယ်။ ကျွန်မ ဆက်ဆက်လာခဲ့မှာပါ"

အဲဒီအချိန်မှာ ဆန္ဒက အပြင်ထွက်လာတာကြောင့် အမ်ဘုံက အမြန်မြန်ဖုန်းပိတ်ရလေသည်။

"ညိုချော ... မနက်ဖြန်လာခဲ့နော်။ ကျွန်မ ဖုန်းပိတ်လိုက်ပြီ"

အမ်ဘုံက ခပ်မြန်မြန် ဖုန်းပိတ်လိုက်ကာ ဟန်မပျက် နေ,နေလိုက်သည်။ အဲဒီအချိန်မှာပဲ အမ်ဘုံအတွက် ကံဆိုးမှုက ဝင်လာလေသည်။

အဲဒါကတော့ အမ်ဘုံတို့ရဲ့အခန်းတံခါးကိုလာခေါက်သူ ရှိတာကြောင့် အမ်ဘုံက တံခါးသွားဖွင့်လိုက်လျှင်တော့ သူက ညိုချောဖြစ်လို့နေပါသည်။ အမ်ဘုံက လန့်ဖျပ်သွားကာ သူဘာများပြောမလဲဆိုပြီး ပြူးကြည့်နေမိသည်။

"အမ်ဘုံ ... မနက်ဖြန် ငါ နင်တို့နဲ့အတူ ပြန်မလိုက်တော့ဘူး။ ငါ့ကောင်မလေးနဲ့ ငါ ချိန်းထားလို့၊ ငါ သူနဲ့ပဲအတူ နေဖို့ ဆုံးဖြတ်လိုက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



အမ်ဘုံက သူ့စကားကြောင့် ခွေခေါက်လဲမတတ်ရင်တွေတုန်သွားရတော့သည်။ သွားပြီ ... အားလုံးပြီးသွားပြီ။ အမ်ဘုံတို့ကိစ္စကို ဆန္ဒ သိသွားပြီ။ ညိုချောက သူပြောချင်တာပြောပြီး ထွက်သွားပေမယ့် အမ်ဘုံကတော့ အဲဒီနေရာမှာ အတောင့်သား ရပ်နေမိသည်။ ဆန္ဒက အမ်ဘုံ့ပခုံးကို ခပ်ကြမ်းကြမ်းလှုပ်ကာ ...

"မိုက်လိုက်တာ အမ်ဘုံရယ် ... နင် အဲဒီလောက်မိုက်မဲလိမ့်မယ်လို့ ငါမထင်ခဲ့ဘူး။ နင် အဲဒီလိုလုပ်လို့ မရဘူးလေဟာ၊ နင့်မိဘတွေကို နင်မငဲ့တော့ဘူးလား"

"ငါမသိတော့ဘူး၊ ငါ့ကို နားလည်ပေးပါ ဆန္ဒရယ်။ ငါ သူနဲ့ အဝေးဆုံးမှာ မနေချင်ဘူး၊ အဲဒါကြောင့် သူနဲ့ထွက်ပြေးဖို့ ဆုံးဖြတ်လိုက်တာ၊ ငါ ညိုချောကို သိပ်ချစ်တယ်။ သူသာရှိနေရင် ငါ ဘာမဆိုရင်ဆိုင်ရဲပါပြီ၊ ငါ့ကို ညိုချောနဲ့သွားခွင့်ပြုပါနော် ... ဆန္ဒ ... နော်"

"အမ်ဘုံရယ်"





ဆန္ဒက အမ်ဘုံရဲ့ဆံပင်တွေကို ခပ်ဖွဖွကိုင်တွယ်ပွတ်သပ်ရင်းက မချိတင်ကဲ ရေရွတ်ကာ နောက်ဆုံးမှာတော့ ခေါင်းညိတ်ပေးလိုက်ရပါသည်။

"ငါ နင့်အချစ်ကို အသိမှတ်ပြုပေးလိုက်ပါပြီဟာ၊ နင် ညိုချောနဲ့ နေခဲ့ပါ။ ငါ ဒီကကိစ္စတွေ ရှင်းထားလိုက်မယ်"

အမ်ဘုံသည် ဆန္ဒကို ကျေးဇူးတင်လွန်းအားကြီးတာကြောင့် မျက်ရည်တွေပင် လည်လာကာ ဆန္ဒကို ခပ်တင်းတင်း ပွေ့ဖက်၍ ...

"ကျေးဇူးတင်ပါတယ် ဆန္ဒရယ် နင်က ငါ့အချစ်ဆုံးသူငယ်ချင်းပါပဲ"

အမ်ဘုံဟာ ဘာကိုမှ ဂရုမစိုက်တော့ဘဲ သူနှင့်နှစ်ယောက်တည်း ကမ္ဘာတည်ဖို့ ခွန်အားတွေအပြည့် ဖြစ်နေခဲ့ပါသည်။ အမ်ဘုံ တစ်ခုမေ့နေခဲ့သည်က နံရံတိုင်းမှာ နားရှိတယ်ဆိုတာပဲဖြစ်သည်။

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



ညိုချောက အိမ်ကနေ အထုပ်အပိုးဖြင့် တက်ကြွရွှင်လန်းစွာ ထွက်သွားလေတော့သည်။ သူ ထွက်သွားလေတဲ့အခါမှာ အမ်ဘုံဟာ တစ်ယောက်တည်း ယောက်ယက်ခတ်ကာ လူမသိ သူမသိအောင် တိုးတိုးတိတ်တိတ် အိမ်ကလစ်ထွက်ဖို့ အစီအစဉ်ချနေစဉ်မှာပဲ ကိုကောင်းပြည့်က အမ်ဘုံတို့အခန်းထဲသို့ ဝင်လာကာ ...

“အမ်ဘုံ စကားပြောချင်တယ်။ ခင်ဆန္ဒလည်း နားထောင်ပေးပါ”

သူ့ရဲ့စကားအဆန်းကြောင့် အမ်ဘုံတို့က မျက်နှာတစ်ချက် မော့ကြည့်လေလျှင် သူက တည်တင်းသောမျက်နှာဖြင့် အမ်ဘုံကို စကားစလေသည်။





“မင်းတို့လုံးဝဦးနှောက်မရှိဘူး အမ်ဘုံ။ မင်းကို ငါ သစ္စာရှိပါလို့ ဒီလောက်ပြောထားရက်နဲ့ကွာ၊ အေး ... ငါဆိုတဲ့ကောင်ကလည်း ကိုယ်ပိုင်ဆိုင်ရမယ့် အရာကို သူများလာလုပြီဆိုရင် ဒီတိုင်း အသာတကြည် မပေးဘူးကွ ...

ငါမပိုင်ရမယ့်အတူတူ အဲဒီပစ္စည်းကို ငါကိုယ်တိုင် ဖျက်ဆီးတတ်တယ်ကွ၊ မင်း မှတ်ထား”

အဲဒါ သူဘာကိုဆိုလိုတာလဲ။ အမ်ဘုံသည် သူ့စကားတွေထဲက တစ်စွန်းတစ်စ ရိပ်မိကာ ရင်တွေတလှပ်လှပ်တုန်လာလျက် ဘာမှမပြောနိုင်ဘဲနေလျှင် ဆန္ဒက ဆတ်ခနဲထကာ အသံမာမာဖြင့် ဝင်ပြောလေသည်။

“ဒီမှာ ကိုကောင်းပြည့်၊ ရှင် ဘာတွေလာပြောနေတာလဲ။ အဓိပ္ပာယ်မရှိတဲ့ စကားတွေနဲ့ ကျွန်မတို့ကို လာအနှောင့်အယှက်မပေးပါနဲ့”

“မင်းက သူငယ်ချင်းကောင်း လုံးဝမဟုတ်ဘူး ခင်ဆန္ဒ ... ကိုယ့်သူငယ်ချင်းကို ချောက်ထဲထိုးချတဲ့မိန်းမ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ... အမ်ဘုံ၊ မင်း ပင်းတယကိုပြန်ဖို့ မလိုတော့ဘူး၊ မင်းအဖေနဲ့အမေ ဒီနေ့ နေ့လယ် ရန်ကုန်ရောက်ပြီ။ မင်းနဲ့ ညိုချောကိစ္စကို ငါ ပြောပြလိုက်လို့ သူတို့တွေ ရန်ကုန် ချက်ချင်းဆင်းလာပြီ”

“ဘာ”

အမ်ဘုံက အံ့သြလန့်ဖျပ်ကာ မျက်ရည်တွေတောင် ဝဲလာရပါသည်။ ဖေဖေနှင့်မေမေ ရန်ကုန်လာကြပြီတဲ့။ အမ်ဘုံ ဘာလုပ်ရမလဲ။

အမ်ဘုံသည် နှလုံးသားတစ်ခုလုံး မီးမြှိုက်ထားသည့်နှယ် ပူလောင်လို့နေပါသည်။ ကိုကောင်းပြည့်က အမ်ဘုံတို့ကိစ္စကို ဘယ်လိုသိသွားတာလဲ။ ဘာ့ပဲဖြစ်ဖြစ် အမ်ဘုံ ရဲရင့်မှဖြစ်တော့မည်။ အမ်ဘုံသည် ပါးပျဉ်းထောင်ထနေသည့် မြွေတစ်ကောင်နှယ် ခေါင်းကို ဆတ်ခနဲ မော့လိုက်ကာ ...

“ကိုကောင်းပြည့် ... ရှင် ယုတ်မာလှချည်လား။ ဒီမယ် ရှင် မှတ်ထားဖို့တစ်ခုက ကျွန်မဟာ ဘယ်တော့မှ ရှင်နဲ့





လက်ထပ်မှာ မဟုတ်ဘူး ဆိုတာပဲ။ အခုလို ရှင့်ရဲ့စိတ်ဓာတ်ကို သိလိုက်ရတဲ့အတွက် ကျွန်မရဲ့ဆုံးဖြတ်ချက်တွေ ပိုသေချာသွားပြီ”

“ဟား ဟား ... မင်းလိုမိန်းမမျိုးကို ငါကလည်း အောက်ကျနောက်ကျခံပြီး လက်ထပ်မယ်များ ထင်နေသလား။ မင်းကို ချစ်တယ်ဆိုပေမယ့် အခု မင်းရဲ့သစ္စာမရှိတဲ့ စိတ်ဓာတ်ကြောင့် ငါကလည်း မင်းကို သေတောင်လက်မထပ်ဘူးဆိုတာ မင်း မှတ်ထားလိုက်”

သူကလည်း သူ့ပေါက်ကွဲမှုနှင့်သူ အမ်ဘုံကို စွတ်ကောနေလျှင် အမ်ဘုံက မျက်နှာကိုမဲ့လိုက်ပြီး ...

“အေးလေ ... အဲဒါဆို နင်နဲ့ငါ ဇာတ်လမ်းက ပြီးသွားပြီနော် စစ်ကောင်းပြည့်။ ငါကလည်း ငါ့ choice နဲ့ ငါ၊ ငါချစ်တဲ့ ညိုချောကိုပဲ လက်ထပ်မှာ၊ ငါအခုသွားမယ့်ကိစ္စမှာ နင့်မှာ ဘာမှဝင်စွက်ဖက်ခွင့် မရှိဘူး၊ ရော့ ... နင့်လက်စွပ်”



www.burmeseclassic.com

www.burmeseclassic.com



အမ်ဘုံက သူ့ဝတ်ပေးထားသည့် လက်စွပ်ကို ဆွဲချွတ်ကာ သူ့ကိုပေးလိုက်ပြီးနောက် အမ်ဘုံရဲ့ခရီးဆောင်လက်ဂေ့ချ်နှင့် လွယ်အိတ်ကိုယူကာ ညိုချောဆီ သွားတော့မည်အပြုမှာ အမ်ဘုံရဲ့လက်ကောက်ဝတ်ကို သူက နာကျင်အောင် ဖိကိုင်ဆုပ်ထားရင်းက ခက်ထန်သော မျက်နှာထားဖြင့် အမ်ဘုံ့ကို စူးစိုက်ကြည့်ကာ ...

"အဲဒီလိုမျိုး လွယ်လွယ်ကူကူနဲ့ ငါ့ကို ဖြတ်ချခဲ့လို့ရမယ်များ ထင်နေသလား အမ်ဘုံမိုးမြတ်။ မင်းညိုချောနဲ့ဘယ်တော့မှ မပေါင်းရဘူးမှတ်"

"ဟဲ့ ... လွှတ်စမ်း၊ ငါ့လက်ကို"

"နင် အဲဒါ ဘာလုပ်တာလဲ၊ စစ်ကောင်းပြည့် ... လွှတ်စမ်း"

ဆန္ဒက သူ့ကိုထအော်လေလျှင် သူက တဟားဟားအော်ရယ်လျက် အမ်ဘုံကို ခုနကထက် ခပ်တင်းတင်းပိုဆုပ်ကိုင်ထားကာ ...





"မင်းကို လုံးဝအလွှတ်မပေးတော့ဘူး အမ်ဘုံ။ မင်း ဒီနေ့ဘယ်မှမသွားရဘူး"

သူက အမ်ဘုံကို ဆောင့်တွန်းကာ အခန်းထဲကထွက်ပြီးနောက် အမ်ဘုံတို့အခန်းတံခါးကို အပြင်ကနေ သော့ခတ်ပစ်လိုက်သည်။

အမ်ဘုံသည် ဒေါသတွေထွက်လွန်း၍ အသားတွေတောင် တဆတ်ဆတ်တုန်ကာ တံခါးကို တဒုန်းဒုန်းဆောင့်ထုကာ အသားကုန် ထအော်လေတော့သည်။

"စစ်ကောင်းပြည့် ... ငါတို့ကို တံခါးဖွင့်ပေးစမ်း။ ဦးချစ်ကြီးစိန် ... အမ်ဘုံ့ကို ကူညီပါဦး၊ တံခါးဖွင့်ပေးပါ"

"ဟေ့ ... အော်မနေနဲ့။ မင်းမိဘတွေလာမှ ငါ တံခါးဖွင့်ပေးမှာ၊ အဲဒါ မင်းအဖေရဲ့အမိန့်ပဲ"

အမ်ဘုံက ဒေါသတွေ တရှူးရှူးတရှဲရှဲ ထွက်ကာ တံခါးကို အသားကုန် ဆောင့်ထုနေလေသည်။ အခြေအနေကို ရိပ်စားမိသော ဆန္ဒက အမ်ဘုံကို ဆွဲခေါ်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"နင် စိတ်ထင်တိုင်း မကြံနဲ့ အမ်ဘုံ၊ အဲဒါဆို အားလုံး ရှုပ်ကုန်လိမ့်မယ်။ ငါ ဘေးအခန်းကနေထွက်ပြီး အောက်ဆင်းမယ်။ နင်နေခဲ့"

အမ်ဘုံသည် ဆန္ဒရဲ့လက်တွေကို ခပ်တင်းတင်ဆုပ်ကိုင်ကာ ...

"ဟုတ်သားပဲ၊ ငါတို့အခန်းက ဘေးအခန်းနဲ့ ဆက်နေတာပဲဟာ၊ ငါ့ကိုကူညီပါ ဆန္ဒ၊ အချိန်သိပ်မရှိတော့ဘူး။ ငါ ဒီမှာ ဖေဖေနဲ့မေမေကို ရင်ဆိုင်ရဦးမယ် ...

နင် ဘေးအခန်းကထွက်ပြီး အောက်ဆင်းရင် စစ်ကောင်းပြည့်နဲ့ မတွေ့အောင်ရှောင်၊ ပြီးတော့ ငါနဲ့ညိုချောချိန်းထားတဲ့နေရာကို သွားပေးပါ။ မြို့သူက ငါဆိုတဲ့အကြောင်း သူသိအောင် သူနားလည်အောင် နင်သွားပြောပေးပါ ...

ပြီးတော့ ငါ့ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ လာခေါ်ပါလို့ သေချာပြောပေးပါနော် ဆန္ဒ၊ ငါ့ကို ကူညီပါ"





အမ်ဘုံသည် နောက်ဆုံးအခွင့်အရေးအဖြစ် ညိုချောရဲ့ရွေးချယ်မှုကိုပဲ စောင့်ရတော့မှာမို့ ဆန္ဒကို အခက်အခဲတွေကြားထဲက ညိုချောဆီ လွှတ်ရလေသည်။

"စိတ်ချ အမ်ဘုံ၊ ငါ ရအောင်သွားပြီး ပြောပေးမယ်။ ငါ သွားပြီနော် ... နင် အဆင်ပြေအောင်နေခဲ့"

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

ဆန္ဒသည် ချစ်သူငယ်ချင်း အမ်ဘုံအတွက် အရဲစွန့်ပြီး ထွက်လာခဲ့တာဖြစ်သည်။ အမ်ဘုံနှင့် ညိုချော ချိန်းထားတဲ့နေရာကို ဆန္ဒရောက်သောအချိန်မှာ ချိန်းထားတာထက် တစ်နာရီလောက်နောက်ကျနေတာဖြစ်သည်။ အမ်ဘုံနှင့် ချိန်းထားတဲ့နေရာကို ဆန္ဒက အပြေးအလွှားရောက်တဲ့အချိန်မှာ ညိုချောကို အဲဒီနေရာမှာ မတွေ့တော့ပါ။ အမ်ဘုံ ပြောပြတဲ့စကားကို ပြန်ကြားယောင်ကာ ဆန္ဒက ပူထူသွားလေတော့သည်။ သူ သူ့ကိုယ်သူ တစ်ခုခုများ ...။





ဆန္ဒသည် ဗျာယာခတ်သွားကာ သူ့ကိုပတ်ချာလည်လိုက်ရှာနေလျှင်တော့ ရေထဲဆင်းနေသည့် ညိုချောကို တွေ့လိုက်လေသည်။

"ညိုချော ... အဲလိုမလုပ်ပါနဲ့၊ ကျွန်မ ရောက်လာပြီလေ"

ဆန္ဒက အာခေါင်ခြစ် အော်ပြောလိုက်လျှင် သူက ဆန္ဒအသံကြောင့် လှည့်ကြည့်ကာ မယုံနိုင်လောက်သည့် မျက်ဝန်းတွေဖြင့် ငေးကြည့်ကာ ရေထဲကနေ ပြန်တက်လာ၍ ဆန္ဒဆီ အပြေးလာကာ ဆန္ဒကို ဖြုန်းဆို သိုင်းဖက်ကာ ...

"ကိုယ် အမြဲတမ်း ရှာနေခဲ့တဲ့ မြို့သူဆိုတာ ဆန္ဒပေါ့နော်၊ ဆန္ဒရယ် ... ကိုယ် ဝမ်းသာလိုက်တာကွာ"

ဆန္ဒသည် သူ့ရင်ခွင်ကျယ်ကြီးထဲမှာ မြုပ်နေအောင် အဖက်ခံထားရသည့်အတွက် လုံးဝမလှုပ်သာ မလွန့်သာဖြစ်နေရတာဖြစ်သည်။ သူ့ရင်ခွင်ထဲ ရောက်နေသည့်အချိန်မှာ ဆန္ဒအနေဖြင့် အမ်ဘုံကိုလည်း မသိတော့၊ ဆန္ဒဆိုတာကိုလည်း သတိမရတော့ဘဲ သူ့ချစ်သူ မြို့သူအဖြစ်ပဲ ကိုယ့်ကိုယ်ကိုယ် မှတ်ထင်မိသွားတော့သည်။



www.burmeseclassic.com

ဆန္ဒ ဘာလုပ်ရမလဲ။ ဘယ်တုန်းကမှ အချစ်ဆိုတာကို အယုံအကြည်မရှိသော၊ မလိုလားသောဆန္ဒဟာ အခုမှ ဘာဖြစ်သွားရတာတုန်း။ ညိုချောကို ဘယ်တုန်းကမှ ကြည့်မရခဲ့သောဆန္ဒဟာ ဘာလို့ အခုကျမှ သူ့ရဲ့မြို့သူ ဖြစ်နေရတာလဲ။ အဲဒါဟာ လူ့ကျင့်ဝတ်ကို ဖောက်ဖျက်တာပဲ။

ဘာလုပ်ရမလဲ ... အမ်ဘုံ့ကို ဆန္ဒ သစ္စာဖောက်ရတော့မှာလား။ အခုချိန်မှာ အရာအားလုံးက ဆန္ဒလက်ထဲမှာရှိသည်။ သူ့ရဲ့မြို့သူဖြစ်ခြင်း မဖြစ်ခြင်းဟာ ဆန္ဒနှင့်ပဲ သက်ဆိုင်ပါသည်။ ဆန္ဒသည် စိတ်ထဲမှာ ချာချာလည်နေရင်းက သူ့ရဲ့ချစ်သူ မြို့သူဖြစ်လိုက်၊ အမ်ဘုံ့သူငယ်ချင်း ခင်ဆန္ဒဖြစ်လိုက်ရင်းနှင့် အူလည်ချာလည် လိုက်နေခဲ့ပါသည်။

ဟင့်အင်း ... အဲဒီလို မဖြစ်သင့်ဘူး။

ဘယ်ရှုထောင့်ကကြည့်ကြည့် ဆန္ဒရဲ့လုပ်ရပ်ဟာ အရမ်းအောက်တန်းကျလှပါသည်။ အမ်ဘုံ့ကို တစ်သက်လုံးအနစ်နာခံခဲ့သမျှ ဆန္ဒရဲ့လုပ်ကွက် ဒီတစ်ကွက်တည်းနှင့် အားလုံးသွား





ပြီဖြစ်သည်။ မဖြစ်ရဘူး ... ဆန္ဒ သူ့ကို ဘယ်လောက်ပဲချစ်ချစ် ညိုချောဟာ အမ်ဘုံ့ချစ်သူ ဖြစ်သည်။

ဆန္ဒသည် စိတ်ရိုင်းတို့ကို မောင်းထုတ်လိုက်ရင်းက သူ့ရင်ခွင်ထဲကနေ ဆောင့်တွန်းကာ ရုန်းထွက်လိုက်ရင်း ...

"မဟုတ်ဘူး ... ညိုချော။ ရှင်မှားနေပြီ၊ ကျွန်မက ဆန္ဒပါ၊ ရှင့်ရဲ့မြို့သူအစစ်က အမ်ဘုံပါ"

"ဗျာ ... မြို့သူက အမ်ဘုံ"

ညိုချောက အရမ်းကို အံ့အားသင့်သွားဟန်ဖြင့် ဆန္ဒကို မျက်လုံးအပြူးသားဖြင့်ကြည့်ကာ ဘာပြောရမှန်းမသိဖြစ်နေစဉ်မှာပဲ ဆန္ဒက သူ့ရဲ့ဖြောင့်မတ်တည်ကြည်သော မျက်နှာကိုငေးကြည့်လိုက်ပြီးမှ ...

"ဟုတ်တယ် ညိုချော။ ရှင် တစ်ချိန်လုံး ရှာနေခဲ့တဲ့ မြို့သူဆိုတာ အမ်ဘုံပါပဲ။ အမ်ဘုံရဲ့အခြေအနေကို ရှင်လည်းသိနေတာပဲ။ သူ့ခမျာ ရှင့်ကို အရမ်းစွဲလမ်းနေတာပါ။ အခုလည်း ရှင်နဲ့ချိန်းထားတဲ့နေရာကို လာဖို့လုပ်ထားရင်း

www.burmeseclassic.com



က ကိုကောင်းပြည့်က ရှင်တို့အကြောင်းကို သိသွားရင်းက ဆရာကြီးတို့ကို ဖုန်းလှမ်းဆက်ပြီး ပြောလိုက်တော့ သူတို့အခု ရန်ကုန်ကိုရောက်လာကြပြီ၊ အားလုံးကို ရှင်းလင်းရတော့မှာမို့ သူ နေခဲ့တယ် ...

အမ်ဘုံက ရှင့်ကို မှာလိုက်တယ်၊ သူ့ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ လာခေါ်ပါတဲ့။ ဘယ်လိုလဲ ... ညိုချော။ ရှင် အမ်ဘုံ့ကို ချစ်နိုင်ရဲ့လား"

"ဘာလို့ မချစ်နိုင်ရမှာလဲ၊ ငါ တကယ်ပြောတာ ဆန္ဒ၊ ငါ့ စိတ်ထဲမှာလေ ဟိုးအရင်ကတည်းက တစ်ခါ တစ်ခါတွေးဖူးတာရှိတယ်၊ ငါချစ်တဲ့မြို့သူဟာ အမ်ဘုံဖြစ်ရင် သိပ်ကောင်းမှာပဲလို့လေ ...

ဒါပေမဲ့ ငါချစ်တဲ့မြို့သူက တကယ် အမ်ဘုံဖြစ်နေခဲ့ပြီ။ အမ်ဘုံက ငါ့ဆရာကြီးရဲ့သမီး၊ ပြီးတော့ ကိုကောင်းပြည့်နဲ့ လက်ထပ်တော့မယ့်သူ။ အရာအားလုံးနောက်ကျကုန်ပါပြီဟာ"





ညိုချောရဲ့လက်လျှော့စကားကြောင့် ဆန္ဒသည် သူ့ကို အားပေးရလေသည်။

"နင် ဘာတွေ တွေဝေနေတာလဲ ညိုချောရယ်။ ချစ်ရင် သတ္တိရှိမှပေါ့၊ အမ်ဘုံ့ကို နင် ဘော်ဒီဂတ်အဖြစ် စောင့်ရှောက်ပေးခဲ့တယ်ဆိုပြီး နင်က သိမ်ငယ်နေတာလား ...

အချစ်မှာ အဲဒါတွေ မလိုအပ်ဘူး ညိုချော။ နင်ချစ်တဲ့ အမ်ဘုံဟာ ဘာပဲဖြစ်နေပါစေ နင့် တကယ်ချစ်တယ်ဆို သူ့ကို အရယူနိုင်ရမယ်"

ဆန္ဒစကားတွေကြောင့် ညိုချောသည် ဘာလုပ်ရမှန်းမသိစွာ တွေဝေကာ စဉ်းစားနေပုံရပါသည်။ ဆန္ဒကတော့ သူ့မျက်နှာကို ဘေးတိုက်အနေအထားကနေကြည့်ကာ ငေးရုံလေးပဲ ငေးနေမိပါသည်။ ဆန္ဒ ရှင့်ကို အမ်ဘုံနဲ့ သဘောတူလိုက်ပါပြီ ညိုချောရယ်။

ခဏအကြာတွင် သူက ထိုင်နေရာမှ ဆတ်ခနဲထရပ်ကာ ဆန္ဒမျက်နှာကို တစ်ချက်ကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဆုံးဖြတ်လိုက်ပြီ ဆန္ဒ၊ ဘာတွေ ဘယ်လောက်ပဲခက်ခဲနေပါစေ။ ငါ အမ်ဘုံကို အဆုံးရှုံးမခံတော့ဘူး၊ သွားမယ်"

ညိုချောသည် ဆန္ဒနှင့်အတူ အိမ်ကိုတစ်ခေါက်ပြန်လာတော့သည်။ နင်ပျော်တော့ အမ်ဘုံရေ။ ဘဝမှာ လိုတိုင်းတ၊ တ,တိုင်းရတဲ့ ငါ့သူငယ်ချင်း အမ်ဘုံ့အတွက် ငါချစ်တဲ့ ညိုချောကို နင့်လက်ထဲ အရောက်ပို့ပေးပါတယ် အမ်ဘုံ။

✧ ❦ ✧





"ဟင် ... ညိုချော"

အမ်ဘုံရဲ့ခေါ်သံကြောင့် ညိုချောသည် အားတက်သွားရပါသည်။ စိတ်ချ မြို့သူ ... ကိုယ် မင်းကို ရအောင်ခေါ်ပါ့မယ်။ ဆရာကြီးက သူ့ကို သူစိမ်းဆန်ဆန်ကြည့်ကာ ...

"ညိုချော ... မင်းကို ယုံကြည်လို့ ငါစိတ်ချခဲ့မိတာ မှားသွားပြီ"

ညိုချောသည် ဆရာကြီးရဲ့ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်ပြီးနောက် ဆရာကြီးကို တောင်းပန်လိုက်ပါသည်။

"ကျွန်တော် တောင်းပန်ပါတယ် ဆရာကြီး၊ ဒါပေမဲ့ အမ်ဘုံနဲ့ ကျွန်တော့်ကို သဘောတူပေးပါ။ မဖြစ်နိုင်ဘူးဆိုတာ သိပါတယ် ဆရာကြီး။ ကျွန်တော် အမ်ဘုံ့ကို တစ်သက်လုံး စောင့်ရှောက်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"စောင့်ရှောက်မယ် ... အဲဒီစကားလုံးနဲ့ ငါက သဘောတူရမှာလား"

"ဖေဖေ ... သမီးတို့ချစ်ခြင်းကို မခွဲပါနဲ့နော်"

အမ်ဘုံက ဆတ်ခနဲ သူ့ဘေးသို့ဝင်ထိုင်ကာ သူ့လက်တွေကို ခိုင်ခိုင်မြဲမြဲ တွဲထားလိုက်တော့သည်။ ဒီတစ်ခါ ဘယ်တော့မှ မခွဲတော့ဘူး ညိုချော။

"သမီး ... အမေ့ရင်ကို ခွဲတော့မလို့လား။ သမီးရယ် ... နင့်ကို ပညာတွေသင်ပေးထားတာ ဒီလိုဘာမဟုတ်တဲ့ ကောင်ကို ကြိုက်ဖို့ ချစ်ဖို့ မဟုတ်ဘူး အမိုက်မရဲ့"

မေမေက အမ်ဘုံကို ရိုက်မတတ် အော်ဟစ်ပြောဆိုနေလျှင် အမ်ဘုံဟာ မျက်ရည်တွေ ရစ်သိုင်းလာရင်းက ...

"သမီးကို နားလည်ပေးပါ မေမေ၊ သမီး ညိုချောကိုချစ်ပါတယ်။ အချစ်ကို ကိုးကွယ်တာ မဟုတ်ပေမယ့် အိမ်ဘုံ သူနဲ့လက်တွဲချင်ပါတယ်၊ သမီး တောင်းပန်ပါတယ် မေမေ၊ ဖေဖေ ... သမီးတို့ကို နားလည်ပေးပါ"





အမ်ဘုံက တောင်းပန်နေပေမယ့် အမ်ဘုံ့ဖေဖေနှင့် မေမေကတော့ ခေါင်းမာစွာ တင်းထားဆဲပဲဖြစ်သည်။

"အမ်ဘုံ ... သမီး တကယ်ဆုံးဖြတ်ပြီးပြီလား"

"ဟုတ်ကဲ့ ဖေဖေ၊ သမီးကို ခွင့်လွှတ်ပါ"

ဖေဖေသည် အမ်ဘုံရဲ့ခေါင်းလေးကို အသာပွတ်သပ်ပေးပြီးနောက်မှာ သက်ပြင်းတစ်ချက် ချလိုက်ပြီး မေမေ့ဘက်သို့ လှည့်လိုက်ကာ ...

"မင်းသမီးကို အလျှော့ပေးလိုက်တော့ အမွှေ၊ ညိုချော ဆိုတာကလည်း ငါမွေးခဲ့တဲ့ ငါ့တပည့်ရင်းပဲလေ။ ရိုးသား ကြိုးစားတဲ့ ကလေးတစ်ယောက်ပါ ...

ညိုချော ... မင်း ငါ့သမီးကို တစ်သက်လုံး စောင့်ရှောက်နိုင်ရဲ့လား၊ ပြီးတော့ ငါ့သမီးကို စိတ်ချမ်းသာအောင် ထားနိုင်ရဲ့လား"

ညိုချောသည် အရမ်းကို ပျော်ရွှင်ကာ ခေါင်းတွေ တရစပ် ညိတ်ပြရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ဆရာကြီး၊ ကျွန်တော် အမ်ဘုံ့ကို ဘယ်တော့မှ စိတ်မဆင်းရဲစေရပါဘူး၊ သူ့ကို ကျွန်တော် မြတ်မြတ်နိုးနိုးနဲ့ စောင့်ရှောက်ပါမယ်"

"ကောင်းပြီ ညိုချော။ မင်းကို ငါ့သမီးနဲ့ လုံးလုံးလျားလျားကြီးတော့ သဘောမတူပေးနိုင်ဘူးနော်၊ မင်းအခြေအနေကို ငါတို့ စောင့်ကြည့်မယ် ...

လောလောဆယ်တော့ မင်းတို့ကို လက်ထပ်ခွင့် မပြုနိုင်သေးဘူး"

"ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော် လက်ခံပါတယ်"

အမ်ဘုံသည် ဖေဖေနှင့် မေမေကို ဖက်လိုက်ရင်း ကျေးဇူးတင်ကြောင်းကို မျက်ရည်လည်မတတ် ပြောပြဖြစ်ပါသည်။

"ကျေးဇူးတင်ပါတယ် ဖေဖေနဲ့ မေမေ၊ သမီးကြောင့် ဖေဖေနဲ့မေမေတို့ မခံစားကြပါနဲ့နော်"

သူကပါထ၍ ဖေဖေနှင့်မေမေ့ကို ကတိကဝတ်ပြုလေသည်။





"စိတ်ချပါ ဆရာကြီးနဲ့ ဆရာကြီးကတော်၊ အမ်ဘုံ့ကို ဘယ်တော့မှ စိတ်မဆင်းရဲစေရပါဘူး"

အဲဒီကတိကြောင့် အမ်ဘုံသည် သူ့ဘက်သို့လှည့်ကာ confirm ဖြစ်အောင် မေးလိုက်လေသည်။

"တကယ်ပြောတာနော် ညိုချော"

"စိတ်ချပါ မြို့သူ၊ ကိုယ် မင်းကို ဘယ်တော့မှ စိတ်ဆင်းရဲအောင် မလုပ်ပါဘူး။ မြို့သူ အားကိုးရမယ့် လူဖြစ်အောင် ကိုယ် ကြိုးစားမယ်၊ အဲဒါ ကိုယ်ကတိပေးတယ်"

အဲဒီကတိအတိုင်း တည်မယ်ဆိုတာ အမ်ဘုံက ယုံကြည်နေပါသည်။

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com







# ယုံကြည်မှု၏နောက်အပိုင်း
(သို့)
ငွေတောင်ပြည်ကမြို့သူနှင့်
ချစ်ခွင့်ရခဲ့ပုံ

www.burmeseclassic.com

www.burmeseclassic.com



## ၁၄

BURMESE CLASSIC .com

"မြို့သူ .... ဒါက ကိုယ့်ရဲ့လက်ဆောင်"

သူသည် သူချစ်ရတဲ့ကောင်မလေးရဲ့ လက်ကလေးကို ခပ်ဖွဖွဆုပ်ကိုင်ကာ သူ့ရဲ့ငွေရောင်မောင်းကွင်းလက်စွပ်လေးကို အမ်ဘုံရဲ့ ညာဘက်လက်သူကြွယ်မှာ ဝတ်ဆင်ပေးလိုက်လေသည်။

သူ့ရဲ့ချစ်သက်လက်ဆောင်အတွက် အမ်ဘုံက ပြုံးပြုံးလေးပဲ တုံ့ပြန်ပါသည်။

"ကျေးဇူးတင်ပါတယ် ကို ... ကို့လက်ဆောင်ကို ကျွန်မ တန်ဖိုးထားပါ့မယ်"





သူတို့နှစ်ယောက် ချစ်သူတွေဖြစ်သွားပြီးကတည်းက အမ်ဘုံက သူ့ကို "ကို"ဟု ပြောင်းခေါ်ပါသည်။ သူတို့ရဲ့အချစ်ဟာ စာတင်လောက်သည်ဟု ပြောရပေမည်။ အခုဆို သူတို့အတွက် ကံကောင်းခြင်းအချိန်ကာလကို ဆိုက်ရောက်လာပြီဖြစ်သည်။ သူ့ရဲ့ကြိုးစားမှုရယ်၊ မြို့သူကို ချစ်တဲ့စိတ်ရယ် အဲဒီနှစ်ခုကြောင့် သူ့လုပ်ရပ်တွေ အရာထင်လာခဲ့ပါသည်။ နိုင်ငံခြားကုမ္ပဏီတစ်ခု၏ ခန့်ခွဲမှုဖြင့်ဖွင့်ထားသော **management** သင်တန်းမှာ သူဟာ အမှတ်အများဆုံး ရခဲ့တာကြောင့် နိုင်ငံခြားမှာ **MBA** ယူဖို့အတွက် **Full schorlarship** ရခဲ့ပါသည်။

သူ့အောင်မြင်မှုအတွက် သူဟာ အရမ်းကျေနပ်ရသလို အမ်ဘုံကလည်း သူ့အောင်မြင်မှုအတွက် ပီတိဖြာပေးပါသည်။ အဲဒါထက် ပိုပျော်စရာကောင်းသည်က ဆရာကြီးဟာ သူ့ကို အမ်ဘုံနှင့် လုံးလုံးလျားလျား သဘောတူလိုက်ပြီဖြစ်သည်။

"မြို့သူကို ကိုယ်သိပ်ချစ်တယ်၊ မြို့သူ ဂုဏ်မငယ်ရအောင် ကိုယ် ကြိုးစားနေတယ်။ ကိုယ့်ဘဝမှာ မြို့သူနဲ့ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရည်ရွယ်ထားတာတွေ အများကြီးရှိတယ်၊ အဲဒီရည်ရွယ်တာတွေအတွက် မြို့သူ ကိုယ့်ဘေးနားမှာ အမြဲတမ်းရှိနေပေးပါနော်”

သူက အမ်ဘုံ့လက်ဖဝါးလေးတွေကို ခပ်တင်းတင်း ဆုပ်ကိုင်ထားလျက် အမ်ဘုံ့ကို ချစ်စကားဆိုလေသည်။ အမ်ဘုံသည် သူ့ရဲ့မျက်နှာကို ငေးစိုက်ကြည့်နေရင်းက ရင်တွေခုန်လို့ လာခဲ့သည်။

“မြို့သူ ... ဖြေလေကွာ”

သူက အမ်ဘုံ့ပခုံးကို မှီလာလျက် ချော့ချို့ချိုပြောလေလျှင် အမ်ဘုံက သူ့နဖူးလေးကို လက်ဖြင့်ဖွဖွပွတ်ပေးကာ ခပ်တိုးတိုးလေး ဖြေလိုက်လေသည်။

“ကို့ရဲ့ နဖူးပေါ်မှာရေးထားတဲ့စာက တစ်ကြောင်းတည်းရယ်။ အမ်ဘုံမိုးမြတ်တဲ့။ ကိုယ့်နဖူးစာကိုက ကျွန်မဖြစ်နေတဲ့ဟာကို ဘယ်လိုနည်းနဲ့မှကို ဘေးနားက ထွက်မသွားဘူး”



BURMESE CLASSIC .com



သူက အမ်ဘုံရဲ့စကားကို အရမ်းဟာတ်ထိသွားဟန်ဖြင့် ပီတိတွေ အရမ်းဖြာနေသော လင်းလက်မျက်ဝန်းတို့ဖြင့်ကြည့်ကာ ...

“အရမ်းချစ်တယ် မြို့သူရယ်”

သူဟာ အဲဒီလိုပြောပြီးနောက်မှာတော့ အမ်ဘုံ့ကို နဖူးချင်း တိုက်လိုက်လေသည်။

ငွေတောင်ပြည်ကလာတဲ့ ဒီမြို့သူလေးကိုဖြင့် သူဟာ အသည်းခိုက်အောင် ချစ်ရပါသည်။

အဲဒီလို ချစ်ရလွန်းလို့လည်း ဘဝမှာ အမ်ဘုံရဲ့ချစ်သူ တာဝန်ကိုသာမက သက်တော်စောင့်တာဝန်ပါ ယူထားတာဖြစ်သည်။

အချစ်ဟာ သူ့ရဲ့ဘဝအတွက်တော့ နတ်သမီးတွေနေသည့် ငွေတောင်ပြည်ကလိုပဲ ခမ်းနားလှပါသည်။

အဲဒီ ငွေတောင်ပြည်မှာ နေထိုင်သော မြို့သူတစ်ဦးဖြစ်သည့် အမ်ဘုံကို သူက သိပ်ချစ်သည့်အတွက် အမ်ဘုံကို



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း ကာကွယ်စောင့်ရှောက်ကာ အတိုင်းထက်အလွန် ချစ်မြတ်နိုးသွားမည်ဖြစ်ကြောင်း သုခနှမင်းသားနှင့် ဒွေးမယ်နော်ကို သက်သေပြုဝတိုင်တည်ကာ ကျိန်ဆိုရပါသည်။ ။

✧ ❦ ✧

•ကျေးဇူးတင်စွာဖြင့်

**မယ်မင်းဘုံ**

17 - Apr - 2011 (SUN)

10: 11 P.M

(နှစ်ဆန်းတစ်ရက်နေ့)

BURMESE CLASSIC .com

www.burmeseclassic.com